# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**


**ခိုင်မာမြဲမြံစွာရပ်တည်နိုင်**

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့ လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့ လည်းကောင်း ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော် ပူဇော်ကန်တော့ရာ၏။

အရဟန္တဝဂ်(ဓမ္မပဒ-၉၅)


၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက် | ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၂၉ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ် (၃၃၁)


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး ထွက်ခွာ

**ကတ္တမန္ဒူး ဩဂုတ် ၂၈**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့သည် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာဒေဗီဘန်ဒါရီ၏ ဖိတ်ကြားချက်အရ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ကျင်းပသည့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်နှင့် တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့ မွန်းလွဲ ၁ နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာသည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်

*စာမျက်နှာ ၃ ကော်လံ ၁* ❍

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာပွဲတော် တက်ရောက်

**ရန်ကုန် ဩဂုတ် ၂၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီက ကြီးမှူးကျင်းပသည့် ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာပွဲတော်ကို တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကရင်အမျိုးသားအစည်းအရုံး-KNU (ဗဟို) ဒုတိယဥက္ကဋ္ဌ ဖဒိုစောကွယ်ထူးဝင်း တို့က ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာ

*စာမျက်နှာ ၄ ကော်လံ ၁* ✤



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို တို့အား နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်စဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာပွဲတော်တွင် ခင်းကျင်းပြသထားသည့် ကရင်ရိုးရာ ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်

## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ ကျင်းပ

*ပြည်ထောင်စုလွှတ်တော်၊ စာ - ၁၀*



## အမေရိကန်သမ္မတနှင့် ဂျာမနီဝန်ကြီးချုပ်တို့ ဆီးရီးယားအရေး တယ်လီဖုန်းဖြင့် ဆွေးနွေး

*နိုင်ငံတကာသတင်း၊ စာ - ၁၄*




KBZ BANK
STRENGTH OF MYANMAR
'BANK OF THE YEAR IN MYANMAR 2017'
Awarded by Financial Times (The Banker)

မြန်မာ့အလင်း

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ စီးပွားရေးလုပ်ငန်းများဆိုင်ရာ အတွေးအမြင်များ

မြန်မာနိုင်ငံကဲ့သို့သော ဖွံ့ဖြိုးတိုးတက်စနိုင်ငံများအတွက် တိုင်းပြည်၏ ပုဂ္ဂလိကစီးပွားရေးကဏ္ဍက အထူးအရေးပါသည်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတွင် အလေးအနက်ထား ပြောကြားခဲ့ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပုဂ္ဂလိကစီးပွားရေးကဏ္ဍ၏ ဆောင်ရွက်မှုတို့သည် ဒီမိုကရေစီစနစ်နှင့် ကိုက်ညီရန်လိုအပ်သည်ကိုလည်း ထောက်ပြခဲ့ပါသည်။ ဒီမိုကရေစီနှင့်ကိုက်ညီသော စီးပွားရေးစနစ်ဟူသည် နိုင်ငံတော်အစိုးရသည် မိမိတာဝန်မိမိ ကျေပွန်အောင်ဆောင်ရွက်သကဲ့သို့ ပြည်သူတို့အပါအဝင် စီးပွားရေး လုပ်ငန်းရှင်များကလည်း မိမိတာဝန်မိမိကျေပွန်အောင်ဆောင်ရွက်ခြင်းဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အဓိပ္ပာယ်ဖွင့်ဆိုရှင်းလင်းတင်ပြခဲ့ပါသည်။

အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူကင်းရှင်းမှသာ နိုင်ငံ၏ စီးပွားရေးဂုဏ်သိက္ခာမြင့်မားမည်ဖြစ်သကဲ့သို့ ဤသို့ ဂုဏ်သိက္ခာမြင့်မားမှုလည်း ကမ္ဘာက မြန်မာနိုင်ငံ၌ ယုံကြည်စွာရင်းနှီးမြှုပ်နှံချင်စိတ်ဖြစ်မည်ကိုလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မှန်ကန်စွာထောက်ပြခဲ့ပါသည်။ အလားတူပင် တင်ဒါစနစ်၌ ကျစ်လျစ်ခိုင်မာပြည့်စုံသော ညွှန်ကြားချက်တို့ ထုတ်ပြန်နိုင်ရေးနှင့် ကြိုးနီစနစ်လျှော့ချနိုင်ရေးတို့ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က လမ်းညွှန်ပြောကြားခဲ့ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေးသြဇာသည် ဓနအင်အားအပေါ် မူတည်နေသည်ဖြစ်၍ ဤသြဇာအင်အားနှင့်အတူ နိုင်ငံ၏ လူအင်အား၊ ဉာဏ်အင်အားတို့ မြင့်မားလာရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များက ကူညီကြပါရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပန်ကြားခဲ့ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် စီမံချက်တစ်ရပ်အား ၂၀၁၈ ခုနှစ်မှ ၂၀၃၀ ခုနှစ်အတွင်း ဆောင်ရွက်ရန် ရည်မှန်းထားသည်ကိုလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တင်ပြခဲ့ပါသည်။

တိုင်းပြည်၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အကြီးမားဆုံး အဟန့်အတားဖြစ်သည့် ဌာနများအကြား၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရနှင့် ဗဟိုအကြား၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်းအား အမြန်ဆုံးကျော်လွှားနိုင်ရန် အမျိုးသားစီးပွားရေးညှိနှိုင်းမှုကော်မတီ (National Economic Coordination Committee-NECC) ဖွဲ့စည်းလုပ်ကိုင်နေခြင်းကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မီးမောင်းထိုးတင်ပြ ခဲ့ပါသည်။ နိုင်ငံအောင်မြင်မှသာ အစိုးရအောင်မြင်မည်ဖြစ်၍ အစိုးရကို မအောင်မြင်စေလိုသော စိတ်သဘောထားတို့သည် တိုင်းပြည်နှင့် လူမျိုးအတွက် အကျိုးမဲ့စေသည်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ထောက်ပြဆွေးနွေးခဲ့ပါသည်။ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးသည် တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်ဖြစ်၍ ရခိုင်ပြည်နယ်အရေးကိစ္စအပါအဝင် တိုင်းပြည်၏ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြသော စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူတို့အား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က လေးလေးနက်နက် အသိအမှတ်ပြု ပြောကြားခဲ့ပါသည်။

ပြည်သူလူထု၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တောရွာများတွင် နေထိုင်ကြသူများဖြစ်၍ လယ်ယာစိုက်ပျိုးရေးအပေါ် အခြေခံသော ခေတ်မီစက်မှုနိုင်ငံထူထောင်နိုင်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံဆောင်ရွက်ကြရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က လှုံ့ဆော်ဆွေးနွေး တင်ပြခဲ့ပါသည်။ ဤကဲ့သို့ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်ကြရာ၌ သုတေသနနှင့် ဉာဏ်ပညာအင်အားတို့သည်လည်း အရေးပါသည်ဖြစ်၍ သုတေသနနှင့် ဉာဏ်ပညာအင်အားတို့ တိုးပွားရေးအတွက် အာရုံစိုက်ဆောင်ရွက်ကြပါရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က စီးပွားရေးလုပ်ငန်းရှင်များကို တိုက်တွန်းပြောကြားခဲ့ပါသည်။ တိုင်းပြည်နှင့် လူမျိုးအတွက် လူတိုင်းလူတိုင်း၌ လုပ်ကိုင်နိုင်သော အရည်အချင်းရှိသကဲ့သို့ လူတိုင်းလူတိုင်း၌လည်း လုပ်ပေးရမည့် တာဝန်ရှိသည်ဟူသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ခံယူချက်သည် နိုင်ငံသူ နိုင်ငံသားတိုင်းက အလေးအနက်ခံယူကျင့်ကြံရမည့် ခံယူချက်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် တရုတ်-မြန်မာ နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လွှတ်တော်၏ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန် အား လက်ခံ တွေ့ဆုံစဉ်။ သတင်းစဉ်

# ရေဘေးသင့် ပြည်သူများအတွက် အလှူငွေများလှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၈**

မြန်မာနိုင်ငံ၏ ဒေသအချို့တွင် ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ရေဘေးဒုက္ခခံစားခဲ့ရသော ပြည်သူများကို စာနာထောက်ထားခြင်းဖြင့် Myanmar Business Central Corporation Co.,Ltd က အလှူငွေကျပ် ၄၂၅၅၀၀၀ ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ လူမှုဝန်ထမ်းဦးစီးဌာနရုံးတွင် လာရောက်ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Ichiro MARUYAMA အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ ဂျပန်နိုင်ငံက ကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့်နယ်မြေများ၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံက ကူညီဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် တပ်မတော်နှစ်ရပ်အကြားချစ်ကြည် ရင်းနှီးမှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်သတင်းစဉ်၏ ထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H. E. Mr. Ichiro MARUYAMA အား လက်ခံတွေ့ဆုံစဉ်။ (တပ်မတော်သတင်းစဉ်)

# မန္တလေးမြို့ သစ်ပင်ဒါယကာကြီး ဦးငွေအထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပွဲ ရတနာပုံတက္ကသိုလ်တွင် ကျင်းပမည်

**မန္တလေး ဩဂုတ် ၂၈**

မန္တလေး အောင်မြေသာစံမြို့နယ် ၂၆ လမ်းနှင့် ၈၂ လမ်းထောင့်ရှိ ဇာတိမာန်လူငယ်စာဖတ်အသင်းကကြီးမှူးပြီး မန္တလေးမြို့မှ လူမှုရေးအဖွဲ့အစည်းများ စုပေါင်းပြုလုပ်မည့် မြို့အနှံ့ဆိုက်ကားတစ်စီးဖြင့် အသက်ထက်ဆုံးအရိပ်ရအပင်များ စိုက်ပျိုးခဲ့သော ဦးငွေအထိမ်းအမှတ် အမှတ်တရစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို စက်တင်ဘာ ၈ ရက် နံနက် ၈ နာရီတွင် ရတနာပုံတက္ကသိုလ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအသင်းအနေဖြင့် ၂၀၁၁ ခုနှစ်မှစတင်၍ ဦးငွေအမှတ်တရ စုပေါင်းသစ်ပင်စိုက်ပွဲများကို နှစ်စဉ်ကျင်းပခဲ့ကြောင်း၊ နန်းရှေ့ကုသိုလ်ကျန်းမာပျော်ရွှင်အဖွဲ့နှင့် လူမှုရေးအဖွဲ့အစည်းများ ပါဝင်စိုက်ပျိုးခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း ကာဗွန်လျှော့ချရေးအစီအစဉ်အဖြစ် ဈေးချိုနာရီစင်မှ ရတနာပုံတက္ကသိုလ်သို့ စက်ဘီးနှင့် ဆိုက်ကားများဖြင့် နံနက် ၆ နာရီခွဲတွင် သွားရောက်မည်ဖြစ်ကြောင်း၊ ရတနာပုံတက္ကသိုလ်ရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များနှင့် ခြေလျင်တောင်တက်အသင်းတို့ကလည်း ယခုနှစ်တွင် ပူးပေါင်းပါဝင်မည်ဖြစ်ကြောင်း၊ အရိပ်ရပင်၊ စားပင် ၃၀၀ ကျော် စိုက်ပျိုးရန် စီစဉ်ထားကြောင်း သိရသည်။

ပါဝင်ဆင်နွှဲလိုသူများနှင့် လှူဒါန်းလိုသူများ ဖုန်း ၀၉-၄၄၄၀၃၅၈၂၅ သို့ ဆက်သွယ်နိုင်ကြောင်း၊ ပါဝင်ဆင်နွှဲသူများအား ဦးငွေအမှတ်တရတီရှပ်များ၊ လက်ကမ်းစာစောင်များနှင့် စာအုပ်များ အခမဲ့ပေးဝေမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။ သတင်းစဉ်

❍ *ရှေ့စာမျက်နှာမှ*

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ မြန်မာနိုင်ငံဆိုင်ရာ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Raju K.C နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**တာဝန်ရှိသူများလိုက်ပါ**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့နှင့်အတူ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုနှင့် အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ ကတ္တမန္ဒူမြို့ ထရီဘူဗန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး သီရိပျံချီ ဦးထွန်းနေလင်းနှင့် နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံတမန်ရေးရာဌာန အကြီးအကဲ Mr. Deepak Adhikari တို့က လေယာဉ်ပေါ်၌ ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

**ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းခံယူ**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ထရီဘူဗန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ အလေးပြုခံ စင်မြင့်သို့ ရောက်ရှိရာ နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Ishwor Pokhrel က ကြိုဆိုနှုတ်ဆက်ပြီး နိုင်ငံတော်သမ္မတနှင့် နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့သည် နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် Soaltee Crown Palaza Hotel သို့ ရောက်ရှိကြသည်။

**တွေ့ဆုံ**

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့သည်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား နီပေါဒုတိယဝန်ကြီးချုပ် Mr. Ishwor Pokhrel က ထရီဘူဗန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ အလေးပြုခံစင်မြင့်၌ ကြိုဆိုနှုတ်ဆက်စဉ်။ သတင်းစဉ်

မော်တော်ယာဉ်များဖြင့် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ မြန်မာသံရုံးသို့ ရောက်ရှိပြီး နီပေါ - မြန်မာ ချစ်ကြည်ရေးအသင်းနှင့် နီပေါ - မြန်မာ ကုန်သည်ကြီးများအသင်းတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံသည်။

ဆက်လက်၍ နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့် တွေ့ဆုံပြီး လိုအပ်သည်များကို မှာကြားသည်။

**ညစာစားပွဲသို့ တက်ရောက်**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချိုနှင့် အဖွဲ့သည် နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သီရိပျံချီ ဦးထွန်းနေလင်းနှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နီပေါ - မြန်မာ ချစ်ကြည်ရေးအသင်းနှင့် နီပေါ - မြန်မာ ကုန်သည်ကြီးများအသင်းတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံစဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၂၈** မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေမြောက်ပိုင်းနှင့် အနောက်ဘင်္ဂလားကမ်းခြေအနီးတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ ဩရိဿမြောက်ပိုင်းကမ်းခြေကို ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

✤ *ရှေ့ဖုံးမှ*

ပွဲတော်ကို ဖားစည်တီး၍ ဖွင့်လှစ်ပေးသည်။

**မတူကွဲပြားမှုကို စုပေါင်း**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အမှာစကား ပြောကြားရာတွင် ယခုလို မိမိတို့ကို ဖိတ်ကြားသည့်အတွက် အလွန်ကျေးဇူးတင်ပါကြောင်း၊ ယခုပွဲကို လူငယ်များက ဦးဆောင်ပြီး ကျင်းပသည်ဟု သိရှိရသဖြင့် အင်မတန်မှ အားရပါကြောင်း၊ မိမိတို့နိုင်ငံ၏ အနာဂတ်အတွက် မျှော်လင့်ချက်များ ပေးသည်ဟု ယူဆပါကြောင်း၊ ယခုခေတ်ကြီးတွင် စိတ္တဗေဒပညာရှင်များက လူသားများ၏ စိတ်ဓာတ်သည် အမုန်းစိတ်ကို ဆွသည့်အခါ ပိုပြီးတော့ ကြွလွယ်သော်လည်း မေတ္တာတရားကို ဆွသည့်အခါ တော်ရုံတန်ရုံနှင့် မကြွဘူးဟု ပြောပါကြောင်း၊ ဤလိုပွဲတော်မျိုးသည် မေတ္တာတရား၏ အင်အားကိုပြသသည်ဟု မြင်ပါကြောင်း၊ မတူကွဲပြားမှုကို စုပေါင်းပြီး မိမိတို့ ညီညီညွတ်ညွတ်၊ ပျော်ပျော်ရွှင်ရွှင် ဘယ်လိုနေနိုင်မလဲ လမ်းပြသည်ဟု ယူဆပါကြောင်း၊ ပွဲတော်နှင့်ပတ်သက်၍ မိမိ ဖတ်ရသလောက် ဤပွဲတော်သည် ကရင်တိုင်းရင်းသားတို့၏ ရိုးရာအရ လိပ်ပြာများကိုပြန်ခေါ်ခြင်း၊ ကွဲပြားသွားသည့် လူမျိုးစုများ တစ်ယောက်နှင့်တစ်ယောက် သိရအောင် ချည်ဖြူလေးများပတ်ပြီး တစ်ယောက်နှင့်တစ်ယောက် သိအောင်လုပ်ခြင်း၊ ဘယ်ဘက်ကပဲကြည့်ကြည့် ပြန်လည်ပေါင်းစည်းမှုကို ကိုယ်စားပြုပါသည်ဟု မိမိ ယူဆပါကြောင်း၊ လိပ်ပြာများသည် ပျံ့လွင့်သွားသည့် မိမိတို့၏ တိုင်းရင်းသား ညီအစ်ကို မောင်နှမများကို ပြန်ပြီးစုသည်ပဲဖြစ်ဖြစ်၊ ကွဲကွာသွားသည့် ကိုယ့်ဆွေမျိုးမောင်နှမများကို ပြန်ပြီး တွေ့ရသည်ပဲဖြစ်ဖြစ် ဒါသည် စုစည်းခြင်း၏ သင်္ကေတပဲ ဖြစ်ပါကြောင်း။

**တစ်ဦးချင်း တာဝန်ရှိ**

မိမိတို့နိုင်ငံသည် တိုင်းရင်းသားပေါင်းများစွာနှင့် စုဖွဲ့ထားသည့် ပြည်ထောင်စုကြီး ဖြစ်ပါကြောင်း၊ ဤပြည်ထောင်စုကြီး မပြိုကွဲရေးအတွက်၊ ပြည်ထောင်စုကြီး တိုးတက်ရေးအတွက် မိမိတို့အားလုံး တစ်ဦးချင်း၊ တစ်ဦးချင်းမှာ တာဝန်ရှိပါကြောင်း။

**တစ်ဦးနှင့်တစ်ဦး ပိုပြီးနားလည်**

ယခုလို ရိုးရာပွဲတော်များကို များများကျင်းပစေချင်ပါကြောင်း၊ ထိုသို့ ကျင်းပခြင်းအားဖြင့် တစ်ဦးနှင့်တစ်ဦး ပိုပြီးနားလည်ပြီး တစ်ဦးကိုတစ်ဦး ပိုပြီးလေးစားသည့်စိတ်၊ ချစ်ခင်သည့်စိတ်များ ပွားများအောင်လည်း လုပ်ပေးစေချင်ပါကြောင်း။

**ငြိမ်းချမ်းရေးကို လိုလားတောင့်တ**

မိမိတို့ ငြိမ်းချမ်းရေးလမ်းကို လျှောက်နေသည့်အခါ ငြိမ်းချမ်းရေးလမ်းကို အောင်မြင်အောင် ကူညီပေးသည့် ကရင်တိုင်းရင်းသားခေါင်းဆောင်ကြီးများကို ကျေးဇူးတင်သည်ဟု မိမိ ပြောလိုပါကြောင်း၊ နှစ်ပေါင်းများစွာ လက်နက်ကိုင်တိုက်ခိုက်သည့် လမ်းကိုရွေးချယ်ပြီးမှ ငြိမ်းချမ်းရေးလမ်းဘက်ကို ရွှေ့ရခြင်းမှာ လွယ်ကူသည့်ကိစ္စ မဟုတ်ပါကြောင်း၊ သတ္တိလည်းလိုသလို စိတ်ဓာတ်ခိုင်မာမှုလည်း လိုပါကြောင်း၊ ယခုလို လုပ်ရဲသည့်သတ္တိ၊ လုပ်ချင်သည့် စေတနာပါသော ကရင်အမျိုးသားခေါင်းဆောင်ကြီးများ၊ တိုင်းရင်းသားခေါင်းဆောင်ကြီးများကို ကျေးဇူးတင်သည်ဟု မိမိ ပြောလိုပါကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ် အောင်မြင်အောင် ဝိုင်းပြီးလုပ်ပေးနေသည့် အခြားခေါင်းဆောင်များကိုလည်း ကျေးဇူးတင်ပါကြောင်း၊ မိတ်ဆွေများကိုလည်း ကျေးဇူးတင်ပါကြောင်း၊ အထူးသဖြင့် ငြိမ်းချမ်းရေးကို လိုလားတောင့်တပြီး ဝိုင်းဝန်းဖေးမပေးနေသည့် ပြည်သူလူထုအားလုံးကို ကျေးဇူးတင်ပါကြောင်း။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာပွဲတော်တွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်



ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာပွဲတော်သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ သတင်းစဉ်



ကရင်အမျိုးသားအစည်းအရုံး-KNU (ဗဟို) ဒုတိယ ဥက္ကဋ္ဌ ဖဒိုစောကွယ်ထူးဝင်း အမှာစကားပြောကြားစဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တာဝန်ရှိသူများ ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာပွဲတော်သို့ တက်ရောက်စဉ်။ သတင်းစဉ်

ထမင်းလက်ဆုံစားခြင်းမှာ အရေးကြီးသည့်ကိစ္စ ဖြစ်ပါကြောင်း၊ ထမင်းလက်ဆုံစားခြင်းသည် အားလုံးအတူတူ အေးအတူ ပူအမျှ ဆက်ပြီးသွားမည်ဆိုသည်ကို ပြခြင်းအပြင် မိတ်ဆွေဖွဲ့ရန် အခွင့်ကောင်းကြီးတစ်ခု ဖြစ်ပါကြောင်း၊ ထမင်းစားရင်းသောက်ရင်း၊ ထမင်းလက်ဆုံစားရင်းနှင့် ပြောသည့်စကား၊ တစ်ဦးနှင့်တစ်ဦး ဖလှယ်သည့် အမြင်များသည် အစည်းဝေးခန်းမထဲတွင် ပြောသည့်စကားများ၊ ဖလှယ်သည့် အမြင်များနှင့် မတူပါကြောင်း၊ တစ်ခါတလေ အစည်းဝေးခန်းမထဲမှာ မပြောနိုင်သည့်ကိစ္စများကို ထမင်းစားပွဲဝိုင်းတွင် ပြော၍ရပါကြောင်း၊ ထို့ကြောင့် ထမင်းလက်ဆုံစားရန်မှာ မိမိတို့အားလုံးအတွက် အင်မတန်အရေးကြီးသည့် လုပ်ငန်းကြီးတစ်ခု ဖြစ်ခြင်းကြောင့် ကရင်ရိုးရာ ထမင်းစားပွဲ၌ မိမိတို့ပါဝင်ရမည့်အတွက်လည်း အင်မတန် ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း၊ ချည်ဖြူဖွဲ့ပွဲ အခမ်းအနားကို နှစ်တိုင်းနှစ်တိုင်း ယခုလို အောင်အောင်မြင်မြင်၊ ပျော်ပျော်ရွှင်ရွှင်၊ ညီညီညွတ်ညွတ်ဖြင့် ဆက်ပြီးကျင်းပသွားနိုင်ပါစေဟု ဆုတောင်းမေတ္တာပို့ရင်း နိဂုံးချုပ်ပါကြောင်း ပြောကြားသည်။

**လူမျိုးတစ်မျိုးဖြစ်တည်မှုကို ဖော်ညွှန်း**

ထို့နောက် ကရင်အမျိုးသားအစည်းအရုံး - KNU ( ဗဟို) ဒုတိယဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ဝါခေါင်လ ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာပွဲတော်သည် ကရင်အမျိုးသားများ၏ ရိုးရာထုံးတမ်းအစဉ်အလာတစ်ရပ် ဖြစ်ပါကြောင်း၊ ကရင်အမျိုးသား၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် တိုးတက်ရှင်သန်စေသည့်

*စာမျက်နှာ ၅ သို့*



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လူငယ်အဖွဲ့များနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

*စာမျက်နှာ ၄ မှ*

မင်္ဂလာပွဲတော်ကြီးလည်း ဖြစ်ပါကြောင်း၊ လူမျိုးတိုင်းတွင် လူမျိုးတစ်မျိုးဖြစ်တည်မှုကို ဖော်ညွှန်းသည့် သီးခြားဂုဏ်အင်္ဂါလက္ခဏာရပ်များဖြစ်သည့် သမိုင်းစာပေ၊ စကား၊ ရိုးရာယဉ်ကျေးမှု ထုံးတမ်းဓလေ့တို့ ရှိကြပါကြောင်း၊ မိမိတို့အမျိုးသားများ၏ သီးခြားဂုဏ်အင်္ဂါ လက္ခဏာရပ်များ ရှင်သန်ပြီး ဖွံ့ဖြိုးတိုးတက်လာရေးအတွက် သက်ဆိုင်ရာလူမျိုးများ၏ အမျိုးသားတစ်ဦးစီက မိမိသက်ဆိုင်ရာအမျိုးသား၏ ဂုဏ်အင်္ဂါလက္ခဏာရပ်များကို တန်ဖိုးထားမှုနှင့် နေ့စဉ်ကျင့်သုံးရန် လိုပါကြောင်း၊ ထို့အတူ သက်ဆိုင်ရာ နိုင်ငံ၊ အစိုးရကလည်း လူမျိုး၏ ဂုဏ်အင်္ဂါလက္ခဏာရပ်များကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရန် လိုအပ်ပြီး လက်တွေ့ကျသည့် ဥပဒေပြဋ္ဌာန်းခြင်းဖြင့် အကာအကွယ်ပေးခြင်း၊ ကျင့်သုံးမှုပြုခြင်း၊ လိုအပ်သည့်ပံ့ပိုးမှုများ ပေးအပ်ခြင်းသည်လည်း အလွန်အရေးကြီးပါကြောင်း၊ ရှင်သန်ပြီး ဖွံ့ဖြိုးတိုးတက်သည့် ကရင်လူမျိုးအဖြစ် ရပ်တည်နိုင်ရန်အတွက် ယနေ့ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာပွဲတော်ကြီးတွင် လာရောက်စုရုံးကြသည့် ကရင်အမျိုးသားများနှင့်တကွ နေရာဒေသ အသီးသီးရှိ ကရင်အမျိုးသားများအားလုံး စည်းလုံးညီညွတ်မှုဖြင့် မိမိတို့ကရင်အမျိုးသားများ၏ ဂုဏ်အင်္ဂါလက္ခဏာရပ်များနှင့် ရိုးရာဓလေ့ ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းမြှင့်တင်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ကရင်အမျိုးသားအစည်းအရုံး-KNU (ဗဟို) ဒုတိယဥက္ကဋ္ဌ ဖဒိုစောကွယ်ထူးဝင်းနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီမှ ဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးများ၊ လူငယ်အဖွဲ့များနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**အမှတ်တရလက်ဆောင်ပေးအပ်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုးက ၁၉၄၈ ခုနှစ် ပုသိမ်ခရိုင် ကွင်းယားကျေးရွာ “ကရင်ဖားစည်ပွဲတော်” တွင် ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီး ဒေါ်ခင်ကြည်နှင့် စောစံဖိုးသင်၏ ဇနီး နော်သိန်းခင်တို့ ကရင်အမျိုးသမီးဝတ်စုံဖြင့် ပါဝင်ဆင်နွှဲခဲ့ကြသည့် ဓာတ်ပုံကို အမှတ်တရလက်ဆောင်ပေးအပ်သည်။

**ချည်ဖြူဖွဲ့ပေး**

ဆက်လက်၍ မောင်မယ်ခုနစ်ဖော်က ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားစတင်ရန်နှင့် ချည်ဖြူဖွဲ့ရန် ဆန်ကောများသယ်ဆောင်လာပြီး အဘိုး၊ အဘွားများက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီး၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ကရင်အမျိုးသားအစည်းအရုံး-KNU ( ဗဟို) ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ချည်ဖြူဖွဲ့ပေးသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ခင်းကျင်းပြသထားသည့် ကရင်ယဉ်ကျေးမှုရိုးရာပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

**အစားအသောက်များ သုံးဆောင်**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ကရင်ရိုးရာ ထမင်း၊ ဟင်းနှင့် အစားအသောက်များကို အတူတကွ သုံးဆောင်ကြသည်။

**စည်ကားသိုက်မြိုက်စွာ ကျင်းပ**

ယနေ့ကျင်းပသည့် ချည်ဖြူဖွဲ့မင်္ဂလာပွဲတော်သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကရင်တိုင်းရင်းသား တစ်သောင်းခွဲခန့် တက်ရောက်ခဲ့ကြပြီး အလံတင်အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက MCC ခန်းမရှေ့ရှိ မြက်ခင်းပြင်တွင် ကျင်းပကာ မွန်းလွဲပိုင်းတွင် ကရင်တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဆိုအကများ၊ ကရင်တိုင်းရင်းသား အနုပညာရှင်များ၏ တေးဂီတဖျော်ဖြေမှုများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**





## ကြည့်ရှုအားပေး

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တာဝန်ရှိသူများ ကရင်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အဆိုအကများအား ကြည့်ရှုအားပေးစဉ်။**

သတင်းစဉ်



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုးက အမှတ်တရလက်ဆောင် ဓာတ်ပုံပေးအပ်စဉ်။** သတင်းစဉ်

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ရန်ကုန်မြို့ရှိ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ၏ ရသစာပေ စကားဝိုင်းကျင်းပ

နေပြည်တော်   ဩဂုတ်   ၂၈

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ရန်ကုန်မြို့ရှိ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ၏ ရသစာပေစကားဝိုင်းကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။**




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ရန်ကုန်မြို့ရှိ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ၏ ရသစာပေစကားဝိုင်း ကျင်းပစဉ်။ သတင်းစဉ်

ရသစာပေစကားဝိုင်းသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဒေါက်တာ ဝင်းမြတ်အေးနှင့် နိုင်သက်လွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်၊ကောလိပ် အသီးသီးမှ ပါမောက္ခချုပ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်ဆိုင်ရာ အဖွဲ့အစည်းများမှ လူငယ်များ တက်ရောက်ကြသည်။

### ပါဝင်ဆွေးနွေး

ရသစာပေစကားဝိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ မောင်ဗိုလ်ဗိုလ်ဟိန်း၊ ရန်ကုန်ပညာရေးတက္ကသိုလ်မှ မောင်အားမာန်ထက်နှင့် မခိုင်ဆွေဇင်သက်၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်မှ မောင်မင်းသန့်ထူး၊ မောင်မင်းအေးချမ်းကိုနှင့် မခန့်ခန့်ချော၊ ရန်ကင်းပညာရေးကောလိပ်မှ မောင်ထက်နိုင်အောင်နှင့် မအေးမင်းသွယ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်မှ မောင်အောင်ကျော်ဆင့်နှင့် မဝင့်မြတ်နိုး၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ မောင်သန့်သူရဇန်နှင့် မရည်မွန်အောင်၊ ရန်ကုန်တက္ကသိုလ်မှ မောင်ကျော်လင်းနှင့် မယွန်းပွင့်မေသူ၊ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်မှ မောင်မင်းခန့်မောင်မောင်၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်မှ မောင်ကောင်းထက်မြက်၊ ဒဂုံတက္ကသိုလ်မှ မောင်ဇော်လင်းနိုင်၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်မှ မသံသာချိုသဲ၊ အမျိုးသားစီမံခန့်ခွဲမှု ဒီဂရီကောလိပ်မှ မအေးစန္ဒာအောင်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှ မချယ်ရတီမြင့်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ မမေရတနာဦးနှင့် ဆေးတက္ကသိုလ်(၂)ရန်ကုန်မှ မသင်းသင်းသော်တို့ ပါဝင်ဆွေးနွေးကြသည်။

### ဗဟုသုတနဲ့ဆိုင်တယ်

ရသစာပေစကားဝိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပထမစပြီး ဆွေးနွေးချင်တာက ဘာဖြစ်လို့ ဒီရသစာပေစကားဝိုင်းကို လုပ်ရတာလဲဆိုတာကို ဆွေးနွေးတာပါ။ သုတစာပေကို ဘာဖြစ်လို့ လူတွေကသင်သလဲ၊ လိုက်စားသလဲဆိုတာ ထူးထူးထွေထွေမေးနေစရာ မလိုဘူး။ ဒါဗဟုသုတနဲ့ဆိုင်တယ်။ နောက်ပြီး တရားဝင် ကိုယ်သင်ရ၊ ကြားရတဲ့ ဘာသာရပ်တွေနဲ့ ဆိုင်တယ်။

အဲဒီတော့ ရသက ပညာရေးကို ဘယ်လိုအထောက်အကူပြုသလဲ။ ကိုယ်သင်နေတဲ့ ပညာတင်မဟုတ်ဘူး၊ လောကအကြောင်းကို သိအောင်လို့ ရသကနေပြီး ဘယ်လိုထောက်ပံ့ ကူညီသလဲဆိုတာကို အဓိကထားပြီး ဆရာဖေမြင့်နဲ့ ကျွန်မနဲ့က ဒီလိုရသစာပေ စကားဝိုင်းလုပ်ဖို့ ဆိုပြီးဆွေးနွေးတာပါ။ ကျွန်မတို့နိုင်ငံဟာ အခုမှ ဖွံ့ဖြိုးတိုးတက်စ နိုင်ငံတစ်ခုဖြစ်တယ်။ နောက်ပြီး ငွေရေးကြေးရေးအရ ခနအင်အားသိပ်ပြီး မကြီးသေးတဲ့ နိုင်ငံတစ်ခုဖြစ်တယ်။ ဒါပေမယ့် လူတိုင်းလူတိုင်း၊ အဖွဲ့အစည်းတိုင်း အဖွဲ့အစည်းတိုင်း၊ အားလုံး အရာတိုင်းအရာတိုင်းမှာ သူ့အင်အားနဲ့သူရှိတယ်။ အားနည်းချက်ရှိတယ်၊ အားသာချက်ရှိတယ်။

### အနုပညာကိုအားပေးချင်တယ်

အခုမှ ဖွံ့ဖြိုးစနိုင်ငံတစ်ခုအနေနဲ့ အင်အားကြီးအောင် ဘယ်လိုအင်အားမျိုးကို ကျွန်မတို့ ပြုစုပျိုးထောင်မလဲဆိုတော့ အခုခေတ်မှာ Soft Power (သိမ်မွေ့တဲ့ အင်အား)ဆိုတာ တကယ်ပြောရမယ်ဆိုရင် အနုပညာအင်အားလို ဟာမျိုးပါ။ အဲဒီတော့ ကျွန်မတို့ အနုပညာကို အားပေးချင်တယ်ဆိုပြီး ဆရာဦးဖေမြင့်နဲ့ ကျွန်မနဲ့ ဆွေးနွေးတယ်။

ဆွေးနွေးတဲ့အခါကျတော့ အားလုံးသိတဲ့အတိုင်း မြန်မာနိုင်ငံမှာသာမက ကမ္ဘာကြီးမှာ သိမ်မွေ့တဲ့အင်အားတစ်ခုနဲ့ လွှမ်းမိုးနေတာက ကိုရီးယားဇာတ်လမ်းတွဲတွေပဲ၊ အဲဒီတော့ ဒီဇာတ်လမ်းတွဲတွေကိစ္စအကြောင်း ဆွေးနွေးရင်းနဲ့ ဘယ်လိုဇာတ်လမ်းတွဲတွေရိုက်ရင်၊ ဘယ်လိုရုပ်ရှင်တွေရိုက်ရင် ကျွန်မတို့ရဲ့ သိမ်မွေ့တဲ့ အင်အားတွေပြရအောင် လုပ်မလဲဆိုတာ ပြောရင်းနဲ့ စာပေအကြောင်း ရောက်လာပါတယ်။ ဘယ်ဝတ္ထုကိုဖြင့် ရုပ်ရှင်ရိုက်ရင်ကောင်းမယ်၊ ဘယ်လိုဒဏ္ဍာရီ ဇာတ်လမ်းတွေကို ဇာတ်လမ်းတွဲဖြစ်အောင်ရိုက်ရင် ကောင်းမယ်ဆိုပြီး အဲဒါတွေ ဆွေးနွေးရင်းနဲ့ ဆရာဦးဖေမြင့်က ရသစာပေနဲ့ပတ်သက်ပြီး လူငယ်တွေနဲ့ ဆွေးနွေးစေချင်တယ်ဆိုတာနဲ့ ဒီစကားဝိုင်းတွေ ဖြစ်လာတာပါ။

### အားလုံးက တူတာတစ်ခုတော့ရှိ

အဲဒီတော့ လူငယ်တွေ တင်ပြထားတဲ့ဟာတွေကို ကြည့်လိုက်တဲ့အခါ ဝါသနာချင်းက မတူဘူး၊ အားလုံးက တူတာတစ်ခုတော့ရှိတယ်၊ အားလုံးက ပြောချင်ကြတဲ့ စိတ်တော့ရှိတယ်၊ ဆွေးနွေးဖို့ပေါ့နော်။

နောက်ပြီးတော့ ဘောင်တစ်ခုကနေပြီး ဖြစ်မြောက်အောင်လုပ်ဖို့ဟာ ဘယ်ဟာအပေါ်မှာ အခြေခံမလဲဆိုတာ စဉ်းစားကြည့်လိုက်တော့ လူငယ်တွေဖတ်ခဲ့တဲ့ စာအုပ်တွေအများစုက စာအုပ် ၁၅ အုပ်၊ ၂၀ ရွေးထားတဲ့အခါကျတော့ အဲဒါ နည်းနည်းစဉ်းစားရတယ်။ ဘာဖြစ်လို့ တစ်ခုတည်းမရွေးနိုင်တာလဲ၊ ကျွန်မတို့ဆိုရင် တစ်ချိန်မှာ အနှစ်သက်ဆုံးစာအုပ် တစ်အုပ်တော့ ရှိတတ်တာပဲ၊ အမြဲဒီစာအုပ်ရယ်လို့တော့ မဟုတ်ဘူး။

### ဆရာမြသန်းတင့်ရဲ့စာအုပ်ကြိုက်

တစ်ချိန်မှာ ဒီစာအုပ်မှ ဒီစာအုပ်ဆိုရင် နောက်ကျတော့လည်း နောက်စာအုပ်တစ်ခု ပြောင်းချင်လည်း ပြောင်းမှာပေါ့။ ဒါပေမယ့် တော်တော်များများသိတဲ့ စာအုပ်တချို့ကို သတိပြုမိတယ်၊ အဲဒါက အခု စကားဝိုင်းတင် မဟုတ်ဘူး၊ မန္တလေးစကားဝိုင်းမှာတုန်းက တော်တော်များများ သဘောကျကြတာက ဆရာမြသန်းတင့်ရဲ့ ခါးတောင်ကိုကျော်၍ မီးပင်လယ်ကို ဖြတ်မည်ဆိုတဲ့ စာအုပ်ကို တော်တော်ကြိုက်ကြတယ်။

*စာမျက်နှာ ၇ သို့*



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်မြို့ရှိ တက္ကသိုလ်များမှ ရသစာပေစကားဝိုင်းတက်ရောက်သည့် ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၆ မှ*

နောက်ပြီးတော့ ဆရာမြသန်းတင့် ဘာသာပြန်ထားတဲ့ လေလွင့်သူ၊ The Catcher in The Rye အဲဒီဟာကိုလည်း ကြိုက်ကြတာ အများဆုံးပေါ့နော်။ နောက်တစ်ခုကတော့ လက်ာဒီပချစ်သူ၊ ဒီစာအုပ်သုံးအုပ်ကို အများဆုံးကြိုက်တယ်လို့ပဲ ပြောရမှာပဲ။ အဲဒီတော့ဘာဖြစ်လို့ ကြိုက်တယ်၊ မကြိုက်တယ်ကို မဆွေးနွေးခင်မှာ ဒီစာအုပ်သုံးအုပ်က ဆက်နွှယ်မှုရှိလားလို့ စဉ်းစားလိုက်တဲ့အခါကျတော့ ဆက်နွှယ်မှုရှိတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဆရာမြသန်းတင့်က လက်ာဒီပ ချစ်သူနဲ့ ပတ်သက်ပြီး အမှာစာ ရေးထားတာရှိတယ်၊ ဆရာမြသန်းတင့်ကနေပြီး လက်ာဒီပချစ်သူနဲ့ ပတ်သက်လို့ သူ့ရဲ့အမြင်ကို ရေးထားတာရှိတယ်။

**သူ့ရဲ့အမြင်တွေကိုဖော်ထုတ်**

နောက်ပြီးတော့ ဆရာမြသန်းတင့်ဟာ သူ့ရဲ့ခြားတောင်ကို ကျော်၍ မီးပင်လယ်ကို ဖြတ်မည်မှာလည်း အမှာစာရေးထားတာရှိတယ်၊ ဆရာမြသန်းတင့်က ဘယ်လိုပြောထားလဲဆိုတော့ ဝတ္ထုထဲမှာဆိုရင် ဇာတ်ဆောင်က လေးယောက်ပဲရှိတယ်၊ ဒီဇာတ်ဆောင် လေးယောက်ကို အသုံးချပြီးတော့ သူ့ရဲ့အမြင်တွေကို သူဖော်ထုတ်ချင်လို့ပါ။ ဒါပေမယ့် မိန့်ခွန်းနဲ့ မတူအောင်လို့၊ ဟောပြောပွဲနဲ့ မတူအောင်လို့ ဒီဇာတ်ဆောင်တွေကိုသုံးပြီး သူ့ရဲ့အမြင်တွေကို ဖော်ပြတယ်ဆိုပြီး ရေးထားတာရှိတယ်။

နောက် လက်ာဒီပချစ်သူနဲ့ ပတ်သက်လို့ ဆရာမြသန်းတင့်က ရာမဇာတ်ကြီးကို ဆွေးနွေးတယ်။ ဘယ်လိုအမြင်ရှိတယ်၊ သမိုင်းအမြင်နဲ့ မြင်တဲ့လူတွေ၊ ဒဿနိကအမြင်နဲ့ မြင်တဲ့လူတွေ၊ အဲဒီဟာတွေကို သူ မဆွေးနွေးချင်ပါဘူးတဲ့၊ တစ်ခုတော့ သူပြောချင်တယ်ပေါ့၊ ဒါဖတ်ပြီးတဲ့အခါ ဆရာချစ်ဦးညိုဟာ တကယ်ကို ဝတ္ထုရေးဆရာတစ်ယောက်ဖြစ်တယ်ဆိုတာ ပြောလို့ရတယ်ဆိုတဲ့ အချက်နှစ်ခုအပေါ်မှာ နည်းနည်းအခြေခံပြီး ဆွေးနွေးရအောင်၊ ဝတ္ထုဆိုတာဘာလဲ၊ ဝတ္ထုရေးဆရာဆိုတာ ဘယ်လိုလူမျိုးကို ဆိုလိုတာလဲဆိုတာရယ်၊ နောက်ပြီးဇာတ်ဆောင်တွေကို သုံးပြီး သူ့ရဲ့အမြင်တွေကို ဖော်ထုတ်တာဟာ ထိရောက်မှုရှိသလား ဆိုတာကို ဆွေးနွေးရအောင်၊ ဒီတော့ အများကြီးဆွေးနွေးရင် ဘယ်လိုမှ ပြီးနိုင်မှာ မဟုတ်ဘူး။

**ဇာတ်ဆောင်တွေရဲ့အတွေးအခေါ်**

ဒီတော့ ဝတ္ထုတွေဖတ်တဲ့အခါမှာ ဇာတ်ဆောင်တွေက ဘယ်လောက်အရေးကြီးသလဲဆိုတာကို ပထမစပြီးတော့ ဆွေးနွေးရအောင်၊ ဇာတ်လမ်းရှိတယ်၊ ဇာတ်ဆောင်ရှိတယ်၊ တချို့ကျတော့ ဇာတ်လမ်းက အရေးကြီးတယ်၊ တချို့က ဇာတ်ဆောင်က ပိုအရေးကြီးတယ်၊ နှစ်ခုစလုံးကတော့ အရေးကြီးတာပေါ့။ အဲဒီတော့ ဘယ်ဟာက ပိုထိရောက်သလဲဆိုတာ ကိုယ်ဖတ်တဲ့ဝတ္ထုတွေထဲမှာဆိုရင် ဇာတ်လမ်းကို အဓိက ထားသလား၊ ဇာတ်ဆောင်တွေရဲ့ အတွေးအခေါ်အမြင်၊ သူတို့ရဲ့ ခံစားချက် အဲဒါတွေကို အဓိကထားသလား၊ အဲဒါဘာဖြစ်လို့လဲ၊ ဘယ်ဟာက ပိုပြီးတော့ ထိရောက်မှုရှိသလဲဆိုတာ အဲဒါကို ဆွေးနွေးမယ်ဆိုရင် ဒီဆွေးနွေးပွဲကို တစ်နည်းအားဖြင့် ဘောင်ခတ်ပြီး လုပ်လို့ရမယ်လို့ ထင်တယ်။ ဒါမှမဟုတ်ရင် သိပ်ကျယ်ပြန့်သွားပြီး အဆုံးတော့ သိပ်ရှိနိုင်မှာမဟုတ်ဘူး ဟု ပြောကြားသည်။

**မရည်မွန်အောင် (ရန်ကုန်စီးပွားရေးတက္ကသိုလ်)**

ဘဝနဲ့ အတွေးအမြင်ကို ပြောင်းလဲစေခဲ့တဲ့ အကြိုက်ဆုံး ဝတ္ထုကို ဆွေးနွေးချင်ပါတယ်။ ဆရာမပုညခင် ရေးသားခဲ့တဲ့ အနောက်တောင်အရပ်မှ လာခဲ့သူဆိုတဲ့ စာအုပ်ပါ။ ၂၀၀၈ ခုနှစ် မေလ ၂ ရက်မှာ ဖြစ်ခဲ့တဲ့ နာဂစ်မုန်တိုင်းရဲ့အကြောင်းနဲ့ မိသားစုတွေ ပြိုကွဲခဲ့တဲ့အကြောင်း၊ တကယ်ဆင်းရဲဒုက္ခတွေ အကြောင်း ရေးသားထားပါတယ်။ ဒီစာအုပ်မှာ ဇာတ်ဆောင် ကောင်မလေးတစ်ယောက် ပါပါတယ်။ ဒီကောင်မလေးဟာ မုန်တိုင်းကြီးမတိုင်မီမှာ မိသားစုရှင်ပြုအလှူ လုပ်ဖို့အတွက် ပြင်ဆင်နေကြတယ်။ ဒါပေမယ့် မုန်တိုင်းတိုက်လိုက်တဲ့အခါမှာ သူ့ရဲ့မိသားစုတွေအကုန်လုံး သေဆုံးသွားတယ်။ တကွဲတပြား ဖြစ်ပြီး နောက်ဆုံးမှာ သူတစ်ယောက်တည်းပဲ ကျန်ခဲ့တယ်။ ဒီအချိန်မှာ ကောင်မလေးက စိတ်အခြေအနေ ပုံမမှန်ဖြစ်သွားတယ်။ ဒီကောင်မလေးကို ရန်ကုန်မြို့က ပညာတတ်တစ်ယောက်က ကယ်တင်သွားပါတယ်။ နှစ်ပေါင်း လေး၊ ငါးနှစ် လောက်ကြာတောင် လူတွေနဲ့ မဆက်ဆံရဲဘူး။ လူတွေကို ကြောက်တယ်။ မိုးရွာရင် ကြောက်တာတွေ ဖြစ်နေခဲ့ပါတယ်။ ဒါပေမယ့် နောက်ပိုင်းမှာ ကောင်မလေးက ပုံမှန်အခြေအနေ ဖြစ်လာတယ်။ ပညာတွေ သင်ကြားပြီးတဲ့နောက်မှာ သင်ကြားထားတဲ့ ပညာတွေနဲ့ ဖြစ်ပျက်ခဲ့တာကို ဘယ်လိုပြန်ကယ်တင်ရမလဲဆိုတဲ့ ဇာတ်လမ်းပါ။

ဇာတ်ဆောင်ရဲ့ လုပ်ဆောင်သွားမှုတွေကို သဘောကျပြီး ကိုယ့်ဘဝအတွက် အားဖြစ်ခဲ့ပါတယ်။ သူ့ရဲ့စိတ်ဓာတ်အင်အားကို သဘောကျပါတယ်။

**မဝင့်မြတ်နိုး(ရန်ကုန်နည်းပညာတက္ကသိုလ်)**

ဝတ္ထုတစ်ပုဒ်ဖြစ်လာတဲ့အခါမှာ အဓိကကတော့ သူ့ရဲ့ နောက်ခံအကြောင်းအရာက အရေးကြီးသလို ဇာတ်ဆောင်ရဲ့ အတွေးအခေါ်တွေကလည်း အရေးကြီးပါတယ်။ ဇာတ်ဆောင် ရဲ့ အတွေးအခေါ်ကတစ်ဆင့် စာဖတ်တဲ့သူတစ်ယောက်ဟာ ရှေ့ဆက် ဘယ်လိုလုပ်ရမလဲ၊ ဘာတွေဖြစ်လာမလဲဆိုတဲ့ အတွေး အခေါ်တွေ ပေးပါတယ်။ နောက်တစ်ချက်က ဇာတ်ဆောင်တွေရဲ့ စရိုက်ပါ။ ဒါတွေကလည်း ဘဝကို အများကြီးပြောင်းလဲစေပါတယ်။

**မောင်ကောင်းထက်မြတ်**
**(သတင်းအချက်အလက်နည်းပညာတက္ကသိုလ်)**

လေလွင့်သူဝတ္ထုကို ဇာတ်ဆောင်တွေရဲ့အတွေးအမြင်တွေကြောင့် ကြိုက်တာပါ။ ဝတ္ထုအစပိုင်းမှာ ဇာတ်ဆောင်က လူ့အဖွဲ့ အစည်းထဲကနေ ဖောက်ထွက်ချင်တယ်။ လူ့အဖွဲ့အစည်းကို သူမကြိုက်ဘူး။ တော်လှန်ချင်တယ်ဆိုတဲ့ စိတ်ဖြစ်ပါတယ်။ နောက်ပိုင်းမှာ လူငယ်တွေကို ဘောင်ခတ်ပြီး ထိန်းသိမ်းလို့ မရဘူး။ သူတို့လုပ်ချင်တဲ့ အရာတစ်ခု၊ သူတို့ရဲ့ မျှော်မှန်းချက် တစ်ခုကို ပေးလုပ်မယ်။ ပြီးရင်သူတို့ အမှားတွေဖြစ်လာတဲ့ အချိန် ကျရင် သူတို့ဘာသာ သင်ယူကြလိမ့်မယ်။ နည်းနည်းပါးပါးပဲ ထိန်းလို့ရမယ်ဆိုတာ ဇာတ်ဆောင်ရဲ့ စိတ်ထဲမှာရှိတယ်။ ဒါက စာအုပ်တစ်အုပ်လုံးနဲ့ ဇာတ်ဆောင်ရဲ့ အဓိကအတွေးအခေါ် ဖြစ်ပါတယ်။

**မောင်မင်းသန့်ထူး (ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)**

ဆရာမြသန်းတင့် ဘာသာပြန်တဲ့ လေလွင့်သူ စာအုပ်ဖတ် လိုက်ရတော့ ကိုယ့်ကိုယ်ကိုယ်ပြန်မြင်မိသလို ခံစားရတယ်။ ကိုယ်ချင်းစာတယ်။ ဒီအချိန်မှာ ဒီလိုစိတ်တော့ရှိတာပဲဆိုတာကို ခံစားမိပါတယ်။

**မောင်မင်းအေးချမ်းကို (ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)**

ကျွန်တော်ကတော့ လူငယ်စိတ်အခြေအနေကို ဖော်ပြတဲ့ ဆရာအောင်ခင်မြင့်ရဲ့ တကယ်မရှိသော အနှစ်များ စာအုပ်ကို ကြိုက်ပါတယ်။ လေလွင့်သူနဲ့ မတူတာက လေလွင့်သူက နိုင်ငံခြား တိုင်းပြည်အကြောင်း ရေးထားတာ။ တကယ်မရှိသော အနှစ်များ စာအုပ်က ၁၉၈၈-၉၀ ဝန်းကျင်တစ်ဝိုက် ဆေးကျောင်းသား လူငယ်တစ်ယောက်ရဲ့အကြောင်းကို ရေးထားတာ။ ကျွန်တော် ကိုယ်တိုင်ကလည်း ဆေးကျောင်းတက်နေတော့ ဒီအခြေအနေကို စာရေးသူရဲ့ ဘဝကို ဝင်ခံစားလို့ရတယ်။

သူတို့ခေတ်တုန်းက လူငယ်တွေ ဘယ်လိုဖြစ်ခဲ့ကြတယ်၊ တကယ်အခြေခံလက်တွေ့ဘဝမှာ ကြုံနေရတဲ့ လူငယ်တွေ အကြောင်းကို ရေးထားတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် သူ့ရဲကောင်းဝါဒမဆန်ဘူး။ ရိုးရာယုံကြည်မှုတွေ၊ဓလေ့တွေကို တွန်းကန်ချင်တဲ့စိတ်ကို သွားတွေ့ရတယ်။ စာအုပ်အစ အဖွင့်ကဗျာက နောက်ဆုံးစာသားလေးကို သွားသတိရတာက အဓိဋ္ဌာန် ကျောက်တုံးကို မပြီး ကိုယ့်အရိပ်ကို ပြန်ဖိသတ်ခဲ့တဲ့ သူတွေ၊ ဆိုလိုတာက ရိုးရာဓလေ့ကို ပုန်ကန်ချင်တဲ့ သဘောကို သွားတွေ့ရတယ်။ ၂၀၀၀ ပြည့်နှစ်ဖွား နောက်ပိုင်းလူငယ်တွေက အရှေ့က သူတို့လူငယ်တွေ ဘာဖြစ်ချင်လဲဆိုတာကို သိချင်ကြ တယ်။ ကျွန်တော်တို့မှာ ရှာဖွေဖို့က ကောင်းကောင်းမရှိဘူး။ ကျွန်တော်တို့ လူငယ်ဘဝကို၊ မြန်မာနိုင်ငံထဲက လူငယ်တွေ ဘဝကို ပိုပြီး ကောင်းကောင်းထင်ဟပ်နေတဲ့ ဝတ္ထုမို့လို့ ကျွန်တော် တကယ်မရှိသော အနှစ်များကို The Catcher in the Rye ထက် ပိုကြိုက်ပါတယ်။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

> “ရသစာပေက နှစ်ခုစလုံးကို ကျော်ဖြတ်ပေးနိုင်တယ်။ ကိုယ့်နိုင်ငံရဲ့ ယဉ်ကျေးမှုကိုလည်း ပိုပြီးနက်နက်နဲနဲ နားလည်ပေးနိုင်သလို တခြားကိုယ်နဲ့ မတူတဲ့ လူ့အသိုင်းအဝိုင်းက အဖြစ်အပျက်တွေ၊ ခံစားချက်တွေကိုလည်း နားလည်အောင်လို့ ကူညီနိုင်တယ်။ ကိုယ့်ရဲ့ယဉ်ကျေးမှုနဲ့ အတွေ့အကြုံတွေကို နီးကပ်တာကိုမှ ဖတ်မယ်ဆိုရင် သိပ်ကျဉ်းသွားမယ်။ ရသစာပေက ဒီနှစ်ခုလုံးကို ပူးပေါင်းပေးတဲ့သဘောရှိတယ်။ ကိုယ့်အကြောင်းကိုလည်း သိအောင်လုပ်ပေးသလို တခြားအကြောင်းသိအောင်လည်း လုပ်ပေးနိုင်ရမယ်။ ကိုယ့်အကြောင်း သိတာမှ ကိုယ်ကြိုက်မယ်ဆိုရင် သိပ်ပြီးကျဉ်းမြောင်းသွားမယ်”

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်**

အဲဒါဆိုရင် ဒါက နှစ်မျိုး ကြည့်ရမှာပဲ။ ရသစာပေဆိုတာက ကိုယ့်ရဲ့အခြေအနေကိုလည်း ကိုယ်နားလည်အောင် လုပ်ပေးနိုင်သလို တခြားအခြေအနေကိုလည်း နားလည်အောင် လုပ်ပေးနိုင်ရမယ်။ ကိုယ်ရဲ့အခြေအနေနဲ့ ကွာခြားလွန်းလို့ မကြိုက်ဘူးဆိုတာက လုံလောက်တဲ့ အကြောင်းပြချက် မဟုတ်ဘူး။ ကိုယ်ရဲ့အခြေအနေနဲ့တူလို့ စိတ်ဝင်စားတယ်ဆိုတာက လုံလောက်တဲ့ အကြောင်းပြချက်ပါ။

ရသစာပေက နှစ်ခုစလုံးကို ကျော်ဖြတ်ပေးနိုင်တယ်။ ကိုယ့်နိုင်ငံရဲ့ ယဉ်ကျေးမှုကိုလည်း ပိုပြီးနက်နက်နဲနဲ နားလည်ပေးနိုင်သလို တခြားကိုယ်နဲ့မတူတဲ့ လူ့အသိုင်းအဝိုင်းက အဖြစ်အပျက်တွေ၊ ခံစားချက်တွေကိုလည်း နားလည်အောင်လို့ ကူညီနိုင်တယ်။ ကိုယ့်ရဲ့ယဉ်ကျေးမှုနဲ့ အတွေ့အကြုံတွေကို နီးကပ်တာကိုမှ ဖတ်မယ်ဆိုရင် သိပ်ကျဉ်းသွားမယ်။ ရသစာပေက ဒီနှစ်ခုလုံးကို ပူးပေါင်းပေးတဲ့သဘောရှိတယ်။ ကိုယ့်အကြောင်းကိုလည်း သိအောင် လုပ်ပေးသလို တခြားအကြောင်းသိအောင်လည်း လုပ်ပေးနိုင်ရမယ်။ ကိုယ့်အကြောင်းသိတာမှ ကိုယ်ကြိုက်မယ် ဆိုရင် သိပ်ပြီးကျဉ်းမြောင်းသွားမယ်။

**မယွန်းပွင့်မေသူ (ရန်ကုန်တက္ကသိုလ်)**

ကျွန်မအကြိုက်ဆုံးစာအုပ်ကိုပြောရမယ်ဆိုရင် ‘သူလိုလူ’ ဆရာမဂျာနယ်ကျော်မမလေးရေးတဲ့ စာအုပ်ပါ။ ဇာတ်ဆောင်က နှစ်ယောက်ပါ။ သမီးရလိုက်တဲ့ မက်ဆေ့ချ်က ကိုယ့်နိုင်ငံအတွက် စေတနာထားတယ်ဆိုရင် လူရှေ့ထွက်ပြီး လူသိများမှ ကိုယ့်နိုင်ငံ အတွက် အကျိုးပြုတာ မဟုတ်ဘူး။ တိုင်းပြည်မှာ ကိုယ်နာမည် ကြီးဖို့မဟုတ်ဘဲ ကိုယ်စေတနာသန့်သန့်နဲ့ ထားမယ်ဆိုရင် နိုင်ငံတော်အတွက်လည်း အကျိုးရှိမယ်ဆိုတာကို ဇာတ်ဆောင် ကနေ အများကြီးသိလိုက်ရပါတယ်။ ဒီဝတ္ထုကနေ လေ့လာစရာ တွေ အများကြီးတွေ့ရပါတယ်။ ရသစာပေ ဇာတ်ဆောင်ရဲ့ကဏ္ဍ ကို ယုံကြည်ပါတယ်။ *စာမျက်နှာ ၈ သို့*



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ရန်ကုန်မြို့ရှိ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ၏ ရသစာပေစကားဝိုင်းသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

သတင်းစဉ်

*စာမျက်နှာ ၇ မှ*

**မအေးစန္ဒာအောင်( အမျိုးသားစီမံခန့်ခွဲမှု ဒီဂရီကောလိပ်)**

မုန်း၍မဟူ ဆိုတဲ့ဇာတ်မှာ အလွန်ချစ်လို့ဆိုပြီး ချုပ်ချယ်မှုတွေခံရတဲ့ အမျိုးသမီးတစ်ယောက်ပါ။ ယဉ်ကျေးမှုမတူတဲ့ သူနှစ်ယောက်က ပေါင်းစပ်လိုက်တယ်။ ဒီနေရာမှာ ညှိညှိနှိုင်းနှိုင်းနဲ့ သွားရမယ်ဆိုတဲ့ အနေအထားမှာ တစ်ယောက်က ဩဇာအာဏာ စွက်ဖက်မှုများပြီးတော့ ချုပ်ချယ်မှု များလာတဲ့အခါမှာ တဖြည်းဖြည်းနဲ့ ဆိုးရွားတဲ့ အခြေအနေတစ်ခုဖြစ်လာတယ်။ ကျွန်မအထင်တော့ အဲဒီနေရာမှာ ဇာတ်ဆောင် အမျိုးသမီးရော၊ အမျိုးသားပါ ယဉ်ကျေးမှု မတူကြဘူး။

တစ်ယောက်က တစ်ယောက်အပေါ် လွှမ်းမိုးတာမျိုးမဖြစ်ဘဲ သူငယ်ချင်းပဲ ဖြစ်ဖြစ်၊ မိတ်ဆွေပဲဖြစ်ဖြစ် ဘယ်နေရာမှာပဲဖြစ်ဖြစ် တစ်ယောက်နဲ့ တစ်ယောက်က ညှိညှိနှိုင်းနှိုင်းနဲ့ သွားမယ်ဆိုရင်တော့ အဆင်ပြေမယ်လို့ ထင်ပါတယ်။ မုန်း၍မဟူမှာ မတူညီတဲ့ နေရာက လာခဲ့ကြတယ်။ ဒါပေမယ့် တစ်ဦးက နောက်ထပ်တစ်ဦးအပေါ်မှာ လွှမ်းမိုးမှုတွေ များလာတဲ့အခါမှာ ပြတ်တောက်သွားတဲ့ အနေအထားမျိုးဖြစ်သွားတယ်လို့ သမီးမြင်ပါတယ်။

**မောင်ဖိုလ်ဖိုလ်ဟိန်း (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)**

သားအကြိုက်ဆုံး စာအုပ်တစ်အုပ်ရှိတယ်။ အဲဒီစာအုပ်က ဆရာချစ်ဦးညို့ရဲ့ လက်ာဒီပချစ်သူဖြစ်ပါတယ်။ အမေ အခုန ပြောသွားတဲ့ ဇာတ်လမ်းက အရေးကြီးလား၊ ဇာတ်ဆောင်က အရေးကြီးလားဆိုတာက သားအနေနဲ့ဆိုရင် နှစ်ခုစလုံး အရေးကြီးပါတယ်။ ဒီဇာတ်လမ်းထဲမှာဆိုရင် ဒဿဂီရိလို့ကြားလိုက်တာနဲ့ လူတွေရဲ့စိတ်ထဲမှာ အမုန်းတရားက ပါလာပြီးသားဖြစ်ပါတယ်။ ဒဿဂီရိဘီလူးဆိုတာနဲ့ မုန်းပြီးသား၊ ရာမဆိုရင် ချစ်တယ်ပေ့ါ။ နောက်ဆုံး မြင်လာတဲ့အမြင်ပေါ်မှာ ဆရာချစ်ဦးညိုက ပြန်ပြောင်းရေးလိုက်တော့ အရင်ကမုန်းတဲ့ ဘီလူးကြီးကို ပိုပြီးပြန်ချစ်လာတယ်။

သုတ၊ ရသစာပေအပိုင်းက ကဗျာလေးတစ်ပုဒ်က ဇွန်ပန်းရုံအနီး လှည်းဘီးနွံထဲ ကျွံနေသည် ဆိုတဲ့စာလေးက သုတလည်း ဖြစ်စေတယ်၊ ရသလည်းဖြစ်စေတယ်၊ နှစ်မျိုးစလုံးယူဆလို့ရပါတယ်။ သားတို့နိုင်ငံ လှည်းဘီးကြီးကို တွန်းတဲ့သူတွေလည်း ရှိတယ်၊ ဒီလှည်းဘီးကြီးကို လိုရာခရီးမသွားနိုင်အောင် လှည်းဘီးအပေါ်ကနေ တက်ထိုင်နေတဲ့သူတွေလည်း ရှိမှာပါ။ ဒီလူတွေ ဆင်းလာပြီးတွန်းအောင် ဘေးကနေလည်း လှည်းဘီးက ကြာလိုက်တာ အခုထိ မရွေ့သေးဘူးလားဆိုပြီး ဝေဖန်တဲ့သူရဲ့ အသံတွေရပ်သွားအောင် ဒီလူတွေအားလုံးကို ဝိုင်းပြီး တွန်းဖို့၊ ဇာတ်ဆောင်ပေ့ါ၊ ဇာတ်လမ်းအနေနဲ့ဆိုရင် ပြည်သူပြည်သားတွေအနေနဲ့ သားတို့ နိုင်ငံအကြီးအကဲတွေက ဒါရိုက်တာကြီးပေ့ါ။ သားတို့ရဲ့ နိုင်ငံဇာတ်လမ်းကြီးကို အမေစုတို့ ဒါရိုက်တာတွေရဲ့ ဦးဆောင်မှုနဲ့ သားတို့နိုင်ငံရဲ့ဇာတ်လမ်းကြီး ဘယ်လို ပိုကောင်းအောင် လုပ်နိုင်မလဲဆိုတာ မေးချင်ပါတယ်။

**မမေရတနာဦး(ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်)**

သမီးက တချို့ဝတ္ထုတွေမှာဆိုရင် ဇာတ်ဆောင်က အရေးကြီးပြီး တချို့ဝတ္ထုတွေမှာ ဇာတ်လမ်းအတိုင်း ဇာတ်ဆောင်တွေက စီးမျောသွားတယ်လို့ ထင်တယ်။ ဂျူးရဲ့ အမှတ်တရဝတ္ထုဆိုရင် ဇာတ်ဆောင်တွေရဲ့စိတ်ကပဲ ဇာတ်လမ်းကို ဦးဆောင်သွားတယ်။ ဇာတ်ဆောင်တွေက သူတို့ကောင်မလေးက ကောင်လေးကို တားလို့ရရဲ့သားနဲ့ သူ့ရဲ့မာနကိုခံပြီးတော့ သူမတားဘူး။ ဒါဆိုရင် ဒီဇာတ်ကိုဖြစ်အောင် သူကိုယ်တိုင်ဦးဆောင်သွားတာ၊ ဇာတ်ဆောင်က ဦးဆောင်သွားတာပါ။ ဇာတ်လမ်းတိုင်း စီးမျောသွားတဲ့ ဇာတ်ဆောင်တွေဆိုတာက ဆရာမ မိုးမိုး (အင်းလျား)ရဲ့ ပျောက်သောလမ်းမှာ စမ်းတဝါးဝါးပေ့ါ။

အဲဒီမှာ ဇာတ်ဆောင်တွေဟာ သူ့ဇာတ်လမ်းအတိုင်း စီးမျောသွားတယ်။ သူတို့ ဘယ်လောက်ချစ်ပေမယ့်လည်း အရံအတားတွေရှိတယ်။ အရံအတားဆိုတာက ကုန်ဈေးနှုန်းတွေ ရှိမယ်၊ သူတို့ စီးပွားရေးအဆင်မပြေမှု၊ ကလေးနို့မှုန့်ဖိုးမရှိဘူး။ ကောင်မလေးက ပညာတတ်တယ် ဆိုသော်လည်း အလုပ်တစ်ခုရဖို့ အလွန်ခက်ခဲတယ်။ သူအလွန်ခက်ခဲတဲ့အတွက် စာရေးမဝင်လုပ်ရတယ်။ သူပညာနဲ့မဆိုင်တဲ့ စာရေးမကို ဝင်လုပ်ရတယ်။ နောက်ပိုင်း ဆရာမကိုယ်တိုင် အမှာစာမှာရေးထားတာက ဇာတ်ဆောင်တွေကို ဘယ်လိုပုံစံနဲ့ဆက်ပြီးတော့ သွားရမလဲဆိုတာ သူကိုယ်တိုင်မသိတဲ့အတွက်ကြောင့် ဒီအတိုင်းပဲ ရပ်လိုက်ရပါတယ်လို့ တောင်းပန်ပါတယ်။ ကောင်မလေးက နောက်ဆုံးကျတော့ ရှာပြန်သွားတယ်။ ကလေးလေးနဲ့ ကောင်လေးက နေခဲ့ရတယ်။ သူတို့နှစ်ယောက် မချစ်ဘူးဆိုတာလည်းမဟုတ်ဘူး။ သူတို့ရဲ့အခြေအနေအရပ်ရပ်ကြောင့် သူတို့တွေ ကွဲသွားတယ်။ သူတို့ ဇာတ်ဆောင်တွေ စိတ်ကြောင့်မဟုတ်ဘဲနဲ့ ဒီဇာတ်လမ်းအတိုင်းပဲ ဇာတ်ဆောင်တွေဟာ စီးမျောသွားတယ်လို့ ထင်ပါတယ်။

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်**

ဆရာမမိုးမိုး(အင်းလျား)က ပိုပြီးတော့ လူမှုဘဝကို ရောင်ပြန်ဟပ်တဲ့ဟာမျိုးတွေ ရေးလေ့ရှိတယ်။ ဆရာမဂျူးကတော့ အချစ်အကြောင်းတွေကို အဓိကထား ရေးတာပေ့ါ၊



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ညွှဲ့သည်တော်မှတ်တမ်းတင်စာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။** သတင်းစဉ်

အမှတ်တရမှာဆိုရင် စုစုထွေးဟာဆိုရင် သူကကောင်လေးကို ဘယ်လောက်ချစ်တယ် ဆိုတာကို အဓိကထားပြီး ရေးသွားတယ်။ မိုးမိုး(အင်းလျား)ကတော့ သူ့ဇာတ်လမ်းမှာ ဖော်ထုတ်ချင်တာကတော့ ကိုယ်ရဲ့ပုဂ္ဂလိက ပုဂ္ဂိုလ်ရေးအရ ခံစားချက်တွေအပေါ်မှာ ပတ်ဝန်းကျင်ရဲ့အနေအထားက ဘယ်လောက်လွှမ်းမိုးမှုရှိသလဲ၊ သူက လူမှုရေးဘက်က ပိုပြီးတော့ ရေးတာလို့ထင်တယ်။ ခံစားချက်ဘက်က ပိုပြီးရေးတာမဟုတ်ဘူး။ မိုးမိုး(အင်းလျား) ဝတ္ထုက ဇာတ်လမ်းကို အခြေခံတယ်။ အမှတ်တရကတော့ ဇာတ်ဆောင်ကို အခြေခံတယ်လို့ ပြောချင်ပါတယ်၊ အဲဒီလို ထင်ပါတယ်။ သားအနေနဲ့ ဇာတ်ဆောင်တွေနဲ့ ဇာတ်လမ်းတွေ ဘယ်ဟာက ပိုအရေးကြီးလဲ။

**မောင်ထက်နိုင်အောင် (ရန်ကင်းပညာရေးကောလိပ်)**

သားအနေနဲ့က ဇာတ်ဆောင်က ပိုပြီးတော့ အရေးကြီးတယ်လို့ထင်ပါတယ်။ သားအကြိုက်ဆုံးဝတ္ထုလေးကတော့ စာရေးဆရာမ ခင်ခင်ထူးရဲ့ ဆုးပန်းခွေ သွယ်ဘယက်နှင့် ပေရွက်လိပ် နားတောင်းဆင်ပါ။ ဝတ္ထုလေးက မြို့ကကျောင်းဆရာမလေးတစ်ယောက် တောရွာလေးကို ရောက်လာတယ်။ အဲဒီရွာမှာရှိတဲ့ ကလေးတွေရဲ ပညာရေး၊ စားဝတ်နေရေးနဲ့ ပတ်သက်ပြီးတော့ ကလေးတွေရဲ့ ပညာရေးနှောင့်နှေးနေတာကို သူကျောင်းကို ရောက်အောင် ဆွဲခေါ်တဲ့နည်းတွေ၊ အဲဒါတွေက ဇာတ်ဆောင်ကနေပြီး ဇာတ်လမ်းကို ရုပ်လုံးပေါ်အောင် လုပ်ပေးတယ်လို့ ထင်ပါတယ်။

**မအေးမင်းသွယ် (ရန်ကင်းပညာရေးကောလိပ်)**

သမီးကတော့ စာတွေဖတ်တဲ့အခါမှာ စွယ်စုံဖတ်ပါတယ်။ ငယ်ငယ်က စာတွေအများကြီးဖတ်ခဲ့တော့ ဘယ်လိုအခြေအနေပဲ ရောက်လာရောက်လာ ကောင်းတဲ့ဘက်က တွေးပါတယ်။ အခုဆိုရင် သမီးဆရာမဖြစ်လာတယ်။ အမှန်တကယ် ဆရာမလုပ်ဖို့က အစီအစဉ်မရှိဘူး။ အခြေအနေအရပ်ရပ်ကြောင့် ဆရာမဖြစ်လာခဲ့တယ်။

အခြေအနေအရပ်ရပ်ဆိုတာ မိဘတိုက်တွန်းမှု၊ ကိုယ့်ရဲ့ အခြေအနေတွေနဲ့ ဆရာမ ဖြစ်လာတယ်။ ဆရာမနယ်ပယ်ရောက်တာနဲ့ ပညာရေးလောကနဲ့ဆိုင်တဲ့ စာအုပ်တွေ ဖတ်ပါတယ်။ ဆရာမတစ်ယောက် ထားရမယ့်ခံယူချက်တွေ၊ စောင့်ထိန်းရမယ့် သစ္စာတွေ၊ တာဝန်ဝတ္တရားတွေကို သိလာတယ်။ ခင်ခင်ထူးရဲ့ ဆုးပန်းခွေ သွယ်ဘယက်နှင့် ပေရွက်လိပ် နားတောင်းဆင်၊ ပုညခင်ရဲ့မင်္ဂလာပါဆရာမ၊ ပန်းမြိုင်လယ်ကဥယျာဉ်မှူး ဖတ်ပြီးတော့ ဆရာမတစ်ယောက်ဆိုတာ စေတနာထားရတယ်။

ကိုယ့်ကလေးတွေကို စေတနာထားလိုက်ပြီဆိုတာနဲ့ နောက်ကနေ ဝါသနာတွေ အနစ်နာတွေပါလာတယ်။ လက်တွေ့ တန်းဆင်းတော့လည်း တကယ့်ကို လက်တွေ့ကြုံခဲ့ရတယ်။ ဖတ်ခဲ့တဲ့ စာတွေကပဲ သမီးရွေးချယ်တဲ့ အသက်မွေးဝမ်းကျောင်း မဟုတ်ပေမယ့် ကိုယ်ရောက်လာတဲ့ အသက်မွေးဝမ်းကျောင်းကို တန်ဖိုးထားတတ်လာအောင်၊ မြတ်နိုးတတ်လာအောင် ဖတ်ခဲ့ စာပေတွေကပဲ ပို့ဆောင်ပေးခဲ့ပါတယ်။

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်**

ဆရာ ဆရာမ အလုပ်ကိုအားပေးချင်တယ်။ ဆရာ ဆရာမတွေရဲ့အလုပ်ဆိုတာ အင်မတန်မှ မွန်မြတ်ပါတယ်။ နိုင်ငံ့အတွက် ရေရှည်ရော၊ ရေတိုပါကောင်းပါတယ်။ အဲဒီတော့ အထူးသဖြင့် ယောက်ျားလေးကျောင်းဆရာ ပိုပြီးတော့ လိုအပ်ပါတယ်။ ယောက်ျားလေးများ ကျောင်းဆရာလုပ်ဖို့ စဉ်းစားကြပါလို့ တိုက်တွန်းချင်ပါတယ်။ ကျောင်းဆရာလုပ်ရတာ အင်မတန်မှ မွန်မြတ်ပါတယ်။ ကိုယ့်ရဲ့တပည့်လေးတွေကို ပြုစုပျိုးထောင်တဲ့ အခွင့်အရေးဆိုတာ လူတိုင်းရနိုင်တဲ့ အခွင့်အရေး မဟုတ်ပါဘူး။ တစ်ယောက်မဟုတ်ဘူး၊ နှစ်ယောက်မဟုတ်ဘူး၊ ရာနဲ့ထောင်နဲ့ချီပြီး ပြုစုပျိုးထောင်ပေးနိုင်တယ်။ ကိုယ့်ရဲ့နိုင်ငံအတွက် အကောင်းဆုံး အမွေအနှစ်တွေကို ထားခဲ့ပေးနိုင်တယ်။

ကျွန်မနားလည်သလောက်က ကျောင်းဆရာနဲ့ ဆရာမတွေထဲမှာ ကျောင်းဆရာမတွေက ၉၇ ရာခိုင်နှုန်းလောက် ရှိနေပါတယ်။ သိပ်များလွန်းတယ်။ အမျိုးသားဆရာတွေ ပိုပြီးလိုအပ်တယ်။ မကြာခင်တုန်းက ရွာလေးတစ်ရွာကိုသွားတဲ့အခါမှာ ဆရာ ဆရာမတွေ ငါးယောက်ထဲမှာ ထူးထူးခြားခြားသုံးယောက်က အမျိုးသားတွေ။ ကလေးတွေကို မဆင်မခြင်ဘဲ မေးလိုက်တယ်။ ဆရာတွေရှေ့မှာ မမေးသင့်ပါဘူး။ ဘယ်သူ့ကို အချစ်ဆုံးလဲဆိုတော့ ဆရာလေးလို့ ပြောပါတယ်။ ဘာဖြစ်လို့ဆရာလေးကို အချစ်ဆုံးလဲလို့မေးတော့ သူတို့နဲ့ ဆော့လို့ပြောပါတယ်။ ပြောချင်တာက တစ်ခါတလေ ယောက်ျားလေးတွေ လုပ်နိုင်တာတွေရှိတယ်လို့ ပြောချင်တာ ဖြစ်ပါတယ်။

မိန်းကလေးတွေနဲ့မတူ၊ အမျိုးသားကျောင်းဆရာတွေရော အမျိုးသမီးကျောင်းဆရာမတွေပါ နှစ်ခုစလုံးရှိမှပိုပြီး ကျောင်းတွေရဲ့လည်ပတ်မှုဟာ ပြီးပြည့်စုံမယ်လို့ထင်တယ်။ အမျိုးသားလေးတွေ ကျောင်းဆရာလုပ်ဖို့ စဉ်းစားကြပါ။ ပျော်စရာလည်း ကောင်းပါတယ်။ ရွာလေးတွေမှာသွားပြီး ကျောင်းဆရာလုပ်ရင် ဥယျာဉ်မှူးဝတ္ထုထဲကလို မဟုတ်ဘူး။ မြို့လေးတစ်ခုမှာ သွားပြီး ကျောင်းဆရာသွားလုပ်တယ်။ သူဘယ်လောက် စိတ်ချမ်းသာရတယ်။ သူ့ကျောင်းလေးအတွက် ဘယ်လိုရုန်းကန်ပေးတဲ့ အခွင့်အရေးတွေရှိတယ်။ တကယ့်ဘဝမှာ ဒီလိုပဲရှိပါတယ်။ ယောက်ျားလေးတွေ ယုံယုံကြည်ကြည်နဲ့ ပညာရေးဘက်လိုက်ကြပါလို့ တိုက်တွန်းချင်ပါတယ်။

**မောင်ဇော်လင်းနိုင်(ဒဂုံတက္ကသိုလ်)**

ဝတ္ထုတွေထဲမှာ ဇာတ်လမ်းပဲဖြစ်စေ၊ ဇာတ်ဆောင်ပဲဖြစ်စေ သူ့နေရာနဲ့သူ အရေးပါတယ်ဆိုပေမယ့် ကျွန်တော့်အမြင်က ဇာတ်ဆောင်က ပိုပြီးအရေးပါတယ်လို့ မြင်ပါတယ်။ ဘာလို့ အရေးပါသလဲဆိုတာ ကျွန်တော်ဖတ်ဖူးတဲ့ စာအုပ်လေး တစ်အုပ်နဲ့ နှိုင်းယှဉ်ပြီးပြောပါရစေ။ စာအုပ်က တကယ့်ကိုနာမည်ကြီးခဲ့တဲ့ ပေါ်လီယာနာဆိုတဲ့စာအုပ်လေးပါ။ နာမည်ကိုက ဇာတ်ဆောင်နာမည်ပေးထားတာပါ။

ဒီဇာတ်လမ်းတစ်လျှောက်လုံးက ဒီဇာတ်ကောင် ကောင်မလေးရဲ့သိတတ်မှုစိတ်တွေ၊ အကောင်းမြင်တတ်မှု စိတ်တွေ၊ သူ့ဘဝမှာ ဆိုးဆိုးရွားရွားခံစားနေရတဲ့ စိတ်အခြေအနေတွေကိုတောင် အပြုသဘောဆောင်ပြီး မြင်တယ်။ ဒုက္ခကို ဒုက္ခလို့မမြင်ဘဲနဲ့ သုခလို့မြင်ပြီး အဆိုးရွားဆုံး ဒဏ်တွေထဲက ရုန်းထွက်ပြီး ကြိုးစားတယ်။ လူတကာကိုလည်း အကောင်းမြင်တတ်တယ်။ အပြစ်မြင်သင့်တဲ့ သူကိုတောင်မှ ကြိုးစားပြီး အကောင်းမြင်ပေးတယ်။ သူ့ဘဝမှာ သူစိတ်ချမ်းသာအောင် နေကြည့်တယ်။ အဲဒီလိုအနေအထားကနေ သူရဲ့ဘဝဒဏ်တွေကိုလည်း နောက်ဆုံးမှာ ကြံ့ကြံ့ခံနိုင်ခဲ့တယ်။ ဒီကာရိုက်တာကြီးကို ကြည့်ခြင်းအားဖြင့် တကယ့်ဝတ္ထုတွေထဲက ဇာတ်ဆောင်ဆိုတာ ပြင်ပက လူတွေရဲ့ပုံရိပ်ပါပဲ။ ဇာတ်ဆောင်ကလည်း ပြင်ပကလူတွေရဲ့ ပုံရိပ်ဖြစ်သလို ပြင်ပကလူတွေကလည်း ဇာတ်ဆောင်အဖြစ် အသွင်ပြောင်းသွားတဲ့ ဇာတ်လမ်းတွေ အများကြီးရှိပါတယ်။ ဒါကြောင့် ဇာတ်ဆောင်က အင်မတန်မှ အရေးကြီးတယ်လို့ မြင်ပါတယ်။

**မသံသာချိုသဲ (ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်)**

သမီးအနေနဲ့ ရသစာပေတွေဟာဆိုရင် သမီးတို့ရဲ့ဘဝကိုလည်း တိုးတက်ပြောင်းလဲစေတယ်။ သမီးရဲ့ စိတ်နှလုံးသားကိုလည်း ပြောင်းလဲစေပါတယ်။ ရသစာပေစွမ်းအားကို ဘယ်လောက်ထိ ကြီးကြီးမားမားပြောရမလဲဆိုရင် သမီးတို့ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးရဲ့ ပြောင်းလဲရေး သမိုင်းထိကို အရေးကြီးပါတယ်။ သမီးဖတ်ဖူးတဲ့စာနဲ့ ပြောရမယ်ဆိုရင် ဖိလစ်ပိုင် တော်လှန်ရေးခေါင်းဆောင် ဒေါက်တာ ဟိုဆေးရီဇော် ဆိုတဲ့လူက သူတို့နိုင်ငံက အဲဒီအချိန်မှာ စပိန်ကိုလိုနီလက်အောက်ကို ရောက်နေတဲ့အချိန်မှာ သူက ဒီလွတ်လပ်ရေးရဖို့အတွက် သူ စာအုပ်သုံးအုပ်ရေးမယ်။ ဒီစာအုပ်သုံးအုပ်ရေးပြီးတဲ့ အချိန်ထိ သူလွတ်လပ်ရေးမရဘူးဆိုရင် သူ့ကိုယ်သူအဆုံးစီရင်မယ်။ အဲဒီလိုမျိုး တရားဝင်ကြေညာပြီးတော့ ရေးခဲ့ပါတယ်။ တကယ်လည်း သူနှစ်အုပ်မြောက် ရေးပြီးတဲ့အချိန်မှာ ဖိလစ်ပိုင်နိုင်ငံဟာ လွတ်လပ်ရေးရခဲ့တယ်။

အလားတူပဲ ဒီနိုင်ငံမှာဆိုလည်း ဆရာကြီးသခင်ကိုယ်တော်မှိုင်းတို့ရဲ့ အလင်္ကာတွေဟာ ဆိုရင် မြန်မာ့လွတ်လပ်ရေးရဖို့အတွက် အဓိကတိုက်ပေးတဲ့ အင်အားကြီးတစ်ခုအနေနဲ့ ပါပါတယ်။ သမီးအနေနဲ့ သုံးသပ်ချင်တာက ဒီစာပေတွေဟာ အရေးကြီးပါတယ်။ ဒီရသစာပေတွေရဲ့ စွမ်းအားက အလွန်အရေးကြီးတာဖြစ်တဲ့ အတွက်ကြောင့် ဒီရသစာပေတွေကို ဖန်တီးတဲ့သူ တွေမှာဆိုရင်လည်း သူတို့အတွက်လည်း တာဝန်အလွန်ကြီးပါတယ်။ ရသစာပေဖန်တီးတဲ့ သူတွေဟာဆိုရင် ဒီရသစာပေတွေကိုဖန်တီးတဲ့ အနုပညာလက်ရာမှာ သီလရှိရမယ်၊ သန့်ရှင်းရမယ်။ မကောင်းတဲ့ အတွေးတွေ၊ အမြင်တွေကို ထည့်ပေးရမယ်ဆိုရင် စာဖတ်တဲ့ သူဟာဆိုရင် မကောင်းတဲ့အတွေးတွေ အကုန်ယူပြီးတဲ့ အခါမှာ သူတို့ဘဝဟာ လမ်းမှားကိုရောက်သွားတာမျိုး အထိကို သက်ရောက်နိုင်ပါတယ်။ သမီးအနေနဲ့ကတော့ အဲဒီလိုထင်ပါတယ်။

**မသင်းသင်းသော် (ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)**

အနုပညာဆိုတာဟာ အနုပညာအတွက် သက်သက်ပဲ ဖြစ်ရမလား၊ အနုပညာဆိုတာဟာ သင်ခန်းစာပေးဖို့ဖြစ်ရမလား။ သင်ခန်းစာပေးဖို့အတွက်က ပိုပြီးတော့ ဒီဘက်လမ်းကိုပဲ သက်ရောက်နိုင်ပါတယ်။ အခုနက အမေမေးလိုက်တဲ့ မေးခွန်းတစ်ခုက ရသစာပေက လူတစ်ယောက်ရဲ့ဘဝကို ဘယ်လောက်ထိ လွှမ်းမိုးနိုင်မလဲဆိုတဲ့ အပေါ်မှာ သမီးရဲ့အမြင်တစ်ခုပြောင်းလဲသွားပါတယ်။ ဝတ္ထုနာမည်က နမ်းချင်တဲ့သနပ်ခါးပန်းလေးဆိုတဲ့ စာအုပ်ပါ။ အဲဒီထဲမှာဆိုရင် Single Mother တွေရဲ့ကြုံတွေ့ရတဲ့ အဖြစ်အပျက်တွေ၊ တကယ် သူတို့ဘယ်လိုခံစားရသလဲ၊ ဘယ်လိုရုန်းကန်နေရသလဲဆိုတာကို သေသေချာချာ ဝတ္ထုဆန်ဆန်၊ ဇာတ်လမ်းဆန်ဆန် တင်ပြသွားပါတယ်။ ဒါကြောင့်မို့လို့ သမီး အဲဒီအချိန်ကစပြီးတော့ Single Mother တွေကို အလွန်ကိုလေးစားတယ်။ ဒါကြောင့်မို့လို့ သူတို့ကသင်ခန်းစာလည်း ပေးတဲ့ဘက်က ပါပါတယ်။

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်**

ပထမပိုင်းမှာတော့ ဝတ္ထုတစ်ခုမှာ ဇာတ်ဆောင်က အရေးကြီးသလား၊ ဇာတ်လမ်းက အရေးကြီးသလားဆိုတာကို ဆွေးနွေးခဲ့တယ်။ ပြောရမယ်ဆိုရင် ဘယ်ဘက်ကမှ မသာပါဘူး။ တချို့က ဇာတ်ဆောင်ကအရေးကြီးတယ်လို့ မြင်တယ်။ တချို့က ဇာတ်လမ်းကအရေးကြီးတယ်လို့ မြင်တယ်။ ဝတ္ထုတွေဖတ်လိုက်လို့ ဘယ်လို ကိုယ့်စိတ်ထဲမှာ ခံစားရတယ်။ ဘယ်လို အမြင်ရှိတယ်ဆိုတာ ဝတ္ထုတွေရဲ့အင်အား၊ သူတို့ ဩဇာလွှမ်းမိုးမှုပဲဖြစ်တယ်။

ဒီနောက်ပိုင်းမှာ ကဗျာအကြောင်း ပြောကြစို့။ ကဗျာကိုရော စိတ်ဝင်စားကြရဲ့လား။ ပြောရမယ့်သူတွေထဲကရော ကဗျာစိတ်ဝင်စားတဲ့သူတွေ ပါရဲ့လား။ ဘာဖြစ်လို့ ကဗျာကို စိတ်ဝင်စားတာလဲ၊ ဘာဖြစ်လို့ အားသန်ရတာလဲ။

*စာမျက်နှာ ၉ သို့*



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရသစာပေ စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့်အတူ လက်ဖက်ရည်ဝိုင်းဖွဲ့ကာ စာပေနှင့် ပညာရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးဖလှယ်ကြစဉ်။ သတင်းစဉ်

*စာမျက်နှာ ၈ မှ*

**မောင်သန့်သူရဇန် (ရန်ကုန်စီးပွားရေးတက္ကသိုလ်)**

နှစ်ခုစလုံးကို စိတ်ဝင်စားပါတယ်။ ဟိုတုန်းကတော့ ကဗျာဆိုတာ နန်းတွင်းကဝိ၊ ပညာရှိတွေ ပစ္စည်းဆိုပြီး သတ်မှတ်ခဲ့တာပါ။ အခုနောက်ပိုင်းမှာတော့ အဲဒီလိုမဟုတ်တော့ပါဘူး။ ကဗျာဆိုတာ လူထုအကြားထဲမှာ ပျံ့နှံ့ပြီးတော့ ဘယ်လိုရေးမလဲဆိုတာ ပိုပြီးတော့ အရေးကြီးပါတယ်။ Art for art's sake ဆိုတာနဲ့ဆိုရင် Message ပေးဖို့ပဲ မဟုတ်ဘူး။

ရေးချင်လို့ကို ရေးတာပါ။ ဖတ်မယ့်သူမရှိလည်း ရေးချင်ရေးနေဦးမှာပဲ။ ဆရာဒါရိုက်တာ ဦးဝင်းဖေဆိုရင် သူပန်းချီ ဘာလို့ရေးသလဲ သူ့ကိုမေးတဲ့အခါမှာ Art for art's sake ဆိုတဲ့ကိစ္စကို သူစဉ်းစားကြည့်တယ်။ ဒါအရေးကြီးတယ်ဆိုပြီး သူ့ကိုယ်သူပြန်မေးကြည့်တယ်။ ပရိသတ်အတွက် ရေးတာလား၊ ကိုယ့်ဟာကိုယ် ကျေနပ်လို့ရေးတာလားဆိုတာ သူစဉ်းစားတယ်။ လူမရှိတဲ့ ကျွန်းတစ်ကျွန်းမှာ သူရောက်သွားရင်တောင် သူပန်းချီရေးဦးမှာပဲတဲ့။ ပြစရာလူမရှိလည်း သူရေးဦးမှာပဲတဲ့။ သူဘယ်လို ထပ်ပြောသေးလဲဆိုတော့ ဒီအနုပညာဟာ သူ့စိတ်ကြိုက်အတိုင်း သူဖန်တီးလိုက်တာပဲတဲ့။ ဒါပေမယ့် ပြည်သူလူထုအတွက် အကျိုးပြုတဲ့ဟာ ဖြစ်သွားရင်လည်း ကုသိုလ်ရတာပေါ့တဲ့။ အဲဒီလို ကိုယ်ကျေနပ်လို့လည်းရေးတယ်။ အဲဒါကိုလည်း အကျိုးဖြစ်သွားတယ်ဆိုရင်လည်း ပိုကောင်းတဲ့ကိစ္စပါ။

အခုနောက်ပိုင်းပြောင်းလဲလာတဲ့ ကဗျာတွေကျတော့ အလွတ်ကျက်ဖို့၊ မှတ်ဖို့ခက်သွားပါပြီ။ အရင်တုန်းကဆိုရင် သူ့နည်းစနစ်ရှိတယ်။ ကာရန်၊ လေးလုံးစပ်တို့ဖြစ်တယ်။ အခုနောက်ပိုင်း မော်ဒန်၊ ပို့စ်မော်ဒန် စသဖြင့်တွေ ပြောင်းလဲလာတဲ့အတွက်ကြောင့် ကဗျာက ဘာလို့ဖတ်တာလဲ၊ ဖတ်ချင်လို့ကို ဖတ်တာဆိုပြီး ဖြစ်သွားပါတယ်။

**မောင်အားမာန်ထက် (ရန်ကုန်ပညာရေးကောလိပ်)**

ကလေးကဗျာတွေကနေ လူ့သဘာဝတွေ တွေ့ရတယ်။ ဘာကြောင့်လဲဆိုတော့ ကဗျာဆိုတာမျိုးက ဖွဲ့နွဲ့တဲ့အခါမှာ ဇာတ်လမ်းထက်ပိုပြီး သိမ်မွေ့တယ်။ စာအုပ်ထဲမှာ ဖတ်ဖူးတာ ကဗျာကို ဆရာဇော်ဂျီက "ဖန်ပြာခွက်နဲ့ ကျောက်စစ်ရေ" ဆိုပြီး ဖော်ညွှန်းတယ်။ ဖန်ပြာခွက်ဆိုတာ ကဗျာကို ဖွဲ့နွဲ့ပုံ၊ ကျောက်စစ်ရေဆိုတာ ဒီကဗျာဖွဲ့ဖို့အတွက် စာဆိုရဲ့စိတ်ကူးဉာဏ် ဖြစ်တယ်။ ဒါဟာ အင်မတန်ခက်ခဲတယ်။ ရေက ရေပဲ၊ သူ့ဟာသူ စိတ်ကူးနေတာ၊ အတွေးရှိနေတယ်။ အဲဒီအတွေးကို တကယ့်လူထုကို လောကအမြင်ကို ပြနိုင်ဖို့အတွက် သူစဉ်းစားပြီး သွားတဲ့အတွေးကို ဘယ်လိုချပြမလဲ။

ကလေးကဗျာလို့ ရည်စူးထားပေမယ့်လည်း လူကြီးတွေအတွက် အသိပေးတာမျိုးတွေ ဖြစ်နိုင်ပါတယ်။ အဲဒါဟာ သူ့ရဲ့ဖွဲ့နွဲ့ပုံပါ။ ကိုယ့်ရဲ့စိတ်ကူးကို၊ လောကကို ဘယ်လိုချပြမလဲ။ ကိုယ့်ရဲ့စာဖတ်သူကို ဘယ်လိုစေတနာနဲ့ နှိုးဆော်မလဲ။

ကဗျာတစ်ပုဒ် ဖြစ်လာတဲ့အခါမှာ ဇာတ်လမ်းဝတ္ထုတွေထက် ကဗျာဆိုတာ ပိုပြီးတိုတောင်းတယ်။ ဖတ်ရတဲ့အချိန်လည်း ပေးရတာနည်းတယ်။ တကယ့်တကယ် ရေးတဲ့သူရဲ့ရည်ရွယ်ချက်ကို ဖတ်တဲ့သူကပါ ရနိုင်မယ်ဆိုရင် ဝတ္ထုတစ်ပုဒ်၊ ဇာတ်လမ်းတစ်ပုဒ်ကို ဖတ်ရတာထက် ပိုပြီးထိထိရောက်ရောက်ရှိတယ်။ ကလေးပုံပြင်တွေထက် ကလေးကဗျာတွေဟာ ပိုပြီးလူထုအကြားမှာ စိမ့်ဝင်လာတာ။ ကလေးတွေကို ပုံပြင်ပြော ချော့သိပ်နေတာထက် ကဗျာတစ်ပုဒ်က ကလေးတွေရဲ့ စိတ်ထဲကို ပိုရောက်သွားပါတယ်။

**မောင်မင်းခန့်မောင်မောင် (ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်)**

ကဗျာဆရာတွေအနေနဲ့က ခံစားချက်က နုနုရွရွလေးတွေကို သူတို့က ရေးကြတာလေ၊ အဲဒီတော့ ကျွန်တော်မြင်တာကတော့ သူတို့က အဓိက အချစ်အကြောင်းကို ဦးတည်ပြီးရေးကြတာ များတယ်လို့ထင်ပါတယ်။ ပြီးတော့ ဘာသာရေးနဲ့ ပတ်သက်တာတို့၊ မိဘက စမွေးလာကတည်းက ဒီမြန်မာနိုင်ငံမှာဆိုရင် Traditional အရ ဘာသာရေးရဲ့ လွှမ်းမိုးမှုတွေရှိတယ်။ ကျွန်တော်ထင်တာကတော့ သူ့ရဲ့ Culture ပေါ့။ စပြီးတော့ ထိတွေ့တဲ့အချိန်မှာ လူတွေက ဘာသာရေးနဲ့ စထိတွေ့တာရှိတယ်။

**မောင်အောင်ကျော်ဆင့် (ရန်ကုန်နည်းပညာတက္ကသိုလ်)**

အဓိကက ဘာသာရေးဆိုတာက လူတွေရဲ့ ယုံကြည်သက်ဝင်ရာပေါ့။ ယုံကြည်သက်ဝင်ရာဆိုရင် နောက်ဆက်တွဲအတွေးမှာ သူတို့ရဲ့အခိုင်အမာ ရယူကိုင်စွဲနိုင်တဲ့ အရာတစ်ခုလို့ လူတွေက တွေးကြတယ်ပေါ့။ များသောအားဖြင့် လူအများစုမှာတော့ ကိစ္စတစ်ခုခုဖြစ်ရင် ဘာသာရေးမှာ တိုင်တည်ကြတယ်။ ဘုရားသခင်မှာ တိုင်တည်ပြီးတော့ သက်ဝင်ရာကို ဦးတည်ပြီးတော့မှ လုပ်ကိုင်ဆောင်ရွက်ကြတယ်။ ကျွန်တော့်အတွေးပေါ့နော်၊ လူဆိုတာက ကိုယ်တိုင်ပါဝင်ပတ်သက်ရမှ ဒီကိစ္စကို စိတ်အားထက်သန်ကြတာ၊ ကိုယ်တိုင်ပါဝင်ပတ်သက်ရတယ်၊ ကိုယ်တိုင်ပါဝင်ပတ်သက်ရတဲ့အပေါ်မှာ မူတည်ပြီးတော့ စိတ်ဝင်စားမှုရှိမယ်ပေါ့။

**မခန့်ခန့်ချော (ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)**

သမီးအမြင်က နှစ်ခုစလုံးမှာ တစ်မျိုးနဲ့တစ်မျိုး ထိရောက်တယ်လို့ မြင်တာပါပဲ။ ဘာလိုမျိုးလဲဆိုတော့ ကဗျာက ဖတ်လိုက်ရင် တိုတိုလေးနဲ့ တစ်ချက်တည်း ထိသွားတယ်။ ဖတ်ပြီး လုံးဝနားမလည်လိုက်တဲ့ ကဗျာတွေလည်းရှိပါတယ်။ အဲဒါမျိုးကျတော့ ကိုယ်ပဲ လုံးဝစာဖတ်တာ နည်းသေးလို့လား၊ သူပြောတာကိုပဲ သူပေးတဲ့မက်ဆေ့ကိုပဲ မရတာလားတော့ မသိဘူးပေါ့။ ဝတ္ထုကျတော့ ဖတ်လိုက်လို့ရှိရင် တချို့ဝတ္ထုတွေကျတော့လည်း ခံစားလို့မရဘူး။

တချို့ဝတ္ထုတွေကျတော့လည်း တော်တော်ထိတယ်။ ဘယ်လိုမျိုးလဲဆိုရင် ဝတ္ထုလေးတစ်ပုဒ်ကို ဖတ်လိုက်တယ်။ ဖတ်ပြီးအမှန်တရားကိုလည်း ချပြသွားတယ်။ ဇာတ်ဆောင်ဘာလုပ်တတ်သလဲ၊ ကိုယ့်ဘာသာတွေးစေတယ်။ ဇာတ်ဆောင်က မှားနေပြီ၊ ကိုယ်က ဒါကိုအားမလို အားမရဖြစ်နေတယ်။ ခုနတုန်းက မုန်း၍မဟူဆိုရင် သူတို့နှစ်ယောက်က အပေးအယူမမျှဘူး။ မမျှတဲ့ဟာကို မိန်းကလေးဘက်က အလျှော့ပေးရတယ်။

ဘာလို့ အလျှော့ပေးရတာလဲဆိုပြီးတော့ ကိုယ်က အားမလို အားမရဖြစ်ရတယ်။ နောက် တစ်အုပ်ကဆိုရင် မောင်ထွန်းသူရဲ့ Tess ပေါ့။ မောင်ထွန်းသူ ဘာသာပြန်တဲ့ Tess ထဲမှာ သူ့ကကံကို ယုံလွန်းတယ်။ ငါကကံဆိုးတယ်ဆိုပြီးတော့ သူ့ကို ကာယအားဖြင့် အနိုင်ကျင့်သွားတဲ့သူနောက်ကိုပဲ ပုံအပ်တယ်။ ပြီးတော့ တကယ်ချစ်တဲ့ ယောကျ်ားက ပြန်လာတဲ့အခါမှာ ယောကျ်ားကို သတ်ခဲ့တယ်။ သတ်ပြီးတော့ နောက်ဆုံး သူကိုယ်တိုင်လည်း သေသွားတယ်။

ကဗျာကျတော့ တစ်ကြောင်းဆို တစ်ကြောင်း စွဲသွားတဲ့ဟာမျိုးလည်းရှိတယ်။ ခံစားရစေတဲ့ ဟာမျိုးလည်းရှိတယ်။ ဥပမာ ဂျူးရဲ့ပိုချစ်ရတဲ့သူ ကိုယ်ပဲဖြစ်ပါစေ၊ ဒီထဲမှာ တွေ့ခဲ့တဲ့ ကဗျာလေးပါ။ ဒီထဲမှာ သူပြောထားတဲ့ စာကြောင်းလေးက အကယ်၍ ချစ်ခြင်းတွေသာ မတူခဲ့ဘူးဆိုရင် ပိုချစ်ရတဲ့သူ တစ်ယောက်က ကိုယ်ပဲဖြစ်ပါရစေ၊ ပိုပြီးတော့ အလျှော့ပေးပြီး အနစ်နာခံပြီးတော့ ချစ်ရတဲ့သူဖြစ်ပါရစေဆိုပြီး အဲဒီလိုမျိုးအထိ ခံစားရစေတဲ့ စာမျိုးလေးတွေပေါ့။

**မခိုင်ဆွေဇင်သက် (ရန်ကုန်ပညာရေးကောလိပ်)**

သုတနဲ့ ရသ အဓိက ကွာခြားချက်က သုတဆိုရင် ဦးနှောက်ကို အသိဉာဏ် ဗဟုသုတတွေ ပိုပြီးတိုးလာမယ်။ ဘာသာရပ်ပိုင်းနဲ့ဆိုရင် ကိုယ့်ရဲ့လေ့လာမှုနယ်ပယ် ပိုပြီးကျယ်ပြန့်တယ်။ လူတစ်ယောက်မှာ အသိဉာဏ်တွေ ဘယ်လောက်၊ IQ တွေ ဘယ်လောက်ကောင်းကောင်း အဲဒီလူတစ်ယောက်က EQ မကောင်းရင် မကောင်းဘူးပေါ့။ သူ့ရဲ့ စိတ်ခံစားပိုင်းဆိုင်ရာကိုလည်း အားဖြည့်ဖို့လိုအပ်တယ်။ စိတ်ခံစားမကောင်းဘူးဆိုရင်လည်း ဘယ်လောက်အသိဉာဏ်တွေ၊ ဉာဏ်ပညာတွေနဲ့ ပြည့်စုံနေနေ၊ လူ့လောကကို ကောင်းကျိုးပေးနိုင်တဲ့သူ မဟုတ်ဘူးလို့ ထင်ပါတယ်။ အဲဒီတော့ သုတရော၊ ရသရော တွဲပြီး ဖတ်သင့်တယ်။ ကိုယ့်မှာ အသိပညာတွေ၊ ဗဟုသုတတွေ တိုးပွားအောင် နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်အောင် သမီးတို့ အသိပညာတွေတိုးအောင် သုတစာပေတွေ ဖတ်သင့်သလို ရသစာပေကကျတော့ ကိုယ့်ရဲ့စိတ်နှလုံးသားတွေလည်း နူးညံ့သိမ်မွေ့တယ်။ ကိုယ့်ရဲ့ပတ်ဝန်းကျင်ကိုလည်း ကိုယ်က ဘယ်လောက်ထိ ကောင်းကျိုးလုပ်ပေးနိုင်မလဲဆိုတဲ့ အတိုင်းအတာ တစ်ခုရအောင်လို့ သုတရော၊ ရသရော ဖတ်သင့်ပါတယ်။

**မချယ်ရတီမြင့် (ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)**

ရသစာပေကို နှလုံးသားနဲ့ ခံစားဖို့အတွက်လို့ မြင်ပါတယ်။ သုတမှာဆိုရင် အသိပညာတွေ ရလာမယ်။ အသစ်အသစ်တွေ သိလာခွင့်ရမယ်။ ကဗျာဖြစ်ဖြစ်၊ ဝတ္ထုဖြစ်ဖြစ် ဘေးပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတဲ့ အရာတွေကို ကိုယ်တိုင်ပါဝင် ခံစားစီးမျောခွင့်ရမယ်။ ကိုယ်မကြုံဖူးတဲ့ နေရာတွေကို ရသစာပေကနေသွားပြီး စီးမျောခွင့်ရမယ်။ နှလုံးသားနဲ့ ခံစားတဲ့အရာလို့ ထင်ပါတယ်။

**မောင်ကျော်လင်း (ရန်ကုန်တက္ကသိုလ်)**

ကျွန်တော်ကြားဖူးတာကတော့ ရသ မပါတဲ့ သုတ၊ သုတ မပါတဲ့ ရသ ဒီလိုမျိုးတစ်ခုကို ချန်ခဲ့ပြီး တစ်ခုပဲရှိတဲ့ စာပေတွေက ထိထိရောက်ရောက် မရှိဘူးလို့ ကြားဖူးပါတယ်။ ရသစာပေမှာလည်း သုတဆိုတဲ့ အရာတွေပါရမယ်။ ကျွန်တော်ကတော့ သုတစာပေတွေကို ဖတ်ဖြစ်သလို ရသစာပေတွေလည်း ဖတ်ဖြစ်ပါတယ်။ ကျွန်တော် မြင်တာကတော့ ရသစာပေနဲ့ သုတစာပေ နှစ်ခုလုံး အရေးကြီးတယ်။ ကျွန်တော်တို့ နိုင်ငံက လူငယ်တွေအနေနဲ့ နှစ်ခုစလုံး အားဖြည့်ဖို့ လိုအပ်ပါတယ်။ ဦးနှောက်ကိုလည်း အားဖြည့်ဖို့ လိုအပ်သလို နှလုံးသားကိုလည်း အင်အားဖြည့်ဖို့ လိုပါတယ်။

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်**

ရသစာပေ စကားဝိုင်းဆိုတော့ နောက်ဆုံးကျန်တဲ့အချိန်မှာ ဘာဆွေးနွေးချင်လဲဆိုတော့ ပညာရေးစနစ်။ အခုမြန်မာနိုင်ငံရဲ့ ပညာရေးစနစ်ထဲမှာ ရသစာပေရဲ့ကဏ္ဍကို ဘယ်လိုမြင်သလဲ။ သင်ပုံသင်နည်းက အားရသလား။ အားမရဘူးလား။ ဘယ်လိုပုံစံနဲ့ ရသစာပေကို ပညာရေးစနစ် မြင့်မားရေးအတွက် သုံးရင်ကောင်းမလဲဆိုတာကို ဆွေးနွေးချင်ပါတယ်။ အဲဒါကို မသွားခင် စာကြည့်တိုက်တွေအကြောင်းလည်း နည်းနည်းဆွေးနွေးချင်ပါတယ်။

အဓိကက ရသစာပေအကြောင်း ဆွေးနွေးတယ်ဆိုပေမယ့်လည်း ရည်ရွယ်ချက်က ကျောင်းသားလူငယ်တွေ စာဖတ်စေချင်လို့၊ စာဖတ်တာဝါသနာပါစေချင်လို့။ စာဖတ်ဖို့ ဘာဖြစ်လို့ အရေးကြီးလည်းဆိုတာကို ဆွေးနွေးရမယ်။ နောက်တစ်ခုက မြန်မာနိုင်ငံရဲ့ စာကြည့်တိုက်တွေ အခြေအနေနဲ့ ပတ်သက်လို့ အားလုံးကနေ ဝိုင်းပြီးတော့ တိုးတက်ဖို့အတွက် ဘယ်လိုလုပ်ပေးနိုင်မလဲဆိုတာ အဲဒီနှစ်ခုကို ဆွေးနွေးပြီးတော့ ဒီနိုင်ငံရဲ့ပညာရေးစနစ်မှာ ရသစာပေရဲ့ အခန်းကဏ္ဍကို နည်းနည်းဆွေးနွေးရအောင်။

**မဝင့်မြတ်နိုး (ရန်ကုန်နည်းပညာတက္ကသိုလ်)**

ကျွန်မတို့ဆီမှာ ဘယ်လိုဖြစ်နေလဲဆိုတော့ စာကြည့်တိုက်က မထိရောက်ဘူးဖြစ်နေပါတယ်။ အကုန်လုံးက စာအုပ်ကောင်းတွေကို သော့ခတ်ပြီးသိမ်းထားပါတယ်။

အဲဒီတော့ စာကြည့်တိုက်ကို အားမကိုးရဘဲနဲ့ အင်တာနက်ကနေပြီး စာအုပ်တွေ လိုက်ရှာဒေါင်းလုတ်ဆွဲပြီး ဖတ်နေရပါတယ်။ ကျွန်မအနေနဲ့ ပြောချင်တာက စာတစ်ခုကို လေ့လာတဲ့နေရာမှာ စာအုပ်ကိုကိုင်ပြီး ဖတ်ရမှအားရတဲ့သူပါ။ အဲဒါကြောင့် စာကြည့်တိုက်မှာ တက္ကသိုလ်ကျောင်းသားတွေရော၊ အလယ်တန်း၊ အထက်တန်း၊ အခြေခံကျောင်းသားတွေ အကုန်လုံးကို လွတ်လွတ်လပ်လပ် ဖတ်စေချင်ပါတယ်။ ငှားခွင့်လည်း ရစေချင်ပါတယ်။ ဒီစာအုပ်တွေဟာ သော့ခတ်ထားပြီး ဖုန်တက်နေရုံမှ တစ်ပါး တန်ဖိုးမရှိသလို ဖြစ်နေပါတယ်။

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်**

ကမ္ဘာပေါ်မှာ နာမည်အကြီးဆုံး၊ အချမ်းသာဆုံး၊ ပံ့ပိုးမှု အကောင်းဆုံး စာကြည့်တိုက်တွေတောင်မှ တကယ့်အဖိုးတန်တဲ့ စာအုပ်တွေဆိုရင် ဒီလိုပဲသော့ခတ်ထားပါတယ်။ အဖိုးတန်တဲ့ စာအုပ်တွေကို ကြည့်ခွင့်မရှိဘူးလားဆိုရင် ရှိပါတယ်။ ဒါပေမယ့် အကြောင်းပြချက်ရှိရပါမယ်။ အင်မတန်မှ အဖိုးတန်တဲ့စာအုပ်ဟောင်းကြီးတွေ၊ အင်မတန်မှရှားပါးတဲ့ စာအုပ်တွေကျတော့ အဲဒီလိုက စည်းမျဉ်းစည်းကမ်းတွေ ထားတာတော့ မထူးဆန်းပါဘူး။ ဒါမျိုးက ရှိကြတာပါပဲ။

**မမေရတနာဦး (ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)**

စာကြည့်တိုက်တွေ ဘယ်လောက်ပဲ ကောင်းကောင်း၊ စာကြည့်တိုက်တွေ ဘယ်လောက်ပဲရှိရှိ၊ ပညာရေးစနစ်က စာကြည့်တိုက်ကို အခြေပြုတဲ့ ပညာရေးစနစ်မဟုတ်တဲ့အတွက်ကြောင့် ကျောင်းသားတွေဟာ စာကြည့်တိုက်ထဲကို မဝင်ဖြစ်ပါဘူး။

ကျွန်မတို့ ကျောင်းမှာ စပြီးလုပ်လာပါပြီ။ ဘယ်လိုလုပ်သလဲဆိုရင် ကျောင်းသားတစ်ယောက်က သင်ခန်းစာတစ်ခု သင်မယ်ဆိုရင် ဒီသင်ခန်းစာနဲ့ပတ်သက်ပြီး သူကအပြင်ကနေ ဗဟုသုတတွေ ရှာလာရမယ်။ ပြီးရင် အဲဒီဟာနဲ့ပတ်သက်ပြီး အမှတ်ပေးတယ်။ ပြီးရင် အတန်းထဲမှာ အချင်းချင်းဆွေးနွေးကြမယ်။ ဆွေးနွေးချက်တွေနဲ့ ပတ်သက်တော့ ဆရာမက အမှတ်ပေးတယ်။ ဒီလိုပုံစံမျိုးတွေ လုပ်လာပါတယ်။

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်**

ခုနက သမီးပြောသွားတဲ့အထဲမှာ စာကြည့်တိုက်ကို အခြေခံတဲ့ပညာရေးစနစ် မဟုတ်ဘူးဆိုတော့ ကျောင်းကိုပဲ စဉ်းစားနေတယ်။ စာကြည့်တိုက်ဆိုတာ ကျောင်းပဲရှိရမှာ မဟုတ်တာ။ ကျောင်းပြင်ပမှာလည်း စာကြည့်တိုက်တွေ ရှိရပါမယ်။ စာကြည့်တိုက်သွားတဲ့ ယဉ်ကျေးမှု၊ စာကြည့်တိုက်ကိုသုံးတဲ့ ယဉ်ကျေးမှုဆိုတာဟာ မိသားစုကလည်း ပံ့ပိုးပေးရမယ်။ ကူညီရမယ်။ မိဘတွေက ကလေးတွေကို စာကြည့်တိုက်ကို ခေါ်သွားတဲ့ အလေ့အကျင့်တွေ လုပ်ရပါမယ်။ အားလုံးပဲကျောင်းမှာပဲတော့ မဟုတ်ဘူးပေါ့။

ပထမဦးဆုံး ကျောင်းမှာ စာကြည့်တိုက်မဟုတ်ရင်တောင်မှ စာအုပ်ဗီရိုလေးတစ်ခုတော့ ရှိစေချင်ပါတယ်။ စာအုပ်ဗီရိုလေးရှိရင် စာအုပ်ငှားတဲ့အကျင့်၊ စာအုပ်ငှားပြီးတော့ ဖတ်တဲ့အကျင့်၊ တစ်ပတ်ဆိုလည်းတစ်ပတ်၊ နှစ်ပတ်ဆိုလည်း နှစ်ပတ် အဲဒီအချိန်အတွင်းမှာ စာအုပ်ပြီးအောင်ဖတ်ပြီးရင် နောက်အသစ်တစ်ခုနဲ့သွားလဲ၊ စာကြည့်တိုက်သွားချိန်ဆိုပြီးတော့ အဲဒါကတော့ ရှိသင့်တယ်လို့ ထင်ပါတယ်။ အမေတို့ငယ်ငယ်တုန်းက ကျောင်းမှာဆိုရင် တစ်ပတ်တစ်ခါ စာကြည့်တိုက်သွားချိန် ရှိပါတယ်။

ဒါကိုတော့ ပညာရေးဝန်ကြီးဌာနက ဦးဆောင်ပြီး ဒီဟာအတွက် လုပ်ပေးပါမယ်။ အဲဒီလိုလုပ်မယ်ဆိုရင် စာကြည့်တိုက်ယဉ်ကျေးမှုဟာ ဖြစ်လာမှာပါ။ ဖြစ်လာတဲ့အခါ ဒီစာကြည့်တိုက်ကို အားပေးဖို့၊ ပံ့ပိုးဖို့ဆိုတာကလည်း ပြည်သူတွေကလည်း ဝိုင်းပြီးလုပ်ပေးရပါမယ်။

စာကြည့်တိုက်တွေမှာ တော်တော်များများရှိတာ ဘာလဲဆိုတော့ အိမ်တွေကမလိုချင်လို့ လှူတယ်ဆိုတဲ့ဟာ။ တကယ်တော့ မလိုချင်တဲ့ဟာ။ လှူတာမဟုတ်ဘူး။ ပစ်လိုက်တာပဲ။ မဂ္ဂဇင်းအဟောင်းကြီးတွေ၊ ဂျာနယ်အဟောင်းကြီးတွေ၊ ဘယ်သူမှမဖတ်ချင်တဲ့ဟာတွေနဲ့ လုပ်ထားတဲ့ စာကြည့်တိုက်ယဉ်ကျေးမှုက ကြီးပွားမှာ မဟုတ်ဘူး။ ဘယ်သူကမှ စာကြည့်တိုက်ကို သွားချင်မှာမဟုတ်ပါဘူး။ စာကြည့်တိုက်မှာဆိုရင် လူတွေဖတ်ချင်တဲ့စာအုပ်တွေ ရှိရပါမယ်။ အခု အမေတို့ဆိုရင် ရွေ့လျားစာကြည့်တိုက်လုပ်တယ်။ ရွေ့လျားစာကြည့်တိုက်က ကလေးတွေကို ဦးတည်တာဆိုတော့ ကလေးတွေဖတ်ချင်တဲ့ ဟာမျိုးကို အဓိကထားပါတယ်။

**မရည်မွန်အောင် (ရန်ကုန်စီးပွားရေးတက္ကသိုလ်)**

စာကြည့်တိုက်နဲ့ ပတ်သက်ပြီး ပြောချင်တာတစ်ခုက ကလေးတွေအတွက် အခုရန်ကုန်မှာရှိနေတဲ့ စာကြည့်တိုက်တွေ၊ ကျွန်မတို့ပတ်လည်မှာရှိနေတဲ့ စာကြည့်တိုက်တွေမှာ ကလေးတွေအတွက် စာအုပ်တွေမရှိပါဘူး။ ရှိတဲ့ဟာတွေက လူငယ်တွေအတွက်ပဲဖြစ်ပါတယ်။ ပြီးတော့ ရှိနေတဲ့စာအုပ်တွေကလည်း အဟောင်းတွေပါ။ အခုဒီခေတ် Up To Date ဖြစ်တဲ့စာအုပ်တွေ မရှိပါဘူး။ Up To Date ဖြစ်တဲ့စာအုပ်တွေကိုလည်း မဝယ်ဖတ်နိုင်ပါဘူး။ ဒါပေမယ့် ကိုယ်က ဒီစာအုပ်တွေကိုဝယ်ဖို့ ပိုက်ဆံမရှိတဲ့အတွက်၊ မတတ်နိုင်တဲ့အတွက် စာကြည့်တိုက်မှာ သွားငှားရမယ်လို့ လုပ်လိုက်တဲ့အခါမှာ စာကြည့်တိုက်မှာ အဲဒီလိုစာအုပ်မျိုးတွေ မရှိပါဘူး။

ပြီးရင် စာကြည့်တိုက်တွေနဲ့ ပတ်သက်ပြီး ကျောင်းပညာရေးစနစ်က ပြောင်းလဲသင့်ပါတယ်။ ဘယ်လိုပြောင်းလဲသင့်လဲဆိုရင် ကျွန်မတို့ဆိုရင် Presentation ပုံစံ ပြောင်းလဲလိုက်တယ်။ ဒီလို ပြောင်းလဲလိုက်တဲ့အခါမှာ ခေါင်းစဉ်တစ်ခုပေးတယ်။ ဆရာမက ဘာမှမသင်ဘဲနဲ့ ခေါင်းစဉ်တစ်ခုပေးတယ်။

*စာမျက်နှာ ၁၀ သို့*

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၈**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## ဥပဒေကြမ်းနှစ်ခုနှင့် စပ်လျဉ်းသည့် အစီရင်ခံစာများ လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်းနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ ဆောင်ရွက်

ယနေ့အစည်းအဝေးတွင် ဥပဒေကြမ်းနှစ်ခုနှင့်စပ်လျဉ်းသည့် အစီရင်ခံစာများအား လွှတ်တော်သို့ဖတ်ကြားတင်ပြခြင်းနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြသည်။

အစီရင်ခံစာ၌ ၂၀၁၈-၂၀၁၉ ခုနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဥပဒေကြမ်း ပူးပေါင်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်းက လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းတွင် နှစ်အလိုက်ဈေးနှုန်းအရ ကဏ္ဍကြီးများအလိုက် ပါဝင်မှုအချိုး၌ လယ်ယာကဏ္ဍကြီးတွင် ၂၁ ဒသမ ၉ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၃၇ ဒသမ ၃ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၄၀ ဒသမ ၈ ရာခိုင်နှုန်း အသီးသီးဖြစ်ပေါ်ရန် ရည်မှန်းထားကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် နှစ်အလိုက် ဈေးနှုန်းများအရ စုစုပေါင်းထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုတန်ဖိုးပါဝင်မှုအချိုးကို ထုတ်လုပ်မှုတန်ဖိုးတွင် ၅၉ ဒသမ ၂ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုတန်ဖိုးတွင် ၁၉ ဒသမ ၉ ရာခိုင်နှုန်းနှင့် ကုန်သွယ်မှုတန်ဖိုးတွင် ၂၀ ဒသမ ၉ ရာခိုင်နှုန်း အသီးသီးရည်မှန်းထားကြောင်း ဖော်ပြပါရှိသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေဆိုင်ရာနှင့် ရငွေသုံးငွေဆိုင်ရာ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ ဖတ်ကြားတင်ပြ

ထို့နောက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေဆိုင်ရာနှင့် ရငွေသုံးငွေဆိုင်ရာ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းတို့က လွှတ်တော်သို့ ဖတ်ကြားတင်ပြကြသည်။

ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်တွင် တင်ဒါလုပ်ငန်းစဉ်များနှင့် လုပ်ငန်းတန်ဖိုးပေးချေမှုတို့တွင် မလိုလားအပ်သော နှောင့်နှေးကြန့်ကြာမှုများ မဖြစ်ပေါ်စေရေးအတွက် ဗဟိုချုပ်ကိုင်မှုကိုလျှော့ချပြီး မူဝါဒနှင့် လုပ်ရိုးလုပ်စဉ် Procedure လုပ်ငန်းစဉ်တို့ကို ပိုင်းခြားသတ်မှတ်၍ လုပ်ငန်းစဉ် အဆင့်လိုက်တွင် ပွင့်လင်းမြင်သာမှုရှိပြီး တာဝန်ယူ၊ တာဝန်ခံစနစ်ဖြင့် ဆောင်ရွက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့၏ စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်ရန် လွှဲအပ်ထားသည့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ခွင့်ပြုချက်ပါလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်ပါက ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်းနှင့် တာဝန်ခွဲခြားသတ်မှတ်ပြီး တာဝန်ယူ၊ တာဝန်ခံစနစ်ဖြင့် ဆောင်ရွက်ရန်။



လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို



ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း

အရှုံးဖြစ်ပေါ်နေသည့်အဖွဲ့အစည်းများကို ပထမအဆင့်အနေဖြင့် အရှုံးလျော့နည်းသက်သာစေနိုင်ရေးနှင့် လေလွင့်ဆုံးရှုံးမှုများ ထိန်းသိမ်းဆောင်ရွက်ရန်၊ ဒုတိယအဆင့်အနေဖြင့် အရှုံးလျော့နည်းသက်သာရာမှ မရှုံးမမြတ်အခြေအနေဖြစ်စေရန်၊ လုပ်ငန်းအောင်မြင် အမြတ်ရရှိစေပြီး မိမိကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေဖြင့် ရပ်တည်နိုင်သော အဖွဲ့အစည်းဖြစ်စေရန်။

အမြတ်ရရှိနေသောအဖွဲ့အစည်းများကို မလိုလားအပ်သော လေလွင့်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန် ထိန်းသိမ်းဆောင်ရွက်ရန်နှင့် ရရှိသောအကျိုးအမြတ်သည် အမှန်တကယ် ရရှိသင့်သော ထိုက်သင့်သည့်အမြတ်ဖြစ်စေရန် ဆောင်ရွက်သင့်ကြောင်း ဖော်ပြပါရှိသည်။

အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်အထိ ဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက အစီရင်ခံစာတွင် ဖော်ပြပါရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့် လုပ်ငန်းအရေအတွက် တိုးတက်လာသော်လည်း ရင်းနှီးမြှုပ်နှံမှုပမာဏမှာ လျော့နည်းသွားပါကြောင်း၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခဲ့သည့် ကဏ္ဍနှင့် လုပ်ငန်းအရေအတွက် တိုးတက်ရုံသာမက ရင်းနှီးမြှုပ်နှံမှု ပမာဏမှာလည်း သိသိသာသာတိုးတက်လာသည်ကို တွေ့ရပါကြောင်း။

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာမည်ဆိုပါက တိုင်းပြည်စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုမည်

လယ်ယာကဏ္ဍမှ ထွက်ရှိလာသည့် ကုန်ကြမ်းများကို အသုံးပြုပြီး တန်ဖိုးမြှင့်ထုတ်ကုန် Value added ထုတ်လုပ်သည့် စက်ရုံများ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာမည်ဆိုပါက တိုင်းပြည်စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်ပြီး ကုန်သွယ်ရေးလိုငွေပြမှု လျော့နည်းလာခြင်းနှင့်အတူ နိုင်ငံခြားငွေများလည်း ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ပနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုများအနေဖြင့် အိမ်ရာအဆောက်အအုံနှင့် ဝန်ဆောင်မှုများတွင်သာ ရင်းနှီးမြှုပ်နှံကြသည်ကို တွေ့ရပြီး စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုအားနည်းသည်ကို တွေ့ရပါကြောင်း၊ အခြေခံလူတန်းစား အကျိုးစီးပွားများနှင့် တိုက်ရိုက်အကျိုးသက်ရောက်နေသည့် ကဏ္ဍနှစ်ခုတွင် ပိုမိုရင်းနှီးမြှုပ်နှံမှု ပြုလာကြစေရန် နည်းလမ်းရှာဖွေသင့်ပါကြောင်း။

နိုင်ငံအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်လာရန်မှာ ကျပ်ငွေတန်ဖိုးတည်ငြိမ်ရေး၊ ကျွမ်းကျင်လုပ်သား လွယ်လွယ်ကူကူရရှိရေး၊ မြေနေရာရရှိရေး၊ ဈေးနှုန်းသင့်တင့်ရေး၊ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေး၊ အလုပ်ရှင် အလုပ်သမားပြဿနာနှင့် ဆန္ဒပြမှုများ မကြာခဏမဖြစ်ပေါ်စေရေး၊ အဂတိလိုက်စားမှုကင်းရှင်းရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ နယ်မြေအေးချမ်းတည်ငြိမ်ရေးနှင့် ဒေသတွင်းငြိမ်းချမ်းသာယာမှုနှင့် တရားဥပဒေစိုးမိုးမှုရှိရေးတို့သည် ရင်းနှီးမြှုပ်နှံလိုသူများအတွက် အဓိကလိုအပ်ချက်များဖြစ်၍ နိုင်ငံ၏လက်ရှိအားနည်းချက်များကို ပြုပြင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းက နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ ပြည်တွင်းဝင်ရောက်မှုနည်းပါးခြင်း၏ အကြောင်းအရင်းမှာ ရင်းနှီးမြှုပ်နှံမှုပြုပြီးနောက်ပိုင်း အကာအကွယ်ရသင့်သလောက်မရခြင်း၊ နေရာတော်တော်များများ ပညာပြမှုများကြောင့် ကြန့်ကြာနှောင့်နှေးမှုများနှင့် ကြုံနေရခြင်းတို့ ပါဝင်နေပါကြောင်း၊ တာဝန်ရှိဌာနများက လိုအပ်သည်ထက် ကြန့်ကြာနေခြင်းကြောင့် ရင်းနှီးမြှုပ်နှံကြသူများအတွက် အချိန်နှင့်အမျှ အခက်အခဲများစွာ ကြုံတွေ့နေရသည့်အတွက် နိုင်ငံတော်နှင့် လုပ်ငန်းရှင်များသာမက ဒေသခံတို့အတွက်ပါ ထိခိုက်နစ်နာမှုများစွာ ဖြစ်ပေါ်နေပါကြောင်း။

## ရင်းနှီးမြှုပ်နှံမှုအသစ်များ ဝင်ရောက်စေလိုပါက ပြည်တွင်းက ရှိပြီးသားလုပ်ငန်းများကို ပြည့်ဝစွာတရားမျှတမှုရှိသည့် ယှဉ်ပြိုင်ခွင့်နှင့် အကာအကွယ်များပေးရန် လိုအပ်မည်ဖြစ်

ရင်းနှီးမြှုပ်နှံမှုအသစ်များ ဝင်ရောက်စေလိုပါက ပြည်တွင်းက ရှိပြီးသားလုပ်ငန်းများကို ပြည့်ဝစွာတရားမျှတမှုရှိသည့် ယှဉ်ပြိုင်ခွင့်နှင့် အကာအကွယ်များပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ခဲ့ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုရှိ/ မရှိ၊ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် လုပ်ငန်းစီမံချက်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်မှု ရှိ/မရှိတို့ကို စဉ်ဆက်မပြတ် ၁၄၅ ကြိမ်မျှ ကွင်းဆင်းခဲ့သည့်တိုင် လုပ်ငန်းရှင်များ၏ အပြစ်များကို အမှန်တကယ် မတွေ့ရှိခဲ့သည်မှာ စဉ်းစားစရာဖြစ်စေပါကြောင်း၊ မြေပြင်အခြေအနေတွင် ဒေသခံများ၏ တင်ပြချက်၊ ကိုယ်စားလှယ်များ ကွင်းဆင်း တွေ့ရှိချက်များတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ဥပဒေကို ရှောင်တိမ်းပြီး လုပ်ဆောင်နေသည့် ရင်းနှီးမြှုပ်နှံမှုများစွာကို တွေ့ရှိခဲ့သည့်အတွက် လိုအပ်နေသည်များ ပြင်ဆင်သင့်သည်များကို MIC အနေဖြင့် ပြင်ဆင်ဖြည့်စွက်ဆက်လက်လုပ်ဆောင်သင့်ပါကြောင်း ဆွေးနွေးသည်။

အလားတူ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဝေစိန်အောင်၊ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးသန်းစိုး(ခေါ်)သန်းစိုး(ဘောဂဗေဒ)၊ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၊ ရေဖြူမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၊ ဘူးသီးတောင် မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးချစ်ထွေးနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်းတို့ကလည်း ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ဩဂုတ် ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်၊ ဟန်လင်းနိုင်(သတင်းစဉ်)**

---

*စာမျက်နှာ ၉ မှ*

ဒါကို ကျောင်းသားတွေက အဖွဲ့ဖွဲ့ပြီးတော့ Presentation လုပ်ရမယ်ဆိုတဲ့အခါ ကိုယ်ကလည်း ဘာမှမသိဘူး။ ဘာမှမသိတဲ့အတွက် စာအုပ်တွေက ရှာတယ်။ Google က ရှာတယ်။ ဒီလိုရှာပြီး ဖတ်ရင်းနဲ့မှ ကိုယ်ကပိုပြီးတော့ တတ်လာတယ်။

**မောင်မင်းအေးချမ်းကို (ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)**

ရသစာပေ စကားပြေ၊ ကဗျာတွေသင်တဲ့အခါမှာ ကျောင်းတွေမှာ ရည်ရွယ်ချက်တွေကို ထည့်ထည့်သင်နေတာက နည်းလမ်းမကျဘူး ဖြစ်နေတယ်။ ဆိုလိုတာက ကဗျာဆရာရေးတဲ့ ရည်ရွယ်ချက်ကို သင်ကြားတဲ့သူ သေချာသိလို့ ကျောင်းသားတွေဆီ ပြန်ပြီးတော့ ဖြန့်ဝေသလား။ ကဗျာဆရာက ရည်ရွယ်ချက်တစ်မျိုးတည်းရေးတာ၊ ကျောင်းသားတွေ သင်ရတဲ့ပုံစံက နောက်ရည်ရွယ်ချက်တစ်မျိုးဖြစ်နေတယ်။ တစ်နည်းအားဖြင့် ကျောင်းသားတွေဟာ ကဗျာတစ်ပုဒ်ရဲ့ရည်ရွယ်ချက်ကို ဖြေတဲ့အခါကျရင် လွတ်လွတ်လပ်လပ် ဖြေခွင့်မရှိဘူး။ ကဗျာကို ပိုနားလည်လာဖို့ဆိုရင် ကဗျာရည်ရွယ်ချက်ကိုပါ ဘောင်ဖွင့်ထားပေးဖို့ လိုမယ်။ ကဗျာကိုရေးတဲ့ ရည်ရွယ်ချက်နဲ့ ကျောင်းသားက ဒီကဗျာကိုဖတ်ပြီး ရလာတဲ့ ရည်ရွယ်ချက်က တူချင်မှလည်း တူမှာပေါ့။ မတူကွဲပြားမှုတွေကို အတိုင်းအတာတစ်ခုအထိ လက်ခံတယ်လို့တော့ မြင်ပါတယ်။

**မောင်အောင်ကျော်ဆင့် (ရန်ကုန်နည်းပညာတက္ကသိုလ်)**

ကျွန်တော့်အမြင်က ပညာရေးဆိုတာလည်း တွေးခေါ်မှု၊ တွေးခေါ်ပေးတာ ပညာရေး၊ စောစောကပြောသလို ကဗျာရဲ့ ရည်ရွယ်ချက်က ဘာဖြစ်ပါတယ်၊ ဒီကဗျာရဲ့ ရည်ရွယ်ချက်က ဘာဆိုပြီး ဒီလိုရေးပြီး ထွက်သွားလို့မရဘူး။ အမေ မန္တလေး စကားဝိုင်းမှာ ပြောဖူးပါတယ်၊ ဒီကဗျာတစ်ခုကို ရေးတဲ့သူက ဒီလိုတွေးလို့ရေးတယ်၊ ဒါမှမဟုတ် တစ်မျိုးတွေးချင် တွေးမှာပေါ့၊ အမျိုးမျိုးရှိနိုင်တယ်။ ကျွန်တော်တို့က ပညာရေးမှာ အဲဒီလို အတွေးအခေါ်ပေးရမယ်။ လွတ်လွတ်လပ်လပ် တွေးနိုင်ရမယ်။ ကျွန်တော်ကတော့ စာပေပဲဖတ်ဖတ်၊ သတင်းစာခေါင်းစီးပဲဖတ်ဖတ် သူတို့တွေက ဘာလို့ဒီလိုရေးတာလဲ မသိဘူး၊ ဘာကိုပြောချင်တာလဲ မသိဘူး၊ အဲဒီလိုမျိုးတွေးပါတယ်။ အဲဒီအတွေးက ပညာရေးကလာတဲ့ အတွေးပါ။

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်**

ကျွန်မတို့ လူငယ်တွေအားလုံးဟာ အချိန်ကိုလေးစားတဲ့ ယဉ်ကျေးမှုတစ်ခုတော့ ထူထောင်ရမယ်။ အချိန်ကိုလေးစားတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ်လေးစားတာလည်း ဖြစ်တယ်။ ကိုယ်နဲ့ ပါဝင်ပတ်သက်နေတဲ့သူတွေကို လေးစားတာလည်း ပါတယ်။ ဥပမာဆိုရင် မိတ်ဆွေတစ်ယောက်နဲ့ ချိန်းထားတယ် ငါးနာရီမှာတွေ့ဖို့ ချိန်းထားတယ်။ ကိုယ်က ငါးနာရီမှာ မရောက်ဘူး၊ သူက ငါးနာရီမှာ စောင့်နေတယ်။ ကိုယ်က ပေါ့ပေါ့ပဲ၊ ကိုယ့်ကိစ္စပြီးမှ သွားမယ်။ ဟိုက မိနစ် ၂၀၊ နာရီဝက် စောင့်ရတယ်ဆိုရင် သူ့ကိုမလေးစားရာ ရောက်တယ်။ ကိုယ့်ကိုယ်ကိုယ်လည်း မလေးစားရာ ရောက်တယ်။ ကိုယ်ဟာပေါ့တဲ့သူ၊ ကိစ္စတစ်ခုလုပ်တဲ့နေရာမှာ လေးလေးနက်နက် မရှိတဲ့သူ ကိုယ့်ကိုယ်ကိုယ်လည်း မလေးစားရာ ရောက်တယ်။

ကမ္ဘာပေါ်မှာ အင်မတန်မှတိုးတက်တဲ့ နိုင်ငံကြီးတွေ ဥပမာ ဒုတိယကမ္ဘာစစ်ပြီး ကာလဆိုရင် စစ်ရဲ့ဒဏ်ကြောင်မို့ ပြာကျနေတဲ့ ဂျာမနီနိုင်ငံတို့လို၊ ဂျပန်နိုင်ငံတို့လို နိုင်ငံမျိုး မြန်မြန်ဆန်ဆန် တိုးတက်ရခြင်းအကြောင်းက သူတို့ပြည်သူလူထုရဲ့ အချိန်ကို လေးစားမှု၊ စည်းကမ်းရှိမှု၊ ဝါယမစိုက်ထုတ်မှု ဒါတွေနဲ့အများကြီး သက်ဆိုင်တယ်။ အချိန်ကိုလေးစားပါဆိုတာကို ဒီစကားဝိုင်းကို အကြောင်းပြုပြီး လူငယ်တွေကို မှတ်သားထားစေချင်တယ်။ အချိန်နဲ့ တိတိကျကျ အဲဒါကို ဂုဏ်ယူရမယ်။ အမေတို့ကဆိုရင် သုံးနာရီချိန်းထားရင် သုံးနာရီရောက်ဖို့ဆိုရင် ဂုဏ်ယူတယ်။ သုံးနာရီနဲ့ သုံးမိနစ်၊ နည်းနည်းနောက်ကျပြီဆိုရင် စိတ်ထဲမှာ တစ်မျိုးဖြစ်တယ်၊ နောက်ကျသွားပြီဆိုပြီး နည်းနည်းအပြစ်ရှိသွားသလို ခံစားရတယ်။

ဒီလိုအချိန်နဲ့ လုပ်တယ်ဆိုတာလည်း ကိုယ့်ကိုယ်ကိုယ် လေ့ကျင့်ရာလည်းရောက်တယ်။ ဒီအချိန်အတွင်းမှာ အလုပ်တစ်ခုကို ပြီးအောင်လုပ်နိုင်ဖို့ ကိုယ်ကနေပြီး ခန့်မှန်းထားနိုင်ရမယ်။ ဒီအလုပ်တစ်ခုကို မစခင်မှာ ဒီအချိန်မှာပြီးအောင် ဘယ်လိုလုပ်မလဲဆိုပြီး သတိရှိနေရမယ်။ နာရီကြည့်တယ်ဆိုတာ ကိုယ်က အချိန်ကုန်တော့မယ်ဆိုရင် ဒီအချိန်မကုန်ခင်မှာ နိဂုံးချုပ်ရမယ်။ နိဂုံးချုပ်တဲ့အခါမှာ နိဂုံးချုပ်ပီပီ နိဂုံးချုပ်ရမယ်။ စကားပြောနေရင်းဖြတ်ပြီး နိဂုံးချုပ်တာ အဲဒါကြိုတင်စီစဉ်ထားတာ မရှိဘူး၊ တွေးခေါ်ထားတာမှ မရှိတာ။

ပရိသတ်တွေအနေနဲ့ ဒီမှာပဲ နှုတ်ဆက်ရမှာဆိုတော့၊ အဓိကပြောချင်တာက ပရိသတ်ကို ကျေးဇူးတင်တယ်လို့ ပြောချင်တယ်။ ဆွေးနွေးဝိုင်းတစ်ခုဆိုတာ ပရိသတ်ပါဝင်မှ မြိုင်တာပေါ့။ ဒီပရိသတ်က တော်တော်ကို ပါဝင်မှုရှိတဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ ကျွန်မတို့ပြောချင်ပါတယ်။ ပါဝင်မှုရှိလို့ မြိုင်တာလည်း ရှိတယ်။ နောက်တစ်ခုက ပရိသတ်ရဲ့ တုံ့ပြန်မှုကိုကြည့်ပြီး ပညာရေးမှာဘာတွေလုပ်ဖို့လိုလဲဆိုတာ ပညာရေးဝန်ကြီးဌာန ဆရာ၊ ဆရာမတွေလည်း သိခွင့်ရလို့လည်း ကျေးဇူးတင်ပါတယ်လို့ ပြောရင်းနဲ့ နိဂုံးချုပ်ပါတယ် ဟု ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရသစာပေစကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရသစာပေစကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့်အတူ လက်ဖက်ရည်ဝိုင်းဖွဲ့ကာ စာပေနှင့် ပညာရေးဆိုင်ရာကိစ္စများကို ဆွေးနွေးဖလှယ်ပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

လက်ဖက်ရည်ဝိုင်းသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ စာကြည့်တိုက်ပညာရှင် ဒေါက်တာသော်ကောင်း၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက်မှူးနှင့် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှူးတို့လည်း တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၈**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ရုံးခန်း၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တရုတ်-မြန်မာ နှစ်နိုင်ငံအစိုးရအချင်းချင်း၊ ပြည်သူအချင်းချင်း၊ လွှတ်တော်များအချင်းချင်း ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**



**ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်အား လက်ခံတွေ့ဆုံစဉ်။**
သတင်းစဉ်

---

▲ *ကျောဖုံးမှ*



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်**



**ဒုတိယဝန်ကြီး ဦးဆက်အောင်**

**"၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဆောင်ရွက်ခဲ့သည့် မြန်မာ့စီးပွားရေးလုပ်ငန်းစစ်တမ်းအရ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းအရေအတွက် အများဆုံးသည် ကုန်ထုတ်လုပ်မှုကဏ္ဍတွင်ရှိပြီး ရာခိုင်နှုန်းအားဖြင့် စုစုပေါင်းလုပ်ငန်းများ၏ ၄၀ ရာခိုင်နှုန်းရှိ၊ မြန်မာနိုင်ငံ၏ ၉၀ ရာခိုင်နှုန်းကျော် စီးပွားရေးလုပ်ငန်းများမှာ လုပ်ငန်းငယ်များသာဖြစ်၊ အလုပ်သမားအရေအတွက် ၂၅၀ နှင့် အထက်ရှိသည့် စီးပွားရေးလုပ်ငန်းများမှာ အလွန်နည်းပါးပြီး ၂ ရာခိုင်နှုန်းမျှသာရှိသည့်အတွက် တစ်နိုင်ငံလုံး၏ စီးပွားရေးလုပ်ငန်းအများစုသည် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖြစ်"**

တစ်ခုအပါအဝင် ဖြစ်သည့်**"မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းများအား စောင့်ကြည့်လေ့လာသည့်စနစ်"**ကို တည်ထောင်ရန်အတွက် ၂၀၁၇-၂၀၁၈ ခုနှစ်နှင့် ၂၀၁၉-၂၀၂၀ ခုနှစ်အကြားတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ အရေအတွက်ဆိုင်ရာ စစ်တမ်း(၂)ခု၊ အရည်အသွေးဆိုင်ရာ စစ်တမ်း(၂)ခု တို့ကို ကုန်ထုတ်လုပ်မှုကဏ္ဍ အတွက် စစ်တမ်းကောက်ယူသွားမည်ဟု သိရပါကြောင်း။

**များစွာအသုံးပြုနိုင်မည်**

မိမိတို့နိုင်ငံတွင် အရည်အသွေးရှိပြီး ယုံကြည်ကိုးစားနိုင်သည့် Data (အချက်အလက်) များကို စုဆောင်းသိမ်းထားရှိမှုနှင့် အသုံးပြုမှုများသည် အထောက်အထားများကို အခြေပြုသည့် မူဝါဒများ ချမှတ်နိုင်ရန်၊ ဦးစားပေးကဏ္ဍများ သတ်မှတ်နိုင်ရန်၊ စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြပ် ကြည့်ရှုခြင်းများ ဆောင်ရွက်ရန်အတွက် များစွာအသုံးပြုနိုင်မည် ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်ရန်အတွက် ဘဏ္ဍာရေးနှင့် နည်းပညာများကို ကူညီဆောင်ရွက်ပေးခဲ့သည့် ဒိန်းမတ်နိုင်ငံ သံအမတ်ကြီးနှင့်တကွ UNU- WIDER တို့ကို အထူးကျေးဇူးတင်ပါကြောင်း။

မြန်မာနိုင်ငံ အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSME) စီးပွားရေးလုပ်ငန်း စစ်တမ်းကို မြန်မာနိုင်ငံရှိ ကုန်ထုတ်လုပ်မှုလုပ်ငန်းပေါင်း ၇၁၀၀၀ ကျော်ကို ကိုယ်စားပြုပြီး ချဉ်းကပ်ဆောင်ရွက်ခဲ့သည်ဟု သိရှိရပါကြောင်း၊ အဆိုပါ စစ်တမ်းသည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(SMEs) ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုနိုင်မည့် လိုအပ်ချက်များ၊ SMEs လုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်ရေးအတွက် လိုအပ်ချက်များ၊ စိန်ခေါ်မှုများကို ဖော်ထုတ်ရာ ရောက်ပါကြောင်း၊ ထို့အပြင် လုပ်ငန်းလည်ပတ် ဆောင်ရွက်သူများနှင့် လုပ်ငန်း စတင်လုပ်ဆောင်သူများ၏ ဘဏ္ဍာငွေရရှိနိုင်မှု အချက်အလက်များ၊ နည်းပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝိသေသလက္ခဏာရပ်များ၊ လုပ်ငန်းစွမ်းဆောင်မှု၊ လုပ်သားအင်အား၊ တီထွင်ဆန်းသစ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ရောင်းလိုအား၊ ဘဏ္ဍာရေး လက်လှမ်းမီမှု(ချေးငွေရရှိနိုင်မှု )နှင့် လက်ရှိ စီးပွားရေးဝန်းကျင်တွင် တည်ရှိနေသည့် အကန့်အသတ်၊ အလားအလာနှင့်စပ်လျဉ်းသည့် ထင်မြင်ယူဆချက်များ၊ စီးပွားရေးဆိုင်ရာ စည်းမျဉ်းမူဘောင် (ဥပမာ-လုပ်ငန်းမှတ်ပုံတင်ပြုလုပ်ခြင်း) စသည့် ရှုထောင့်အသီးသီး အပါအဝင် မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်မှုများကို အသေးစိတ်လေ့လာနိုင်သည့် အချက်အလက်များ ပါဝင်သည်ဟု သိရှိရပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအတွက် အကျိုးကျေးဇူးရှိသည့် စစ်တမ်းတစ်ခုကို ကောက်ယူနိုင်ခဲ့ခြင်း ဖြစ်သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**စက်မှုကဏ္ဍကို ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်**

ယခုစစ်တမ်းသည် အလုပ်သမားများနှင့် ပတ်သက်သည့် အချက်အလက်များကိုပါ ကောက်ယူနိုင်ခဲ့သည့်အတွက် လုပ်သားဈေးကွက်အရ လုပ်သားအင်အားစု၏ ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုအဆင့်တို့အပေါ် မူတည်ပြီး ရရှိသည့် လုပ်ခလစာများကို သိရှိခဲ့ရသဖြင့် ကျွမ်းကျင်လုပ်သားများ တိုးမြှင့်နိုင်ရေးအတွက် သင်တန်းကျောင်းများ ထားရှိနိုင်ရေးဆောင်ရွက်ရန် လိုအပ်နေသည်ကို တွေ့ရှိရပါကြောင်း၊ စစ်တမ်းက ရရှိသည့် အချက်အလက်များကို လေ့လာပြီး အထောက်အထားများကို အခြေပြုသည့် မူဝါဒများချမှတ်ကာ မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍကို ပိုမိုအားကောင်းလာစေအောင် ဆောင်ရွက်သွားရန် ပြောကြားလိုပါကြောင်း။

**တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်**

မြန်မာနိုင်ငံ၏ အသေးစား၊ အလတ်စား ကုန်ထုတ်လုပ်မှု လုပ်ငန်းများ အနေဖြင့် နည်းပညာရှိမှသာ အရည်အသွေးမီ ပြည်ပပို့ကုန်များ၊ တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် စွန့်ဦးတီထွင်လုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်မှုများ၊ ဆန်းသစ်သည့် အတွေးအခေါ်၊ ဖန်တီးမှုများနှင့် ဈေးကွက်သစ်ဖော်ထုတ်မှုများကို အားပေးဖော်ဆောင်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ သွင်းကုန်အစားထိုးနိုင်ပြီး ပို့ကုန်မြှင့်တင်နိုင်ကာ ကုန်သွယ်မှုလိုငွေပြခြင်းနှင့် နိုင်ငံခြားငွေလိုအပ်ချက်များကို လျော့နည်းသက်သာစေနိုင်မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ချမှတ်ဆောင်ရွက်နေသည့် စီးပွားရေးမူဝါဒ ၁၂ ရပ်ထဲတွင် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ တိုးတက်ရန်ဆိုသည့်အချက်ပါဝင်ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာအားကောင်းသည့် မူဝါဒများရေးဆွဲရန်၊ ပုဂ္ဂလိကကဏ္ဍနှင့် သက်ဆိုင်သည့် စီးပွားရေးစာရင်းအင်းများကို ပြည့်စုံစွာပံ့ပိုးပေးရန်၊ မူဝါဒချမှတ်သူများနှင့် အစိုးရမဟုတ်သည့် ပါဝင်ပတ်သက်သူများအားလုံးကို သတင်းအချက်အလက်များ ပံ့ပိုးပေးရန်နှင့် အမျိုးသားစာရင်းစနစ် တွက်ချက်ရာတွင် အဓိကကျသည့် အချက်အလက် အရင်းအမြစ်များ ပံ့ပိုးပေးရန် မြန်မာ့စီးပွားရေးလုပ်ငန်း စစ်တမ်းများသည် အရေးပါနေမည်ဖြစ်ပါကြောင်း၊ ပေးအပ်သည့် အချက်အလက်များကို အသုံးပြုရန် "From Data to Policy" အဖြစ် အသွင်ပြောင်းနိုင်ရန် အလွန်အရေးကြီးပါကြောင်း။

**အရေအတွက် အများဆုံး**

၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဆောင်ရွက်ခဲ့သည့် မြန်မာ့စီးပွားရေးလုပ်ငန်းစစ်တမ်းအရ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်း အရေအတွက် အများဆုံးသည် ကုန်ထုတ်လုပ်မှုကဏ္ဍ (Manufacturing Sector) တွင် ရှိပြီး ရာခိုင်နှုန်းအားဖြင့် စုစုပေါင်းလုပ်ငန်းများ၏ ၄၀ ရာခိုင်နှုန်းရှိပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ ၉၀ ရာခိုင်နှုန်းကျော် စီးပွားရေးလုပ်ငန်းများမှာ လုပ်ငန်းငယ်များသာဖြစ်ပါကြောင်း၊ အလုပ်သမားအရေအတွက် ၂၅၀ နှင့် အထက်ရှိသည့် စီးပွားရေးလုပ်ငန်းများမှာ အလွန်နည်းပါးပြီး ၂ ရာခိုင်နှုန်းမျှသာရှိသည့်အတွက် တစ်နိုင်ငံလုံး၏ စီးပွားရေးလုပ်ငန်း အများစုသည် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖြစ်ပါကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအပေါ် များစွာအခြေခံနေသည့်အတွက် ယင်းလုပ်ငန်းများ ပိုမိုတိုးတက်လာစေရန်အတွက် လက်တွေ့ကျကျ ကူညီထောက်ပံ့နိုင်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများကို ဖွဲ့စည်း၍ ဆောင်ရွက်နေပါကြောင်း။

ကုန်ထုတ်လုပ်မှုကဏ္ဍသည် အခြားသော ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများထက် အလုပ်အကိုင်ဖန်တီးနိုင်မှု အများဆုံး ဆောင်ရွက်ပေးနိုင်သည့်ကဏ္ဍ ဖြစ်ပါကြောင်း၊ အလုပ်အကိုင်ဖန်တီးမှု ပိုမိုဆောင်ရွက်ပေးရန်အတွက် တန်ဖိုးမြှင့် ထုတ်လုပ်မှုများသည့် ကုန်ထုတ်လုပ်မှုကဏ္ဍကို ပိုမိုတိုးတက်အောင် တွန်းအားပေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့အပြင် လိုအပ်သည့် အခြေခံအဆောက်အအုံများ၊ ကုန်ကြမ်းများနှင့် ချေးငွေများရရှိရေး၊ ထုတ်လုပ်မှုနည်းပညာများ ပြန့်ပွားစေရေး၊ ထုတ်ကုန် အရည်အသွေးမြှင့်တင်ရေး၊ ပြည်တွင်း ပြည်ပ ဈေးကွက်ရရှိရေး၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲမှု အားကောင်းစေရေးတို့ကို အားဖြည့်ဆောင်ရွက်နိုင်ရန် တိုက်တွန်းပြောကြား လိုပါကြောင်း။

**အထောက်အကူပြုနိုင်မည်**

MSME စီးပွားရေးလုပ်ငန်း ကုန်ထုတ်လုပ်မှုစစ်တမ်း (၂၀၁၇) အစီရင်ခံစာကရရှိသည့် ကိန်းဂဏန်း အချက်အလက်များသည် ပုဂ္ဂလိကကဏ္ဍတွင် လက်ရှိ ဆောင်ရွက်နေမှုများ အကြောင်းကို ပိုမိုနားလည် သိရှိလာသည့်အပြင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အထား ခိုင်လုံပြီး လက်တွေ့ကျသည့် အခြေခံမူဝါဒများ ချမှတ်ရေးဆွဲရာတွင် အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း၊ နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုသည့် **"မြန်မာနိုင်ငံ MSME စီးပွားရေးလုပ်ငန်း ကုန်ထုတ်လုပ်မှု စစ်တမ်း (၂၀၁၇) အစီရင်ခံစာ"** ဖြစ်မြောက်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့ကြသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က MSME စီးပွားရေးလုပ်ငန်းများ တိုးတက်အောင်မြင်ရန် လိုအပ်ချက်များ၊ စိန်ခေါ်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Ms. Dorte Chortsen က စစ်တမ်းကောက်ယူခြင်းအားဖြင့် နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းနှင့် အကျိုးကျေးဇူးများရရှိခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်သည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ဗဟိုစာရင်းအင်းအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်ဝါဝါမောင်နှင့် UNU-WIDER မှ Lead Researcher Mr. Finn Tarp တို့က မြန်မာနိုင်ငံ MSME စီးပွားရေးလုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုစစ်တမ်း (၂၀၁၇) အစီရင်ခံစာမှ အဓိကတွေ့ရှိချက်များနှင့် မူဝါဒဆိုင်ရာ အကြံပြုချက်များကို ရှင်းလင်းတင်ပြကြသည်။



**UNU-WIDER မှ Lead Researcher Mr. Finn Tarp**



**မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံရုံးမှ သံရုံးယာယီတာဝန်ခံ Ms. Dorte Chortsen**

ယင်းနောက် နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ စီးပွားရေးဆိုင်ရာ ဝန်ကြီးများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက မြန်မာနိုင်ငံ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ချေးငွေဆိုင်ရာကိစ္စရပ်များနှင့် အကြံပြုချက်များကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**တာဝန်ရှိသူများတက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်၊ ဒေါက်တာသန်းမြင့်၊ ဦးဟန်ဇော်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ စီးပွားရေးနှင့်သက်ဆိုင်သည့် ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Ms. Dorte Chortsen၊ UNU-WIDER မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ခံအရာရှိများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ လူမှုရေးနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ



**နေပြည်တော် ဩဂုတ် ၂၈**

၂၀၁၈-၂၀၁၉ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယ နာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကုလသမဂ္ဂဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၈**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေကိုယ်စားလှယ် Mr.Knut Ostby နှင့် အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် ကုလသမဂ္ဂမှ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**



## ဦးမျိုးတင့်အား ချီလီသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဩဂုတ် ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် ဘရာဇီးလ်ဖက်ဒရယ် သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးမျိုးတင့်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ချီလီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်သောအဖွဲ့ ကိုရီးယားသမ္မတနိုင်ငံသို့ ရုပ်ရှင်၊ ဗီဒီယို နည်းပညာဆိုင်ရာ လေ့လာရေးခရီးစဉ် ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်သော အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံသို့ ရုပ်ရှင်၊ ဗီဒီယိုနည်းပညာဆိုင်ရာ လေ့လာရေးခရီးစဉ်အဖြစ် ယနေ့ ည ၇ နာရီ ၄၅ မိနစ်က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်သော အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**သတင်းစဉ်**



## ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အိမ်ရာတစ်သန်းစီမံကိန်းအတွက် အာမခံဆိုင်ရာများ ဆောင်ရွက်ရန် နားလည်မှု စာချွန်လွှာရေးထိုး

**ရန်ကုန် ဩဂုတ် ၂၈**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းနှင့် SHIN YE HTUT GROUP (HRSE, IRMC,DIT,SYH) တို့ နားလည်မှုစာချွန်လွှာ MoU ချုပ်ဆိုပွဲကို ယနေ့ နံနက် ၁၁ နာရီက ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာ့အာမခံလုပ်ငန်းရုံးချုပ်၌ ကျင်းပသည်။

ရှေးဦးစွာ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးဇော်နိုင်နှင့် မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာဦးတို့က အမှာစကား ပြောကြားရာတွင် ယခု MoU ရေးထိုးပွဲသည် မြန်မာနိုင်ငံနှင့် ဂျပန်၊ ဂျာမနီ၊ မလေးရှားနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်ဖြစ်သော ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အိမ်ရာတစ်သန်းစီမံကိန်းအတွက် လိုအပ်သော အာမခံဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန်သက်ဆိုင်ရာ နိုင်ငံကိုယ်စားပြု နိုင်ငံတကာ အာမခံလုပ်ငန်းများနှင့် နားလည်မှုစာချွန်လွှာရေးထိုးခြင်းဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ၏ အဓိကလိုအပ်ချက်ဖြစ်သော အိမ်ရာပိုင်ဆိုင်မှုတွင် များစွာအထောက်အကူပြုပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာ့အာမခံလုပ်ငန်း၏ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာ စန္ဒာဦးနှင့် SHIN YE HTUT GROUP မှ အမှုဆောင်အရာရှိချုပ်များသည် နားလည်မှုစာချွန်လွှာ (MoU) တွင် လက်မှတ်ရေးထိုးလဲလှယ်ကြသည်။ **သတင်းစဉ်**




## ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ဂျပန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ဩဂုတ် ၂၈ ရက် မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Ichiro MARUYAMA အား နေပြည်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာ၌ ပုဂံ - ညောင်ဦး လေဆိပ်ကို Eco Airport အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကိစ္စရပ်များ၊ ရန်ကုန်-မန္တလေးရထားလမ်းနှင့် ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးဆောင်ရွက်နေမှုများ၊ Electronic Identification Data စနစ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကိစ္စရပ်များ၊ အနာဂတ်တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များအပေါ် ဆွေးနွေးညှိနှိုင်း အမြင်ချင်းဖလှယ်ခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မောင်တောမြို့ အဝင်မုခ်ဦးအသစ်တည်ဆောက်မှု ၇၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီး

**မောင်တော ဩဂုတ် ၂၈**

၂၀၁၈ ခုနှစ် မတ်လတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မောင်တောမြို့အဝင်မုခ်ဦး အသစ်တည်ဆောက်မှု ၇၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း မောင်တောမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရွှေမောင်က ပြောသည်။ “ ကျွန်တော်တို့ မောင်တောမြို့ဝင် မုခ်ဦးအသစ်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ တင်ဒါပိုလျှံရန်ပုံငွေနှင့် အထွေထွေရန်ပုံငွေကျပ် စုစုပေါင်းသိန်း ၈၀၀ နဲ့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရဲ့ ရန်ပုံငွေကျပ်သိန်း ၉၀ စုစုပေါင်းသိန်း ၈၉၀ နဲ့ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ အခုအချိန်မှာတော့ ၇၀ ရာခိုင်နှုန်းလောက်ပြီးစီးနေပါပြီ ”ဟု ၎င်းက ပြောသည်။

ထို့ပြင် မြို့အဝင်မုခ်ဦး ဆိုင်းဘုတ်အသစ်တည်ဆောက်မှု အကြမ်းထည် ပြီးစီးနေပြီဖြစ်ပြီး ကြာမောက်၊ ကြာလုန်စသည့် ပန်းပုလက်ရာများမှာ အချိန်ယူဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်၍ အပြီးသတ်ဆောင်ရွက်နိုင်မည့်အချိန်ကို အတိအကျမပြောနိုင်သေးကြောင်း၊ လာမည့်အောက်တိုဘာလအတွင်း ပြီးစီးရေးဆောင်ရွက်လျက်ရှိကြောင်းဦးရွှေမောင်က ပြောသည်။

ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရွှေမောင်က “ မြို့အဝင်မုခ်ဦးရဲ့ဆိုင်းဘုတ်မှာ အချုပ်အခြာ အာဏာပိုင်နယ်စပ်မြို့တော် မောင်တောမြို့မှ လှိုက်လှဲစွာကြိုဆိုပါ၏ ဆိုတဲ့စာတန်းကိုထည့်ဖို့ လျာထားပါတယ်။ အတည်ပြုချက်တော့မရသေးပါဘူး။ ပြီးတော့ မုခ်ဦးမှာ ရခိုင်ပြည်နယ်ရဲ့ အထိမ်းအမှတ်တံဆိပ်နဲ့ အထိမ်းအမှတ် ရုပ်တုတွေပါဝင်မှာဖြစ်ပါတယ် ”ဟု ပြောသည်။ အဆိုပါ မြို့အဝင်မုခ်ဦး၏ အတွင်းပိုင်းအကျယ်(အလျား)မှာ ပေ ၃၀နှင့် အတွင်းပိုင်းအမြင့် ၂၂ ပေရှိပြီး မုခ်ဦးတွင်ပါရှိသည့် ဆိုင်းဘုတ်၏ အလျားမှာ ၅၁ ပေရှိကြောင်း သိရသည်။

**ရာမည၊ မျိုးသူဟိန်း**

## မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၈**

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်၏ ပထမအကြိမ်ညီလာခံနှင့် အလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲကို စက်တင်ဘာ ၉ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှိ အားကစားနှင့် ကာယပညာ ဦးစီးဌာန အစည်းအဝေးခန်းမ၌ အလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲကျင်းပမည်ဖြစ်ရာ ဝင်ရောက်အရွေးချယ်ခံလိုသူများ အနေဖြင့် ဖုန်း- ၀၉- ၅၀၆၈၄၄၇ နှင့် ၀၉- ၉၆၅၁၁၈၀၉၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **တင်စိုး(မြန်မာ့အလင်း)**



## မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၈**

မောင်တောမြို့နယ် နယ်မြေ(၂) အမှတ်(၁)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ အောင်ဇူနယ်မြေရဲစခန်းမှ ဒုတိယရဲမှူး ထွန်းထွန်းစိုး ဦးစီးသည့် တပ်ဖွဲ့ဝင် ၁၅ ဦး၊ စကားပြန်တစ်ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအမှတ်(၁၁) BGB တပ်ရင်း Chakdhala ကင်းစခန်းမှ Subedar Md. Salim Miah ဦးစီး ၁၅ ဦးတို့သည် ဩဂုတ် ၂၇ ရက် နံနက် ၈ နာရီမှ ၁၁ နာရီအထိ မိမိတို့နိုင်ငံ အသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင် ၄၃ မှ ၄၄ ထိ နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုရဲ**

◆ *ကျောဖုံးမှ*

အဆင့်သတ်မှတ်ချက် (၁၁-၁၂) ပွဲစဉ်ကို ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပလန်ဘန်းမြို့ရှိ JSC Roneu Stadium အားကစားရုံ၌ အမျိုးသမီးလေးယောက်တွဲ အသင်းလိုက်ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာအသင်းအပါအဝင် အိမ်ရှင်အင်ဒိုနီးရှားအသင်း၊ လာအိုအသင်းနှင့် ကိုရီးယားအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမအုပ်စုပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် လာအိုအသင်းတို့ယှဉ်ပြိုင်ရာ မြန်မာအသင်းမှ လာအိုအသင်းကိုနှစ်ပွဲ ပြတ်ဖြင့် ရှုံးနိမ့်သည်။ အမျိုးသားလေးယောက်တွဲ အသင်းလိုက်ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စု (က) တွင် မြန်မာအသင်း အပါအဝင် အိမ်ရှင်အင်ဒိုနီးရှားအသင်း၊ လာအိုအသင်းနှင့် ဂျပန်အသင်း၊ အုပ်စု(ခ)တွင် နီပေါအသင်း၊ ပါကစ္စတန်အသင်း၊ ဗီယက်နမ်အသင်းနှင့် စင်ကာပူအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ညနေ ၃ နာရီတွင် အုပ်စုပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် လာအိုအသင်းတို့ယှဉ်ပြိုင်ရာ မြန်မာအသင်း မှ လာအိုအသင်းကို နှစ်ပွဲပြတ်ဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မန္တလေး၌ မြန်မာ့ရိုးရာလက်ဝှေ့ မျိုးဆက်သစ် ပြိုင်ပွဲများကျင်းပမည်

**မန္တလေး ဩဂုတ် ၂၈**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်၏ ခွင့်ပြုချက်ဖြင့် မန္တလေးတိုင်းဒေသကြီး၊ မြန်မာ့ရိုးရာလက်ဝှေ့ဆပ်ကော်မတီဥက္ကဋ္ဌ ဦးမျိုးဇင်နှင့် ဆပ်ကော်မတီဝင်များ ပူးပေါင်း၍ ကျင်းပသော မြန်မာ့ရိုးရာ လက်ဝှေ့မျိုးဆက်သစ် လူငယ်များ၏ မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲများကို စက်တင်ဘာ ၄ ရက် ညနေ ၆ နာရီတွင် မန္တလေးမြို့၊ ၂၂လမ်း၊ ၈၉ လမ်းနှင့် လမ်း ၉၀ ကြား၊ မန္တလေးအောင်မြေသာစံမြို့နယ် အောင်မြေမန္တလာ မိုးလုံလေလုံ အားကစားရုံတွင် ကျင်းပမည်ဖြစ်သည်။ ဤပွဲကို စီစဉ်သူများအဖြစ် ဦးလင်းထင် (မန္တလေးတိုင်းရိုးရာလက်ဝှေ့ဆပ်ကော်မတီ)နှင့် လင်းယုန် (တွဲဖက်အတွင်းရေးမှူး- မန္တလေးတိုင်းဆပ်ကော်မတီ)တို့ ပူးပေါင်းစီစဉ်ကြောင်း သိရသည်။

ထိုးသတ်မည့်ပွဲစဉ်များမှာ ကျန်ကျောင်း(ဗမာ့သွေးကလပ်)နှင့် စောဘခတ် (ရွှေဖူးကလပ်)၊ ရွှေမိုးကောင်း (တောင်ဇလပ်ကလပ်) နှင့် ကြယ်စင်ထွန်း (ဗမာ့သွေးကလပ်)၊ ဘို့ကြက်ကာ (ဗမာ့သွေးကလပ်)နှင့် စောသားငယ် (ရွှေဖူးကလပ်)၊ စောငမိုက် (ရွှေဖူးကလပ်)နှင့် မောင်မောင်လွင်(လင်းယုန်ကလပ်)၊ ရွှေနှင်းဆီလူမိုက်(ရွှေဖူးကလပ်)နှင့် ကျည်ဆံနဂါး(ကျည်ဆံနဂါးကလပ်)၊ ကေကေ(လင်းယုန်ကလပ်)နှင့် စောဘဒူ(ရိုးရာမာန်ကလပ်)၊ အောင်စနေသိန်း(သရဖူကလပ်)နှင့် မိုးမင်းမာန် (ရိုးရာမာန်ကလပ်)၊ ဆယ်အိမ်စု လူမိုက် (ရွှေဖူးကလပ်)နှင့် ကျီးတန်း(ဗမာ့သွေးကလပ်)၊ နီလာစိုးနှင့် လင်းယုန်မေတို့ တွဲဆိုင်းများအပါအဝင် တွဲဆိုင်း ၁၅ ဆိုင်း ပါဝင်ထိုးသတ်မည်ဟု သိရှိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

## မိုးပိုလာနိုင်

**နေပြည်တော် ဩဂုတ် ၂၈**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် မိုးပိုလာနိုင်သည်။

**မိုး/ဇလ**

## တိုက်ကြီးမြို့တွင် YBS ၃၇ ယာဉ်လိုင်း စတင်ပြေးဆွဲစေလို၍ ပြည်သူများလက်မှတ်ထိုးပြီး တင်ပြထား

**တိုက်ကြီး ဩဂုတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဥက္ကံ- ဆူးလေ YBS ၃၇ ယာဉ်လိုင်းကို တိုက်ကြီးမြို့မှလည်း စတင်ပြေးဆွဲလိုကြောင်း ဒေသခံ ခရီးသွားပြည်သူ ၆၁၂ ဦး လက်မှတ်ထိုး စာရင်းနှင့်တကွ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ မေ ၉ ရက်က တင်ပြထားကြောင်း တိုက်ကြီးမြို့ခံ ဦးသိန်းလွင်က ပြောသည်။

ဥက္ကံ-ဆူးလေ YBS ၃၇ ယာဉ်လိုင်းကို မေ ၅ ရက်မှ ဂိတ်စတင်ပြေးဆွဲရာ ဥက္ကံမှ ခရီးသွားများမှာ ထိုင်ခုံနှင့်စီးရသဖြင့် အဆင်ပြေခဲ့ကြောင်း တိုက်ကြီးမှ ခရီးသည်များမှာ ဥက္ကံကအလာ ရပ်စောင့်စီးရသဖြင့် ထိုင်ခုံနေရာမရ၍ ရန်ကုန်မြို့ထဲအထိ မတ်တတ်ရပ်စီးရသဖြင့် အဆင်မပြေမှုများရှိကြောင်း သိရသည်။

တိုက်ကြီးမြို့သည်လည်း အဖျောက်မြို့ ခရီးသည်အပါအဝင် ခရီးသွားပြည်သူများပြားပြီး လက်ရှိ YBS ၉၀ ယာဉ်လိုင်းသည် မြို့ထဲသို့ နှစ်ဆင့်စီးမှရောက်သဖြင့် တစ်ဆင့်တည်းစီးရသော ၃၇ ယာဉ်လိုင်းကိုပဲ ဖြစ်သလိုစီးနေရကြောင်း၊ တိုက်ကြီးမြို့မှခရီးသွားပြည်သူများအနေဖြင့် ၃၇ ယာဉ်လိုင်းကို ဥက္ကံကဲ့သို့ တိုက်ကြီးမှ စတင်ပြေးဆွဲရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

“ကျွန်တော်သို့ တိုက်ကြီးက ခရီးသည်များအနေဖြင့် YBS ၉၀၊ ၉၁ ရှိပေမယ့် မြို့ထဲမရောက်ပါဘူး။ ခရီးသည်လည်း အတင်အချများတယ်။ တချို့ကားတွေက အဲကွန်း ဖွင့်မပေးပါဘူး။ အထူးသဖြင့် ထောက်ကြန့်မှာ ခရီးသည်ရပ်စောင့်တာ အကြာဆုံးပါ။ အရေးကြီးခရီးသည်ဆိုရင် အဆင်မပြေပါဘူး။ ဒါကြောင့် ၃၇ ယာဉ်လိုင်းကိုပဲ စီးချင်ပါတယ်။တိုက်ကြီးကို ၉၀ ယာဉ်လိုင်းရှိလို့ ၃၇ ယာဉ်လိုင်းချမပေးဘူးလို့ သိရပါတယ်။ ဒီမိုကရေစီခေတ်မှာ စီးပွားရေးအပြိုင်အဆိုင်လုပ်နေကြပါပြီ။ ဟိုယာဉ်လိုင်း၊ ဒီယာဉ်လိုင်းရှိလို့ ၃၇ ယာဉ်လိုင်းချမပေးဘူးဆိုတာ မဖြစ်သင့်ပါဘူး” ဟု တိုက်ကြီးမြို့ခံ ဦးသိန်းလွင်က ပြောသည်။

တိုက်ကြီးမြို့မှ YBS ၉၀ ယာဉ်လိုင်းသည် ဘုရင့်နောင်သို့ လည်းကောင်း၊ ၉၁ ယာဉ်လိုင်း(မီနီဘတ်စ်)သည် ခရေပင်လမ်းဆုံမှ အမှတ် ၃ လမ်းသို့ လည်းကောင်း၊ ဥက္ကံ-ဆူးလေ ၃၇ ယာဉ်လိုင်းများ ပြေးဆွဲလျက်ရှိသည်။

ထို့ကြောင့် ခရီးသွားရဟန်းသံဃာ၊ လူမမာများ၊ ကျောင်းသားများ၊ ဝန်ထမ်းများ၊ ခရီးသွားပြည်သူများ ရန်ကုန်မြို့တွင်းသို့သွားရာတွင် အဆင်ပြေစေရန် တိုက်ကြီးမြို့တွင်လည်း YBS ၃၇ ယာဉ်လိုင်းဂိတ် စချထားပေးပါရန် ဒေသခံ ၆၁၂ ဦးက လက်မှတ်ထိုး၍ သက်ဆိုင်ရာသို့ တင်ပြထားကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

## ရောဝတီတံတားမကွေး ယာယီပိတ်၍ပြင်မည်ဆိုသည်မှာ ကောလာဟလဖြစ်

**မကွေး ဩဂုတ် ၂၈**

ရောဝတီတံတား(မကွေး) ယာယီပိတ်၍ ပြင်မည်ဆိုသည့် သတင်းများဖြစ်ပေါ်နေသည့်အတွက် မကွေးတိုင်းဒေသကြီး လမ်းဦးစီးဌာနက ဒေသတွင်းမီဒီယာများကို ယနေ့မွန်းလွဲပိုင်းက ဖိတ်ကြားပြီး ထွက်ပေါ်နေသည့် သတင်းများမှာ ကောလာဟလသာ ဖြစ်ကြောင်း၊ ပညာရှင်များ စစ်ဆေးပြီးဖြစ်ကာ တံတားမှာ အန္တရာယ်ရှိသည့် အခြေအနေမျိုးလည်း မဟုတ်ကြောင်း အဆိုပါ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲမင်းဇော်က အတည်ပြုပြောကြားခဲ့သည်။




ရောဝတီတံတား (မကွေး)၏ တံတားတိုင် P-4 နှင့် P- 5 အကြား ရေစွန်းဘက်အခြမ်း Vertical ခြောက်တိုင်မြောက် သံပေါင်တိုင်လှုပ်ခတ်နေသည့် ဗီဒီယိုဖိုင်လူမှုကွန်ရက်၌ ပျံ့နှံ့နေမှုအပေါ် တံတားဦးစီးဌာန အင်ဂျင်နီယာချုပ်နှင့် တံတားအထူးအဖွဲ့များ၊ JICA မှ ဂျပန်ပညာရှင်များက ဇူလိုင်လအတွင်း၌ စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ကြသည်။

“ စစ်ဆေးတဲ့အခါမှာ အန္တရာယ်ရှိနိုင်တဲ့ အစိတ်အပိုင်းကို စစ်ဆေးခဲ့ပါတယ်။ အဓိကကတော့ တံတားကြီးရဲ့ အောက်ခြေပေ့ါနော်။ တံတားကြီး သံပေါင်တွေကိုထမ်းတဲ့ တီအာတိုင် အခြေအနေတွေ၊ ရိန်တွေ၊ ဘွတ်နပ်တွေကို စစ်ဆေးတယ်။ ၉၅ ရာခိုင်နှုန်းလောက် အကုန်ကောင်းပါတယ်။ နောက်ပြီး Level တွေ စစ်ပါတယ်။ ဘာကြောင့်လှုပ်တယ် ဆိုတဲ့အဖြေကိုလည်း ရှာပါတယ်။ လေတိုက်နှုန်းတွေ စမ်းပါတယ်။ စစ်ဆေးပြီးတဲ့အချိန်မှာ ဘာတွေရှိလဲဆိုတော့ မူမမှန်တဲ့လေတိုးဝင်မှုကြောင့် သံပေါင်တွေလှုပ်တယ်လို့ပဲ အကြမ်းဖျင်း ယူဆပါတယ်။ ဂျပန်ပညာရှင်တွေကလည်း သူတို့နိုင်ငံမှာ လေတိုက်နှုန်းကြောင့်လည်း လှုပ်တာတွေရှိတယ်လို့ ပြောပါတယ်။ သံပေါင်တွေရဲ့ ဖွဲ့စည်းတည်ဆောက်မှုအပိုင်းအရတော့ စိတ်ချရမှုရှိပါတယ်။ အန္တရာယ်ရှိမှုအပိုင်းမှာ မရှိပါဘူး ” ဟု တံတားအထူးအဖွဲ့(၃)ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဇင်ထွေးက ပြောသည်။

လက်ရှိအခြေအနေမှာ တံတားကြီးကိုပိတ်၍ပြင်ဆင်ရန်မရှိဘဲ ပိတ်ပြီးပြင်မည်ဆိုပါက ပြည်သူလူထုထံ မီဒီယာများမှတစ်ဆင့် တရားဝင်ကြေညာမည်ဖြစ်ကြောင်း၊ ပြုပြင်ရန်လိုအပ်သည့် အခြေအနေဖြစ်လာပါကလည်း တံတားကြီးကိုပိတ်၍ လုပ်စရာအကြောင်း မရှိပါကြောင်း၊ ပညာရှင်များဖြင့် ထပ်မံစစ်ဆေးမှုများလုပ်ဆောင်ရန်ရှိကြောင်း ဦးကျော်ဇင်ထွေးက ပြောသည်။

ရောဝတီတံတား(မကွေး)မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ဖြတ်သန်းခွင့်ပြုထားပြီး ၂၀၀၂ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် တည်ဆောက်ပြီးစီးကာ နိုဝင်ဘာ ၂၄ ရက်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။

**ဇေယျာတု(မကွေး)**

# မြောက်ကိုရီးယားက ဖမ်းဆီးထိန်းသိမ်းထားသော ဂျပန်အမျိုးသားကို လွှဲပြောင်းပေးအပ်

**ပြုံယမ်း ဩဂုတ် ၂၈**

မြောက်ကိုရီးယားတွင် ထိန်းသိမ်းထားခဲ့သော ဂျပန်အမျိုးသား တစ်ဦးသည် ယခုအခါ တရုတ်မှတစ်ဆင့် ဂျပန်နိုင်ငံသို့ ပြန်နေပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂျပန်အမျိုးသားကို တင်ဆောင်လာသည့် လေယာဉ်သည် ပြုံယမ်းမှထွက်ခွာလာပြီးနောက် ပေကျင်းသို့ အင်္ဂါနေ့အစောပိုင်းတွင် ရောက်ရှိလာခဲ့ကြောင်းသိရသည်။

အဆိုပါ ဂျပန်အမျိုးသားသည် လေဆိပ်တွင် ဂျပန်သံရုံး အရာရှိများနှင့် တွေ့ဆုံခဲ့ပြီးနောက် အင်္ဂါနေ့ညပိုင်းတွင် ဂျပန်နိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဟု သတင်းရရှိသည်။

မြောက်ကိုရီးယားနိုင်ငံပိုင် သတင်းမီဒီယာက ၎င်းသည် တိုမိုယူကီဆူဂျီမိုတိဖြစ်ကြောင်း အတည်ပြုပေးခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံမြောက်ပိုင်း ဆိပ်ကမ်းမြို့ဖြစ်သည့် နာမ်ပိုတွင် စစ်ဘက်ဆိုင်ရာ သတင်းအချက်အလက်များရယူသည်ဟု သံသယရှိကာ ၎င်းကို ယခုလအစောပိုင်းက ဖမ်းဆီးလိုက်ခြင်း ဖြစ်သည်။ ဂျပန်အစိုးရသည် ပေကျင်းရှိ ဂျပန်သံရုံးနှင့် ပူးပေါင်းကာ ၎င်းကို အမြန်ဆုံးပြန်လွှတ်ပေးရေး တိုက်တွန်းတောင်းဆိုခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားက တနင်္ဂနွေနေ့ညတွင် ၎င်းကို ပြန်လည် လွှဲပြောင်းပေးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဂျပန်အမျိုးသားမှာ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး မေးခွန်းများလည်း စစ်မေးခြင်းခံခဲ့ရကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ဥပဒေကိုချိုးဖောက်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း ကိုရီးယားဗဟိုသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

သို့သော်လည်း မည်သည့်ဥပဒေကို ချိုးဖောက်ခဲ့သည်ဆိုခြင်းကို ဖော်ပြထားခြင်းမရှိသလို နောက်ထပ် အသေးစိတ် သတင်းအချက်အလက်များကိုလည်း ထုတ်ပြန်ဖော်ပြခြင်းလည်း မရှိပေ။ အရာရှိများအား ၎င်းကို လူသားချင်းစာနာထောက်ထားမှု စည်းမျဉ်းများအရ လွှဲပြောင်းပေးအပ်ခြင်းဖြစ်ကြောင်း အဆိုပါ သတင်းအေဂျင်စီက ဖော်ပြထားသည်။




ပေကျင်းရှိ ဂျပန် သံရုံးအရာရှိများက ၎င်းကို မည်သည့်အတွက် ဖမ်းဆီးမှုပြုသည်ဆိုခြင်းကို မကြာမီ ကြားသိရတော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး မဟာမိတ်ဖွဲ့စည်းခြင်းအကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီးပြော

**ဘာလင် ဩဂုတ် ၂၈**

ဘာလင်မြို့တွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး မဟာမိတ်ဖွဲ့စည်းပြီး အမေရိကန်နိုင်ငံ၏ "အမေရိကန်သည်သာ ပထမဟူသည့် မူဝါဒ"ကို ထိန်းချုပ်သွားလိုကြောင်း ဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဟေကိုမာ့စ်က မကြာသေးမီက ပြောကြားလိုက်သည်။

နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး မဟာမိတ်အဖွဲ့အနေဖြင့် အခွင့်အာဏာများအပေါ် အလေးမထားဘဲ ပူးပေါင်းဆောင်ရွက်မှုနှင့် စည်းစနစ်များအပေါ် ပိုမိုအလေးထားမည်ဖြစ်ကြောင်း၊ မဟာမိတ်များအနေဖြင့် နိုင်ငံတကာ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် အခက်အခဲများကို ဖြေရှင်းရာတွင် ထောက်ခံကြရမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂစသည့် နိုင်ငံတကာအဖွဲ့အစည်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်မှုများပြုလုပ်နိုင်ရန် ထောက်ခံသွားရမည်ဖြစ်ကြောင်း ဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဟေကိုမာ့စ်က ဆက်လက်ပြောကြားလိုက်သည်။

ဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဟေကိုမာ့စ်က အချို့နိုင်ငံများက အခွင့်အာဏာကြီးမားသည့် နိုင်ငံအား ပိုမိုအလေးထားမှု ပြုလုပ်လာလျှင် မိမိတို့အနေဖြင့် နိုင်ငံတကာ စည်းမျဉ်းသတ်မှတ်ချက်များကို ပိုမို အလေးထားသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။



ဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဟေကိုမာ့စ်အနေဖြင့် ကနေဒါ၊ ဂျပန်နှင့် တောင်ကိုရီးယားစသည့်နိုင်ငံများနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး မဟာမိတ်ဖွဲ့စည်းရန် ဆွေးနွေးခဲ့ပြီဖြစ်ကြောင်း၊ ယင်းမဟာမိတ်အဖွဲ့အနေဖြင့် အဖွဲ့အစည်းသစ်တစ်ခုကို ထူထောင်မည်မဟုတ်ဘဲ ကုလသမဂ္ဂကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်း၏ စည်းမျဉ်းသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**

# အမေရိကန်သမ္မတနှင့် ဂျာမနီဝန်ကြီးချုပ်တို့ ဆီးရီးယားအရေး တယ်လီဖုန်းဖြင့် ဆွေးနွေး

**ဝါရှင်တန် ဩဂုတ် ၂၈**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်တို့သည် တနင်္လာနေ့က တယ်လီဖုန်းဖြင့် ဆက်သွယ်ကာ ဆီးရီးယားအရေး၊ အမေရိကန် အီးယူကုန်သွယ်ရေးဆက်ဆံမှုများအကြောင်းကို ဆွေးနွေးခဲ့ကြကြောင်း အိမ်ဖြူတော်ကပြောသည်။ ထရန့်နှင့် မာကယ်တို့သည် ဆီးရီးယားအရေးအဖြေရှာရန်၊ အီးယူနှင့်အမေရိကန်တို့ကြား ကုန်သွယ်မှုများတိုးတက်ရေးအတွက် ဆွေးနွေးခဲ့ကြသည်ဟု အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ဆာရာဆန်ဒရာက သတင်းထုတ်ပြန်ထားသည်။

ဆီးရီးယားနိုင်ငံ အစ်လစ်ပြည်နယ်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကာအကွယ်များပေးရန်၊ ယူကရိန်းအရှေ့ပိုင်းကိစ္စများ ဖြေရှင်းနိုင်ရေးကြိုးပမ်းမှုအသစ်များ ပြုလုပ်ရန် ခေါင်းဆောင်နှစ်ဦးက ဆွေးနွေးခဲ့ကြကြောင်း သတင်းထုတ်ပြန်ထားသည်။



အမေရိကန်နှင့် အီးယူကုန်သွယ်မှုတွင် အတားအဆီးများကို ဖယ်ရှားရန် ဆွေးနွေးမှုများကို ခေါင်းဆောင်နှစ်ဦးစလုံးကထောက်ခံကြောင်းလည်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ သမ္မတထရန့်နှင့် ဥရောပကော်မရှင် ဥက္ကဋ္ဌ ဂျင်းကလော်ဒီဂျန်ကာသည် ဇူလိုင် ၂၅ ရက်က အတ္တလန္တိတ်သမုဒ္ဒရာဖြတ်ကျော်ကုန်သွယ်မှုတွင် အမေရိကန်ကပြုလုပ်ထားသော အခွန်စည်းကြပ်မှုများကို ဖြေလျှော့ရန် သဘောတူထားသည်။ သို့သော် အီးယူကတင်သွင်းသော ကား၊ စတီးနှင့် အလူမီနီယံတို့တွင် အခွန်ဖြေလျှော့မှုကို အကောင်အထည်ဖော်ရန် ပျက်ကွက်နေဆဲဖြစ်သည်။

ထို့အပြင် အီရန်နျူကလီးယားစာချုပ်နှင့်ပတ်သက်၍လည်း အမေရိကန်နှင့် အီးယူတို့ သဘောထားကွဲလွဲခဲ့ကြသည်။

**ဆင်ဟွာ**

# ကမ္ဘာ့ကုန်သွယ်ရေးထိပ်သီးအစည်းအဝေး ကျင်းပရန် ပြင်သစ်တောင်းဆို

**ပါရီ ဩဂုတ် ၂၈**

ပြင်သစ်သံတမန်များတွေ့ဆုံပွဲအခမ်းအနားတွင် ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်သည် နိုဝင်ဘာလအတွင်း ကမ္ဘာ့ကုန်သွယ်ရေးဆိုင်ရာ ထိပ်သီးအစည်းအဝေး ကျင်းပရန် အဆိုပြုခဲ့သည်။

အမေရိကန်၊ ဥရောပသမဂ္ဂ၊ ဂျပန်နှင့်တရုတ်နိုင်ငံတို့မှ ခေါင်းဆောင်များကို ဖိတ်ကြားမည်ဟုလည်းသိရသည်။ သမ္မတ မက်ခရွန်က လက်ရှိ ကမ္ဘာ့ကုန်သွယ်ရေးဆိုင်ရာမူဝါဒများသည် အသုံးမဝင်တော့ကြောင်း၊ ပိုမိုအဆင်ပြေပြီး မျှတသည့်စနစ်မျိုးကို လအနည်းငယ်အတွင်း အကောင်အထည်ဖော်ရန် ဖြစ်နိုင်ကြောင်း ပြောခဲ့သည်။

ယင်းထိပ်သီးအစည်းအဝေးကျင်းပမည့်ရက်မှာ ပထမကမ္ဘာစစ် ပြီးဆုံးခြင်းနှစ် ၁၀၀ပြည့် နှစ်ပတ်လည်နှင့် တိုက်ဆိုင်နိုင်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ပါကစ္စတန်၌ သမ္မတရွေးကောက်ပွဲအတွက် လုပ်ငန်းစဉ်များစတင်

**အစ္စလာမ္မာဘတ် ဩဂုတ် ၂၈**

မကြာမီကျင်းပတော့မည့် ပါကစ္စတန် သမ္မတ ရွေးကောက်ပွဲအတွက် လုပ်ငန်းစဉ်များကို တနင်္လာနေ့က စတင်ခဲ့ရာ သမ္မတအဖြစ် ပါဝင်အရွေးခံသူ သုံးဦး၏အမည်များကို အဆိုပြုလွှာများတွင် ဖြည့်သွင်းခဲ့သည်။ ပါကစ္စတန်သမ္မတ ရွေးကောက်ပွဲကို စက်တင်ဘာ ၄ရက်တွင် ကျင်းပမည်ဖြစ်ရာ လက်ရှိသမ္မတ မန်နွန်း ဟူစိန်၏နေရာတွင် အစားထိုးတာဝန်ယူရမည်ဖြစ်သည်။

လက်ရှိသမ္မတသည် သမ္မတသက်တမ်း ငါးနှစ်ပြည့်တော့မည်ဖြစ်သည်။ သမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းသူများမှာ လက်ရှိ အာဏာရပါတီ ပီတီအိုင်မှ အရစ်ဖ်အယ်ဗီ၊ အခြားပြိုင်ဘက်နှစ်ဦးဖြစ်သည့် ဖာဇယ်အာရီဟမ်နှင့် အစ်ဇက်အာဆန်တို့ဖြစ်သည်။ အဓိကအတိုက်အခံပါတီကြီးဖြစ်သည့် Parkistan Muslim League-Nawaz (PML-N) နှင့် အခြားသော အတိုက်အခံပါတီငယ်လေးများသည် ဖာဇယ်အာရီဟမ်ကို ထောက်ခံကြောင်း ကြေညာခဲ့သည်။

အတိုက်အခံပါတီများသည် တနင်္လာနေ့က မတူညီမှုများကိုဖယ်ရှားရန် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ ထို့နောက် ဖာဇယ်အာရီဟမ်ကို ထောက်ခံကြောင်း ကြေညာခဲ့သည်။ အတိုက်အခံပါတီများက PTI ပါတီကိုအခက်ကြုံစေရန် ဖိအားပေးနေသည်ဟု ဝေဖန်သူများကပြောကြသည်။

အာဏာရ PTI ပါတီနှင့် ၎င်းတို့၏ မဟာမိတ်များသည် ရွေးကောက်ပွဲတွင် အနိုင်ရမည်ဟု ယုံကြည်နေကြပြီး ၎င်းတို့တွင် အမျိုးသားအဆင့် ပြည်နယ်အဆင့် အမတ်များ၏ ထောက်ခံမှုများရရှိထားသည်ဟု ယုံကြည်ကြသည်။ အထက်လွှတ်တော်၊ အောက်လွှတ်တော်နှင့် ပြည်နယ်လွှတ်တော် များသည် သမ္မတရွေးကောက်ပွဲတွင် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်သည်။

**ဆင်ဟွာ**

# အိုဆာကာ၌ တရားခံပြေး ရှာဖွေနေစဉ် ကျောင်းများကို စောင့်ကြည့်မှုများတိုးမြှင့်

**အိုဆာကာ ဩဂုတ် ၂၈**

ဂျပန်နိုင်ငံအနောက်ပိုင်း အိုဆာကာစီရင်စုရှိ ရဲများသည် တရားခံပြေးကို ရှာဖွေမှုပြုလုပ်နေစဉ်အတောအတွင်း ကျောင်းသား ကျောင်းသူများ ကျောင်းတက်သွားစဉ် လိုက်ပါစောင့်ကြည့်ပေးမည့် စေတနာ့ဝန်ထမ်းများနှင့် တွဲဖက်လုပ်ဆောင်လျက်ရှိသည်။ အသက် ၃၀ အရွယ် ဂျန်ရာဟိုင်ဒါသည် ဩဂုတ် ၁၂ ရက်တွင် တွန်ဒါဘာယာရှီမြို့ ရဲစခန်းမှ ထွက်ပြေးခဲ့သည်။

အဆိုပါစီရင်စုရှိလူများသည် ကျောင်းများရှိရာ ဇုန်များတွင် စောင့်ကြည့်မှုများပိုမိုပြုလုပ်လျက်ရှိသည်။ ရဲအရာရှိများသည် ကျောင်းသားများလုံခြုံရေးအတွက် ကျောင်းပတ်ဝန်းကျင်တွင် ရဲကားများဖြင့်ကင်းလှည့်လျက်ရှိသည်။ ကလေးငယ်များလုံခြုံရေးအတွက် ကျောင်းသားမိဘများနှင့် ဒေသခံများ၊ ဆရာများ ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိသည်ဟု ဒုတိယကျောင်းအုပ်ကပြောသည်။ ထွက်ပြေးနေသော ဟိုင်ဒါသည် လိင်ပိုင်းဆိုင်ရာကျူးလွန်မှုအတွက် အဖမ်းခံရခြင်းဖြစ်သည်။ ထို့အပြင် လုယက်မှုတို့ဖြင့်လည်း တရားစွဲခံထားရကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### နာ့ဖ်တာနှင့်ပတ်သက်ပြီး ကနေဒါနှင့် အမေရိကန်တို့ အပြုသဘောဆောင်ထိန်းသိမ်းမှုများ လုပ်ဆောင်

**အော့တဝါ ဩဂုတ် ၂၈**

ဝါရှင်တန်နှင့် မက္ကဆီကိုနိုင်ငံတို့ ကုန်သွယ်ရေးဆိုင်ရာကဏ္ဍတွင် တိုးတက်ကောင်းမွန်မှုများဖြစ်ပေါ်လာပြီးနောက် ကနေဒါဝန်ကြီးချုပ် ဂျက်စတင် ထရူးဒိုးနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့သည် ကုန်သွယ်ရေးနှင့်ပတ်သက်ပြီး အပြုသဘောဆောင် ထိန်းသိမ်းစောင့်ရှောက်မှုများ ပြုလုပ်ခဲ့ကြောင်း ထရူးဒိုးရုံးမှ မကြာသေးမီက ပြောကြားခဲ့သည်။

ထရူးဒိုးသည် ကုန်သွယ်ရေးညှိနှိုင်းရေးမှူးဖြစ်သူ နိုင်ငံခြားရေးဝန်ကြီး ခရစ္စတီယာဖရီးလန့်ကို အင်္ဂါနေ့က ကုန်သွယ်ရေးကိစ္စဆွေးနွေးရန် ဝါရှင်တန်သို့ စေလွှတ်ခဲ့ကြောင်း သိရသည်။

မြောက်အမေရိကလွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက် (နာ့ဖ်တာ) နှင့်ပတ်သက်၍ ဝန်ကြီးချုပ်သည် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ပတ်သက်ပြီး အပြုသဘောဆောင် ထိန်းသိမ်းမှုများပြုလုပ်ခဲ့ကြောင်း ထရူးဒိုးရုံး၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

ယခုတစ်ပတ် ညှိနှိုင်းမှုအဆုံးသတ်အောင်မြင်မှုကို စောင့်မျှော်လျက်ရှိကြောင်းနှင့် ဆွေးနွေးပွဲတိုးတက်ဖြစ်ထွန်းမှုများကို ကြိုဆိုလျက်ရှိကြောင်း ခေါင်းဆောင်များက ဆိုသည်။

**အေအက်ဖ်ပီ**

### ကွန်ဂိုနိုင်ငံအရှေ့ပိုင်းတွင် အီဘိုလာဖြစ်ပွားမှုကြောင့် သေဆုံးသူ ၇၅ ဦးအထိ ရောက်ရှိ

**ဂိုမာ ဩဂုတ် ၂၈**

ကွန်ဂိုနိုင်ငံ အရှေ့ပိုင်းတွင် အီဘိုလာဖြစ်ပွားမှုကြောင့် သေဆုံးသူဦးရေသည် ယခုအခါတွင် ၇၅ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မကြာသေးမီက သတင်းထုတ်ပြန်ခဲ့သည်။ အဆိုပါဒေသတွင် ပြင်းထန်သွေးလွန်တုပ်ကွေးဖြစ်ပွားမှု ၁၁၁ ခုအထိ ဖြစ်ပွားခဲ့ကြောင်း အဆိုပါဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ရောဂါဖြစ်သည်ဟု အတည်ပြုပြီးသား ၈၃ ဦးတွင် ၄၇ ဦးမှာ သေဆုံးခဲ့ကြောင်း၊ ထို့အပြင်အခြား ၂၈ဦးမှာလည်း အီဘိုလာဖြစ်ပွားနိုင်ခြေ ရှိနေသည်ဟု သက်ဆိုင်ရာအာဏာပိုင်များက ပြောခဲ့သည်။ သေဆုံးသူပေါင်း ၆၇ ဦးအထိ မြင့်တက်လာပြီးနောက် နောက်ထပ်ဖြစ်ပွားမှုအခြေအနေ တနင်္ဂနွေနေ့အထိ ထပ်မံတင်ပြခြင်း မရှိသေးကြောင်း သိရသည်။

နောက်ဆုံး အီဘိုလာဖြစ်ပွားမှုသည် လက်နက်ကိုင်အဖွဲ့များ ထကြွသောင်းကျန်းရာ ကွန်ဂိုနိုင်ငံမြောက်ပိုင်း ကီဗူပြည်နယ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# ပါလက်စတိုင်းအပေါ် ရန်ပုံငွေဖြတ်တောက်လိုက်ခြင်းမှ ဖြစ်ပေါ်လာနိုင်သည့် ဂယက်များ

**ချူးစန္ဒီနွေး**



ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်း ဒုက္ခသည်စခန်းရှိ ကုလသမဂ္ဂ အစားအစာဖြန့်ဝေရေးစင်တာမှ အစားအစာများ ပေးနေစဉ်။

အနောက်ဘက်ကမ်းနဲ့ ဂါဇာဒေသက ပါလက်စတိုင်းဒုက္ခသည်တွေကို ကုလသမဂ္ဂက အပြည်ပြည်ဆိုင်ရာက ရရှိထားတဲ့ ရန်ပုံငွေတွေနဲ့ ထောက်ပံ့မှုတွေ ပြုလုပ်ထားပါတယ်။

**လက်နက်သဖွယ်အသုံးချမှုလား**

အဲဒီထဲမှာ အမေရိကန်ရဲ့ထောက်ပံ့ငွေတွေလည်း ပါပါတယ်။ ဒါပေမယ့်လည်း အမေရိကန်သမ္မတ ထရန့်အစိုးရအဖွဲ့ဟာ ပါလက်စတိုင်းကို အကူအညီပေးမယ့် ဒေါ်လာသန်း ၂၀၀ ကို အကူအညီမပေးတော့ဘဲ ဖြတ်တောက်တော့မယ်လို့ ကြေညာလိုက်ပါတယ်။

ဒီရန်ပုံငွေတွေကိုသာ မရဘူးဆိုရင် ပါလက်စတိုင်းတွေအတွက် ဘဏ္ဍာရေး အကျပ်အတည်းတွေ သေချာပေါက် ပေါ်ပေါက်လာတော့မှာပါ။ ဒါကြောင့်လည်း ပါလက်စတိုင်းအာဏာပိုင်တွေက အမေရိကန်ဟာ နိုင်ငံရေးအရ အကျပ်ကိုင်နိုင်ဖို့ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီပေးမှုကို လက်နက်တစ်ခုသဖွယ် အသုံးချတယ်လို့ ဒေါသတကြီး တုံ့ပြန်ကြပါတယ်။

**ဖိအားပေးမှုတစ်ရပ်**

အမေရိကန်ဘက်က ဒီလိုမျိုး ရန်ပုံငွေ ဖြတ်တောက်လိုက်တာဟာ ဆိုရင် အစ္စရေးနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ စားပွဲဝိုင်းဆီကို ပါလက်စတိုင်းခေါင်းဆောင်ပိုင်းတွေ ပြန်ရောက်လာစေဖို့အတွက် ရည်ရွယ်ပြီး ပြုလုပ်တဲ့ ဖိအားပေးမှုတစ်ရပ်လို့လည်း ယူဆဖွယ်ရာရှိပါတယ်။

မေလအတွင်း အမေရိကန်သံရုံးကို အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့ကနေ ဂျေရုဆလင်မှာ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့တဲ့အတွက် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်ဦးဆောင်တဲ့ ပါလက်စတိုင်းအာဏာပိုင်တွေကို ဒေါသထွက်စေခဲ့ပါတယ်။

အဲဒီအခါမှာတော့ ကန့်ကွက်ဆန္ဒပြမှုတွေလည်း အများကြီး ပေါ်ပေါက်လာခဲ့ပါတယ်။ နောက်ပိုင်းမှာ ကုလသမဂ္ဂသက်သာချောင်ချိရေးနဲ့ အလုပ်သမားအေဂျင်စီကိုပေးရမယ့် ရန်ပုံငွေတွေကိုလည်း အမေရိကန်က မပေးတော့ဘဲ ရပ်ဆိုင်းလိုက်ပါတယ်။

အဲဒီအေဂျင်စီဟာ ပါလက်စတိုင်းဒုက္ခသည်တွေကို အကူအညီပေးနေတဲ့ အဖွဲ့အစည်းလည်း ဖြစ်တယ်။ ထရန့်အစိုးရအဖွဲ့ဟာ နှစ်ပေါင်းများစွာက ထားရှိလာတဲ့ အမေရိကန်ရဲ့အမြင်နဲ့ ပါလက်စတိုင်းနဲ့ အဆက်အသွယ်တွေကို ဖြတ်တောက်ဖို့ လုပ်လိုက်တာပဲလို့ အမေရိကန်ကို သံတမန်အဖြစ်ရောက်ရှိနေတဲ့ ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့မှ ဗိုလ်ချုပ်ဟူဆန်ဇိုမော့က ပြောပါတယ်။

**အကူအညီတွေဖြတ်တောက်**

ပါလက်စတိုင်း အဆင့်မြင့်အရာရှိတစ်ဦးဖြစ်တဲ့ ဟာနန်အက်ရှ်ဝါရီကတော့ ပါလက်စတိုင်းပြည်သူတွေနဲ့ ခေါင်းဆောင်ပိုင်းတွေဟာ ဒီလိုခြိမ်းခြောက်မှုမျိုးကို ကြောက်ရွံ့နေမှာ မဟုတ်ဘူးလို့လည်း တုံ့ပြန်ပြောကြားခဲ့ပါတယ်။

ပါလက်စတိုင်းလူမျိုးတွေရဲ့ အခွင့်အရေးဆိုတာ ရောင်းချဖို့မဟုတ်ဘူးလို့ သူက ဆက်ပြောပါတယ်။ ထရန့်အစိုးရအဖွဲ့ဟာ ပါလက်စတိုင်းတွေဆီကို ပေးမယ့် ရန်ပုံငွေကိုပဲ ဖြတ်တောက်တာမဟုတ်ပါဘူး။

ကမ္ဘာအနှံ့အပြားမှာရှိတဲ့ အမေရိကန်က ကူညီထောက်ပံ့ပေးထားတဲ့ ထောက်ပံ့မှု ဒေါ်လာသုံးဘီလီယံနီးပါးကို ဖြတ်တောက်ဖို့ ပြုလုပ်ခဲ့တာပါ။ အခုသီတင်းပတ်အတွင်းမှာပဲ သမ္မတထရန့်ရဲ့ အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်အာဘော့တန်က အမေရိကန်ရဲ့ ငြိမ်းချမ်းရေး အစီအစဉ်နဲ့ ပတ်သက်ပြီး အသေးစိတ် မစဉ်းစားရသေးကြောင်း ပြောကြားခဲ့ပါတယ်။

ပါလက်စတိုင်းနဲ့ အမြဲလိုလိုပဋိပက္ခတွေဖြစ်နေတဲ့ အစ္စရေးနိုင်ငံမှာတော့ ဝန်ကြီးချုပ် နေတန်ယာဟုရဲ့ အစိုးရအဖွဲ့မှာ လက်ယာယိမ်းတွေ အများစုပါဝင်ပြီး ဝန်ကြီးအများစုဟာ ပါလက်စတိုင်းကို ဆန့်ကျင်ကြပါတယ်။

**ငွေကြေးဖြတ်တောက်မှုကြောင့် ထိခိုက်**

ပါလက်စတိုင်း အာဏာပိုင်တွေကတော့ အခုလို ငွေကြေးအကူအညီဖြတ်တောက်မှုကြောင့် ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီရဲ့ လုပ်ငန်းအစီအစဉ်တွေကို အများကြီး ထိခိုက်သွားစေနိုင်တယ်လို့ ပြောပါတယ်။

အဲဒီအေဂျင်စီက အနောက်ဘက်ကမ်းနဲ့ ဂါဇာဒေသမှာရှိတဲ့ ပါလက်စတိုင်းတို့အတွက် အများဆုံးအကူအညီပေးနေပါတယ်။ ပါလက်စတိုင်းနယ်မြေတွေမှာ ဈေးငွေသက်သာချောင်ချိရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ သန့်စင်သောရေနှင့် မိလ္လာစနစ်ရရှိရေး၊ ပညာရေး၊ ကျန်းမာရေးနဲ့ အုပ်ချုပ်မှုဆိုင်ရာကိစ္စတွေမှာ ထောက်ပံ့ကူညီမှုအများဆုံး ပြုလုပ်ပေးနေတဲ့အဖွဲ့လည်းဖြစ်တယ်။

၂၀၁၆ ခုနှစ်က ပါလက်စတိုင်းတို့ကို အမေရိကန်က အဆိုပါ အေဂျင်စီကနေ တစ်ဆင့်ဒေါ်လာသန်း ၂၆၀ ခန့် အကူအညီပေးခဲ့ပြီး ၁၉၉၄ ခုနှစ်ကစပြီး ရေတွက်မယ်ဆိုရင် အမေရိကန်က အကူအညီပေးခဲ့တာ ဒေါ်လာ ၅ ဒသမ ၂ ဘီလီယံရှိနေပါပြီ။

ဒါတွေအပြင် လုံခြုံရေးဆိုင်ရာ အကူအညီအထောက်အပံ့အတွက် ရန်ပုံငွေ၊ မိုင်းရှင်းလင်းရေးလုပ်ငန်းစဉ်အတွက် ရန်ပုံငွေတို့ကိုလည်း အမေရိကန်က ထောက်ပံ့ကူညီပေးခဲ့ပါတယ်။

ဂျေရုဆလင်မှာရှိတဲ့ ကောင်စစ်ဝန်က ဇူလိုင်လအတွင်းမှာ ပါလက်စတိုင်းကျောင်းသား တစ်ထောင်ကျော်ဟာ အင်္ဂလိပ်စာအရည်အသွေးနဲ့ ခေါင်းဆောင်မှု စွမ်းရည်အတွက် ၁၈ လတာ သင်ကြားပေးတဲ့ အစီအစဉ်ကနေဘွဲ့ရရှိခဲ့ကြပါတယ်။ အဲဒီအစီအစဉ်ဟာလည်း တစ်နှစ် တစ်နှစ်မှာ ဒေါ်လာနှစ်သန်းကျော်ကုန်ကျစရိတ် ရှိပါတယ်။

**ဥရောပသမဂ္ဂရဲ့အကူအညီ**

ဥရောပသမဂ္ဂကနေ ပါလက်စတိုင်းကို ထောက်ပံ့ငွေကတော့ ယူရို ၃၅၉ သန်းရှိပါတယ်။ ၂၀၁၇ ခုနှစ်မှာတော့ ယူရို ၄၁၆ သန်းအထိ ရှိလာပါတယ်။ အဲဒီရန်ပုံငွေတွေဟာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စတွေအပြင် ပါလက်စတိုင်း အာဏာပိုင်အဖွဲ့ရဲ့ ဝန်ထမ်းတွေကိုပါ အဲဒီရန်ပုံငွေနဲ့ လစာပေးထားရတာပါ။

ပါလက်စတိုင်းအစိုးရနဲ့ မသက်ဆိုင်တဲ့အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းလုပ်ဆောင်နေကြတဲ့ အမေရိကန်အဖွဲ့အစည်းတွေအတွက် ရန်ပုံငွေဖြတ်တောက်ခံရမှုကြောင့် သက်ရောက်မှုတွေ ရှိလာနိုင်တယ်လို့ ဂါဇာအခြေစိုက် စီးပွားရေးနဲ့ နိုင်ငံရေးဆိုင်ရာ သုတေသီအိုမာရှာဘန်က ပြောပါတယ်။

အပြည်ပြည်ဆိုင်ရာနဲ့ ဒေသခံအကူအညီပေးရေးအဖွဲ့တွေအတွက် လုပ်ငန်းတွေ ရပ်ဆိုင်းသွားလိမ့်မယ်လို့ သူက ဆက်ပြောပါတယ်။ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီအတွက် အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင်ဒေသဆိုင်ရာ အကြီးအကဲဟောင်း အာဒေးဇစ်ဟာဒန်ကတော့ ဂါဇာဒေသကို ထိန်းချုပ်ထားတဲ့ ဟားမားစ်နဲ့ အစ္စလာမ့်စ် စစ်သွေးကြွတွေအတွက် ဖိအားတစ်ခုဖြစ်လာလိမ့်မယ်လို့ တွစ်တာမှာ ရေးသားခဲ့ပါတယ်။

**ငြိမ်းချမ်းရေးစားပွဲဝိုင်း**

၂၀၁၁ ခုနှစ်ကနေ ၂၀၁၇ ခုနှစ်အထိ အစ္စရေးဆိုင်ရာ အမေရိကန်သံတမန်အဖြစ် ဆောင်ရွက်ခဲ့တဲ့ ဒန်နီရယ်ဘီရှာပီရိုက ပါလက်စတိုင်းတို့အနေနဲ့ အစ္စရေးနဲ့ ငြိမ်းချမ်းရေးစားပွဲဝိုင်းဆီကို ပြန်လည်ရောက်ရှိစေဖို့ ထရန့်အစိုးရအဖွဲ့ဟာ အခုလိုမျိုးအကူအညီဖြတ်တောက်ဖို့ ဆုံးဖြတ်ခဲ့တာပဲ ဖြစ်တယ်လို့ သူ့ရဲ့ တွစ်တာစာမျက်နှာမှာ ရေးသားထားတာကို တွေ့ရပါတယ်။

ဒီလိုမျိုးကိစ္စရပ်တွေအပြင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖီဖာကလည်း သောကြာနေ့ကပဲ ပါလက်စတိုင်းဘောလုံးအဖွဲ့ချုပ်အကြီးအကဲ Jibril Rajoub ကို ဘောလုံးလှုပ်ရှားမှုကိစ္စရပ်တိုင်းမှာ ပါဝင်ခွင့်တစ်နှစ်တိတိ ပိတ်လိုက်ကြောင်း ကြေညာခဲ့ပါတယ်။

အဲဒီလိုလုပ်ရတဲ့ အကြောင်းရင်းကတော့ အမုန်းတရားတွေနဲ့ အကြမ်းဖက်မှုတွေ ဖြန့်ဝေမှုကြောင့် ဇွန်လအတွင်းမှာပဲ အစ္စရေးနဲ့ အာဂျင်တီးနားတို့ရဲ့ ဘောလုံးပြိုင်ပွဲကို ဖျက်သိမ်းလိုက်ရပါတယ်။

အကြမ်းဖက်မှုတွေ ပေါ်ပေါက်လာမှာ စိုးတဲ့အတွက်ကြောင့်လည်း ဖြစ်တယ်။ အဲဒီဖြစ်ရပ်အတွက် ပါလက်စတိုင်း ဘောလုံးအဖွဲ့ချုပ်အကြီးအကဲမှာ တာဝန်ရှိတယ်လို့ ယူဆတဲ့အတွက် ဖီဖာက အခုလို ပြစ်ဒဏ်ချမှတ်ခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။ ။

**ကိုးကား - နယူးယောက်တိုင်းမ်**

# မြဝတီ၊ ပဲခူး၊ မန္တလေးနှင့် ကွတ်ခိုင်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



လွမ်းမိုးအောင်(ခ)အောင်အောင်၊ စံရွှေမြင့်နှင့် ရန်ကျုံးဖူး (ခ)အားဖူ(ခ)ဝင်းအောင် တို့ကို ဖမ်းဆီးရမိမူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဩဂုတ် ၂၈**

မြဝတီခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၆ ရက် ညပိုင်းက မြဝတီမြို့ အမှတ် (၄) ရပ်ကွက် တောင်ကလေးဘုန်းကြီး ကျောင်းအနီး အာရှလမ်းပေါ်တွင် မအိမွန် အားရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ် ဆေးပြား ၁၉၉၁ ပြားကို လည်းကောင်း။

ဩဂုတ် ၂၇ ရက် ညပိုင်းက မူးယစ် တပ်ဖွဲ့စု(၁၆)ပဲခူးမှ တပ်ဖွဲ့ဝင်များပါဝင် သော ပူးပေါင်းအဖွဲ့သည် ပဲခူးမြို့ အမှတ် (၉) ရပ်ကွက်ရှိ စားသောက်ဆိုင်၌ မျိုးမင်းအားရှာဖွေရာ ၎င်းထံမှ စိတ်ကြွ ရူးသွပ်ဆေးပြား ၂၉၃၆ ပြား၊ သိမ်းဆည်း ရမိခဲ့ပြီး ကွင်းဆက်အရ ပဲခူးမြို့ အမှတ် (၉)ရပ်ကွက်ရှိ တည်းခိုခန်း၌ စိတ်ကြွ ရူးသွပ်ဆေးပြားများပိုင်ရှင် မစိန်ပု၊ မကြည်ကြည်မြင့်နှင့် မတင်တင်မူတို့အား ငွေကျပ် ၂၄၀၀၀၀ နှင့် လက်ကိုင်ဖုန်း လေးလုံးတို့ကို လည်းကောင်း။

မူးယစ်တပ်ဖွဲ့စု (၁၇) မန္တလေး မြောက်ပိုင်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၇ ရက် ညနေ ၆ နာရီခွဲက ပြည်ကြီးတံခွန်မြို့နယ် လွမ်းမိုးအောင်(ခ)အောင်အောင်နှင့် စံရွှေမြင့်တို့အား ရှာဖွေရာ လွမ်းမိုးအောင် (ခ)အောင်အောင်၏ လက်ဆွဲအိတ် အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပြည်ကြီး တံခွန်မြို့နယ်ရှိ လွမ်းမိုးအောင်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြားများပိုင်ရှင် ရန်ကျုံးဖူး (ခ) အားဖူ(ခ)ဝင်းအောင်အား လက်ကိုင်ဖုန်း တစ်လုံး၊ မော်တော်ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူ ထားကြောင်း။

ထို့အတူ တပ်မတော်မှ ကွတ်ခိုင် မြို့နယ် လွယ်ခန်ကျေးရွာ၏အရှေ့ဘက် ၁၂ မိုင်ခန့်အကွာတွင် ဩဂုတ် ၂၃ ရက် နံနက် ၇ နာရီက မူးယစ်ဆေးဝါးချက် လုပ်သည့်နေရာတစ်ခုအား တွေ့ရှိ ရှင်းလင်းရာ ဆာလဖျူရစ်အက်စစ် ၂၀၀ လီတာစီပါ ပလတ်စတစ်ပီပါအလုံး ၃၀ စုစုပေါင်း ဆာလဖျူရစ်အက်စစ် ၆၀၀၀ လီတာ၊ လွိုက်ဇော ၂၀ လီတာစီပါ ပလတ် စတစ်ပုံး ၂၀ စုစုပေါင်းလွိုက်ဇော ၄၀၀ လီတာ၊ သံပီပါအခွံအလုံး ၇၀၊ ပလတ် စတစ် ပီပါ အခွံအလုံး ၃၀၊ ဂက်စ်အိုး တစ်လုံး၊ ဖန်ပေါင်းအိုးတစ်လုံး၊ ပလတ် စတစ်ပိုက် ကြိုးခွေ ၂၀၊ မီးသတ်ဆေးဘူး ၁၇ ဘူး၊ လျှပ်စစ်မီးဖို (အသစ်)အလုံး ၅၀၊ လျှပ်စစ်မီးဖို (အဟောင်း)အလုံး ၅၀၊ တာလပတ်မိုးကာစ သုံးစ၊ သံပေါင်း အိုးတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေ သော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၂၉-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက် ဆိုင်ရာစကားဝိုင်း
- ၈း၃၅ - **"စီးပွားရေးစကားဝိုင်း" (အလုပ်အကိုင်အခွင့်အလမ်း နှင့် ကုန်ထုတ်စွမ်းအားတိုး တက်မှု) (ဒုတိယပိုင်း)**
- ၁၀း၄၅ - ပြည်သူ့နီတိ "ထမင်းဝိုင်း" (ဒုတိယပိုင်း)
- ၁၁း၃၀ - ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
- ၁၂း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ"(အပိုင်း- ၃၈)
- ၁၄း၄၅ - "KBZ Bank Women's League 2017-2018" ဘောလုံးပြိုင်ပွဲ တိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ် " (Myawady FC အသင်းနှင့် Thitsar Arman FC အသင်း)

**ညပိုင်း**

- ၁၇း၃၅ - MRTV Travelogue
- ၁၈း၂၀ - Football Magazine
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံ တကာသတင်း၊ မိုးလေဝသ အခြေအနေ
- ၂၀း၃၅ - "MSMES Medium Level ပထမဆုရ (ဦးကာက၊ ဒေါ်စိန် လက်ဖက်စိုနှပ်)"
- - "စမ်းချောင်းဆစ်ကွန်း ဆစ်ကွန်းစမ်းချောင်း" (အပိုင်း-၇) "စန်းစန်းတင့်စမ်းချောင်း ရောက်ပြီ" (မေသဥ္ဇာဦး၊ သန်းသန်းစိုး၊ ဇော်ဝင်းနိုင်၊ ညီနိုင်း) (ဒါရိုက်တာ- ရှင်ဒေဝီ)

# ကာမိုင်းမြို့၌ မူးယစ်ဆေးဝါး၊ လက်ပစ်ဗုံးနှင့် တူမီးသေနတ်များ ဖမ်းဆီးရမိ

**ကာမိုင်း ဩဂုတ် ၂၈**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကာမိုင်း မြို့၌ ဩဂုတ် ၂၇ ရက် နံနက် ၁၁ နာရီက မူးယစ်ဆေးဝါး သတင်းအရ နေအိမ်ဝင် ရောက်ရှာဖွေရာမှ မူးယစ်ဆေးဝါးနှင့် အတူ လက်ပစ်ဗုံးတစ်လုံး၊ တူမီးသေနတ် နှစ်လက် သိမ်းဆည်းရမိကြောင်း သိရ သည်။

ဖြစ်စဉ်မှာ ကချင်ပြည်နယ်ရဲအကူ တပ်ဖွဲ့မှ ရဲမှူးအောင်မျိုးကြည် ဦးစီး တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် မူးယစ် ဆေးဝါးသတင်းအရ ကာမိုင်းမြို့မအုပ်ပင် စုရပ်ကွက်နေ ဖိုးသား(ခ) စိုးသူရ (၂၃နှစ်)၏ နေအိမ်အား ဝင်ရောက်ရှာဖွေ ရာ ၎င်းအားနေအိမ်တွင် မတွေ့ရှိရသော် လည်း တစ်ရွာတည်းနေ စိုးမင်းနိုင်(ခ) အနိုင်(၃၃ နှစ်)အားတွေ့ရှိရပြီး နေအိမ် အိပ်ခန်းအတွင်းမှ အရှည်သုံးပေခွဲရှိ သစ်သားကိုယ်ထည် တပ်ဆင်လျက် တူမီး သေနတ်တစ်လက်၊ အရှည်နှစ်ပေ ၁၁ လက်မရှိသစ်သားကိုယ်ထည်တပ်ဆင် လျက် တူမီးသေနတ်တစ်လက်၊ နံပတ် ၂ အမျိုးအစား လေသေနတ်တစ်လက်၊ တရုတ်နိုင်ငံလုပ် လက်ပစ်ဗုံးတစ်လုံးနှင့် ၅ ဒသမ ၅၆ ကျည်အမျိုးအစားအတောင့် ၂၀၊ ကာလတန်ဖိုးငွေကျပ် ၃၇၅၀၀၀ တန်ဖိုးရှိ အဝတ်ဘိန်း (အဆင့်နိမ့်) အလေးချိန် ၂၅၀ ဂရမ်နှင့် ဘိန်းမည်း ၁ ဒသမ ၅ ဂရမ်၊ မြန်မာငွေစက္ကူရောရာ ၅၂၀၀၀၀ တို့ကို ရှာဖွေသိမ်းဆည်းရမိ ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဖိုးသား(ခ) စိုးသူရ(ဖမ်းမမိသေး)နှင့်စိုးနိုင်(ခ)အနိုင် တို့နှစ်ဦးအား ကာမိုင်းနယ်မြေရဲစခန်း တွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**



# မြန်မာ- ထိုင်းနယ်စပ်၌ မူးယစ်ဆေးဝါးများ ပိုင်ရှင်မဲ့ဖမ်းဆီးရမိ




**မယ်ဆိုင် ဩဂုတ် ၂၈**

မြန်မာ- ထိုင်းနယ်စပ် မယ်ဆိုင်မြို့နယ် ကော့ချန့်ကျေးရွာအုပ်စု မွန်းဒဲန်းနွဲ့ ကျေးရွာ ဖရဆန်- ပါဒဲန်ရွာသွား ကားလမ်းမဘေးရှိ ၄က်ပျောတောခြံ အတွင်း မူးယစ်ဆေးဝါး အိုက်စ်ကီလို ၂၀ ခန့်ကို ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက ပိုင်ရှင်မဲ့ ဖမ်းဆီးရမိကြောင်း မယ်ဆိုင် မြို့နယ် ကော့ချန့်ရဲစခန်း၏ စစ်ဆေး သိမ်းဆည်းမှုမှတ်တမ်းဖြင့် ဖော်ပြထား ကြောင်း သိရသည်။

ဩဂုတ် ၂၈ ရက် နံနက် ၁၀ နာရီခွဲ ခန့်တွင် စစ်တပ်၊ ရဲတပ်ဖွဲ့ မယ်ဆိုင်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများ သည် လုံခြုံရေးအင်အားဖြင့် သတင်းအရ မယ်ဆိုင်မြို့နယ် ကော့ချန့်ကျေးရွာ အုပ်စု အကွက်(၈) မွန်းဒဲန်းနွဲ့ကျေးရွာ ဖရဆန်- ပါဒဲန်ရွာသွားကားလမ်းဘေး တစ်လျှောက်တွင် ပိတ်ဆို့ရှာဖွေမှုများ ပြုလုပ်နေစဉ် ကားလမ်းဘေး ၄က်ပျော တောခြံတွင် မသင်္ကာဖွယ် ခရီးသွားအိတ် သုံးအိတ်အားတွေ့ရှိရပြီး ပူးပေါင်းအဖွဲ့ ဖြင့် ဆက်လက်စစ်ဆေးခဲ့ရာ Guanyin Wang စာတန်းပါ ရွှေဝါရောင် လက်ဖက်ခြောက် အိတ်ငယ်အတွင်း ထည့်ထားသည့် မူးယစ်ဆေးဝါး အိုက်စ် အထုပ် ၂၀၊ အလေးချိန် ၂၀ ကီလိုခန့်ကို တွေ့ရှိခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါးများ ထားခဲ့ သည့် ပိုင်ရှင်အား ဖမ်းဆီးရမိရေးအတွက် ကင်းပုန်းဝပ် စောင့်ဆိုင်းခဲ့သော်လည်း လာရောက်ယူဆောင်ခြင်း မရှိသဖြင့် ကော့ချန့်ရဲစခန်းသို့ ယူဆောင်ကာ သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် ဖွင့်ဖောက်စစ်ဆေးခဲ့သည်။

အမှုမှ ၄က်ပျောတော အတွင်း ပိုင်ရှင်မဲ့ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါး များအား ကော့ချန့်ရဲစခန်းက စစ်ဆေး သိမ်းဆည်းမှုမှတ်တမ်းဖြင့် သိမ်းဆည်း ခဲ့ပြီး ပိုင်ရှင်ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

**မြင့်မိုရ်(တာချီလိတ်)**

# လသာမြို့နယ်၌ လုယက်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီး

**ရန်ကုန် ဩဂုတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် (၂) ရပ်ကွက်နေ ဒေါ်-------သည် ဩဂုတ် ၁၇ ရက်ည ၁၁ နာရီ ၄၅ မိနစ်ခန့်က လသာ မြို့နယ် ရွှေတိဂုံဘုရားလမ်းနှင့် အနော်ရထာလမ်းထောင့်မှ တက္ကစီငှား၍ နေအိမ် သို့လာစဉ် တက္ကစီယာဉ်မောင်းနှင့် ယာဉ် ပေါ်ပါ အမည်မသိ အမျိုးသားတစ်ဦးတို့က ဓားဖြင့်ထောက်၍ ခြိမ်းခြောက်ရိုက်နှက် ပြီး ဖုန်းနှင့်ရွှေငွေလက်ဝတ်ရတနာပစ္စည်း များ အပါအဝင် စုစုပေါင်းတန်ဖိုးငွေကျပ် ၂၇ သိန်းခန့်ကို လုယူသွားခဲ့သဖြင့် လသာမြို့မရဲစခန်း၌ အမှုဖွင့်ခဲ့သည်။

ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီး ရမိရေးအတွက် အနောက်ပိုင်းခရိုင်ရဲတပ် ဖွဲ့မှူးရုံး၊ မှုခင်းနှိမ်နင်းရေးဌာနစုနှင့် လသာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ စုံစမ်းဖော်ထုတ်ခဲ့ရာ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၉၃) ရပ်ကွက်တွင် သော်ဇင်နိုင်(ခ)ကတုံး(၁၈ နှစ်)နှင့် ဖုန်း ကျော်သူ(ခ)ကိုမျိုး(၄၀နှစ်)တို့ ဖြစ် ကြောင်း စုံစမ်းသိရှိခဲ့ရပြီး ဩဂုတ် ၂၃ ရက်တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ၎င်းတို့၏နေအိမ်များ၌ ပြစ်မှုကျူးလွန်ရာ တွင် အသုံးပြုသည့် အငှားယာဉ်နှင့်အတူ ဖမ်းဆီးရမိပြီး သက်သေခံပစ္စည်းများအား ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကာ ၎င်းတို့အား ဥပဒေနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရ သည်။

**သတင်းစဉ်**

# သားမယားပြုကျင့် လည်ပင်းညှစ်သတ်ခဲ့သည့် တရားခံပြေးဖမ်းဆီးရမိ

**သထုံ ဩဂုတ် ၂၈**

မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမကျေးရွာအတွင်း မသင်္ကာသူ တစ်ဦးရောက်ရှိနေကြောင်း သွားရောက်စစ်ဆေးရာမှ မုဒိမ်းလူသတ်တရားခံပြေးအား ဖမ်းဆီးရမိသည်။

ပေါင်မြို့နယ် မုတ္တမနယ်မြေရဲစခန်းပိုင် မုတ္တမကျေးရွာ ဆီဆုံရပ်ကွက်တွင် ဩဂုတ် ၂၇ ရက် ည ၇ နာရီခွဲခန့်တွင် မသင်္ကာဖွယ်လူတစ်ဦး ရောက်ရှိနေကြောင်း သတင်းအရ မုတ္တမနယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ် အောင်မင်းကြည်နှင့်အဖွဲ့က သက်သေများနှင့် အတူသွားရောက်စစ်ဆေးရာ မောင်မော်ရွှန်း ရေတွင်းကုန်းရွာ ကျိုက်မရောမြို့နေသူ ဖြစ်ပြီး ဇူလိုင် ၂၁ ရက် ညနေ ၆ နာရီက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့် မြို့နယ် ကားဝပ်ရှော့တစ်ခုတွင် အသက်(၆၀)အရွယ်အမျိုးသမီးအား အလိုမတူဘဲ သားမယားပြုကျင့်ပြီး လည်ပင်းညှစ်သတ်ကာ ထွက်ပြေးတိမ်းရှောင်နေသူ ဖြစ်ကြောင်း စုံစမ်းသိရှိရ ပြီး မင်္ဂလာတောင်ညွန့်မြို့နယ် မြို့မရဲစခန်းက (ပ)၄၃၄/၁၈၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၂ အမှုမှ ထွက်ပြေးတရားခံဖြစ်ကြောင်း သိရသည်။ **၁၃၈**

# ရေပူစစ်ဆေးရေးအဖွဲ့ ယာဉ်စစ်ဆေးစဉ် ပိတောက်ခားရွေများဖမ်းမိ

**နေပြည်တော် ဩဂုတ် ၂၈**

တရားမဝင်ကုန်စည်များ တားဆီး ထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်း ချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ်မတ် ၁ ရက်က စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၂၇ ရက်တွင် မန္တလေး- မူဆယ်ပြည်ထောင်စုလမ်းမ ကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၈၂၉ စီး၊ သွင်းကုန်အစီး ၆၈၀၊ ရန်ကုန်- မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ် မှုယာဉ် ပို့ကုန် ၃၆ စီး၊ သွင်းကုန် ၁၃၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိ သည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သောကုန်ပစ္စည်းများ ကို စစ်ဆေးပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၇ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆ ဒသမ ၉၀၃ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေး ရေးစခန်းမှ တားဆီးမှုခုနစ်မှု ခန့်မှန်း တန်ဖိုး ငွေကျပ် ၆၂ ဒသမ ၁၅၄ သန်း ခန့် စုစုပေါင်းတားဆီးမှု ၁၃ မှုခန့်မှန်း တန်ဖိုးငွေကျပ် ၁၄၉ ဒသမ ၀၅၇ သန်း ခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရ သည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၂၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေး စခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေး မှုများဆောင်ရွက်စဉ် Nissanud (12W)ယာဉ်တစ်စီး၊ Toyota Wish ယာဉ်တစ်စီးနှင့် Mitsubishi Canter (6W) ယာဉ် တစ်စီးတို့အား စစ်ဆေး ခဲ့ရာ ယာဉ်များပေါ်တွင် တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ပိတောက်ခား ရွေ ၃ ဒသမ ၉၀၇၈ တန်နှင့် အဆိုပါ ပစ္စည်းများ သယ်ဆောင်သည့် ယာဉ်သုံးစီး၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၈၆ ဒသမ ၉၀၃ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွာသစ်မြို့၌ မိုးရွာသွန်းမှုကြောင့် မြေထိန်းနံရံပြိုကျ

**ရွာသစ် ဩဂုတ် ၂၈**

ကယားပြည်နယ် ဘောလခဲခရိုင် ရွာသစ်မြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ယနေ့နံနက်ပိုင်းက ဘောလခဲ- ရွာသစ်လမ်း မိုင်တိုင် ၁၄ မိုင် ၄ ဖာလုံတွင် မြေထိန်း နံရံကမ်းပါးပြိုကျသွားကြောင်း သိရသည်။

အဆိုပါ မြေထိန်းနံရံကမ်းပါးပြိုကျရာတွင် ရွာသစ်ဓာတ်အားလိုင်း ၃၃ ကေဗွီ လိုင်းပေါ် ဖုံးလွှမ်းသွားပြီး မီးတိုင် ၁၀ တိုင်ကျိုးသွားကြောင်း၊ ဓာတ်အားပြန်လည် ရရှိစေရန်အတွက် ဆောင်ရွက်နေဆဲဖြစ်ကြောင်း လျှပ်စစ်ရုံးတာဝန်ရှိသူ၏ ပြောပြ ချက်အရ သိရသည်။

**နန်းဆွေဆွေအေး(ပြန်/ဆက်)**

# အိမ်ခြံမြေဈေးကွက်တွင် ပြည်ပရင်းနှီးမြှုပ်နှံသူများ စိတ်ဝင်စားနေ

**ရန်ကုန် ဩဂုတ် ၂၈**

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ အိမ်ခြံမြေဈေးကွက်တွင် အသစ်ဖြစ်နေခြင်းနှင့် အိမ်ခြံမြေလောကတွင်လည်း ကွန်ဒိုကောင်းများ လိုအပ်နေခြင်းတို့ကြောင့် လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေခြင်းဖြစ်ကြောင်း Golden Land Real Estate Development Co.,Ltd. မှ ဈေးကွက် ဒါရိုက်တာဖြစ်သူ Mr. Alex Lee က ပြောကြားသည်။

"အရှေ့တောင်အာရှမှာ ကြည့်မယ်ဆိုရင် မြန်မာနိုင်ငံ အိမ်ခြံမြေဈေးကွက်ကအသစ်လည်းဖြစ်တယ်။ ပထမအစိတ်အပိုင်းလည်းဖြစ်နေတဲ့အတွက် မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ လိုအပ်နေပါတယ်။ အိမ်ခြံမြေလောကမှာလည်း ကွန်ဒိုကောင်းကောင်းလိုအပ်နေတဲ့ အခြေအနေကိုတွေ့ရတဲ့အတွက် ကျွန်တော်တို့ဘက်က လာရောက်ရင်းနှီးမြှုပ်နှံတာပါ" ဟု ၎င်းကဆက်လက်ပြောသည်။

ထို့ပြင် စီးပွားရေးနှင့်အခြေခံအချက်အလက်များအရ မြန်မာနိုင်ငံသည် အခြားသောနိုင်ငံများနှင့် နှိုင်းယှဉ်ပါကတည်ငြိမ်မှုရှိသည့်အတွက် လာရောက်ရင်းနှီးမြှုပ်နှံခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးဆိုင်ရာကဏ္ဍတွင် ဆန်းသစ်သော ဒီဇိုင်းပိုင်းဆိုင်ရာများ လိုအပ်နေသည့်အတွက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ပိုမိုစိတ်ဝင်စားခြင်းဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။



အဆင့်မြင့် လူနေအိမ်ရာနှင့် စီးပွားရေး ဘက်စုံသုံး အထွေထွေစီမံကိန်းတစ်ခုဖြစ်သော Golden City စီမံကိန်းကို ၂၀၁၄ ခုနှစ် မတ်လတွင် စတင်ခဲ့ပြီး ရန်ကုန်မြို့တွင် ပထမဆုံးဆောက်လုပ်ပြီးစီးခဲ့သည့် ကွန်ဒိုမီနီယံ စီမံကိန်းတစ်ခုဖြစ်သည်။ ရန်ကုန်မြို့၏ ရန်ကင်းမြို့နယ်တွင် တည်ရှိသော အဆိုပါ စီမံကိန်းသည် စင်ကာပူနိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခြင်းဖြစ်သည်။

အဆိုပါ စီမံကိန်းတွင် အထပ်ပေါင်း ၃၃ ထပ် အမြင့်ရှိ အဆင့်မြင့်လူနေအိမ်ခန်းများ၊ စီးပွားရေးစင်တာများ၊ ရှော့ပင်းမောလ်များ၊ ဟိုတယ်နှင့် ဆားဗစ်အပတ်မင့်များ ပါဝင်မည်ဖြစ်ကာ ပထမအဆင့် တိုက်ခန်းများနှင့် ရုံးခန်းတာဝါများကို ဝယ်ယူသူများထံ အပ်နှံပြီးဖြစ်ကာ စီမံကိန်းတစ်ခုလုံး ၂၀၂၀ တွင် အပြီးတည်ဆောက်မည်ဟု သိရသည်။

စီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုအဖြစ် အမေရိကန်ဒေါ်လာသန်း ၂၉၀ ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ- ထိန်လင်း**

# ရေကြီးမှုဒဏ်ခံစားရသော ပြည်သူလူထု၏ လူမှုစီးပွားဘဝ စစ်တမ်းကောက်ယူခြင်း သင်တန်းဖွင့်

**ဘားအံ ဩဂုတ် ၂၈**

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် MHDO တို့ ပူးပေါင်းပြုလုပ်သော ရေကြီးမှုဒဏ် ခံစားရသော ပြည်သူလူထု၏ လူမှုစီးပွားဘဝ စစ်တမ်းကောက်ယူခြင်းနှင့် ရပ်ရွာအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲမှု အကဲဖြတ်ခြင်း သင်တန်းဖွင့်လှစ်ပို့ချပေးခြင်းကို ဘားအံမြို့ ပအိုဝ်းဓမ္မာရုံ၌ ဩဂုတ် ၂၇ ရက်က ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလင်းထွဋ်က အမှာစကားပြောကြားပြီး ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းက သင်တန်းပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး လူမှုဖွံ့ဖြိုးရေးအဖွဲ့ အကြံပေး ဦးထဲဒီက သင်တန်းတွင် ပို့ချပေးမည့် ဘာသာရပ်များနှင့် မြန်မာနိုင်ငံအတွင်း သဘာဝဘေးကြောင့် တွေ့ကြုံခံစားခဲ့ရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြပေးခဲ့သည်။

ယင်းသင်တန်းကို ပြည်နယ်လူမှုဝန်ထမ်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး၊ MHDO အဖွဲ့အကြံပေးနှင့် အဖွဲ့ဝင်များက ရေကြီးမှုဒဏ် ခံစားရသော ပြည်သူလူထု၏ လူမှုစီးပွားဘဝ စစ်တမ်းကောက်ယူခြင်းနှင့် ရပ်ရွာအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲမှု အကဲဖြတ်ခြင်းအကြောင်း၊ ၂၀၁၈ ရေကြီးမှုဖြစ်စဉ်အကျဉ်းနှင့် ကူညီထောက်ပံ့မှုများ ရှင်းလင်းခြင်း အန္တရာယ်ရေကြီးမှု ဖြစ်ပေါ်ရသည့် အကြောင်းရင်း၊ ရေကြီးမှုဒဏ်ခံစားရသော ပြည်သူလူထု၏ ထိခိုက်ပျက်စီးမှုအခြေအနေ စစ်တမ်းကောက်ယူရခြင်းရည်ရွယ်ချက်၊ စစ်တမ်း ကောက်ယူမှုဆိုင်ရာနည်းလမ်းများ၊ ကဏ္ဍအလိုက်ပျက်စီးဆုံးရှုံးခြင်းတို့ကို ဆွေးနွေးခြင်း၊ စစ်တမ်းကောက်ယူမည့် မေးခွန်းပုံစံစသည့် ခေါင်းစဉ်များဖြင့် နှစ်ရက်တာ သင်ကြားပေးသွားမည် ဖြစ်ကြောင်းသိရသည်။

ရေကြီးမှုဒဏ်ခံစားရသော ပြည်သူလူထု၏ လူမှုစီးပွားဘဝ စစ်တမ်းကောက်ယူခြင်းနှင့် ရပ်ရွာအခြေပြု ဘေးအန္တရာယ်စီမံခန့်ခွဲမှု အကဲဖြတ်ခြင်းကို ယင်းသင်တန်းပြီးဆုံးပြီး ဩဂုတ်လအကုန်မှ စက်တင်ဘာလပထမပတ်အထိ ကောက်ယူသွားမည်ဖြစ်ကြောင်း၊ စစ်တမ်းများကို ဦးစားပေးအနေဖြင့် ဘားအံ၊ လှိုင်းဘွဲ့၊ ကြာအင်းဆိပ်ကြီး၊ ဖာပွန်မြို့နယ်တို့တွင် စတင်ကောက်ယူသွားမည်ဖြစ်ကြောင်း၊ နောက်ပိုင်းပြည်နယ်တစ်ခုလုံးအနေဖြင့် ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ရရှိသောစစ်တမ်းများကို ပြည်နယ်အစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြသွားမည်ဖြစ်ပြီး လတ်တလော သဘာဝဘေးအန္တရာယ်ခံစားနေရသော ပြည်သူများအား ကူညီထောက်ပံ့ပေးနိုင်ရန်နှင့် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန်အတွက် ကောက်ယူရခြင်းဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ (မြစ်ကြီးနား)**



## သံသုမာလမ်းနှင့် ကမာကြည်လမ်း တစ်လျှောက် ဓာတ်အားလိုင်း နှင့် မလွတ်သော သစ်ပင်သစ်ကိုင်းများရှင်းလင်း

**ရန်ကုန် ဩဂုတ် ၂၈**

၆၆ ကေဗွီ သာကေတ ကျိုက္ကဆံဓာတ်အားလိုင်းအတွင်းရှိ ရန်ကုန်မြို့တော်နေ ပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေး၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု မရှိစေရေးနှင့် ဓာတ်အားဆုံးရှုံးမှုမရှိစေရေးအတွက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ရန်ကုန်အရှေ့ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာ ဦးသန်းထွန်းအေး ဦးဆောင်၍ မြို့နယ်လျှပ်စစ်စီမံမန်နေဂျာ ဦးယဉ်မိုး၊ မန်နေဂျာ(အင်/ယာ) ဦးအောင်ကိုကို၊ လ/ထ (အင်/ယာ) မန်နေဂျာ ဦးကိုကိုလတ်တို့ ကြီးကြပ်သော အရှေ့ပိုင်းခရိုင်အတွင်းရှိ ၁၀ မြို့နယ်မှ လျှပ်စစ်ဝန်ထမ်း ၈၅ ဦး၊ YCDC ပန်းဥယျာဉ်ဌာနမှ စည်ပင်ဝန်ထမ်း ၄၁ ဦးတို့ ပူးပေါင်းပါဝင်၍ ဝန်ထမ်း ၁၀၀ ကျော်တို့သည် ဩဂုတ် ၂၆ ရက်ကစ၍ အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်းမနှင့် ကမာကြည်လမ်းမတစ်လျှောက်ရှိ ၆၆ ကေဗွီသာကေတ၊ ကျိုက္ကဆံဓာတ်အားလိုင်းနှင့် ထိစပ်နေပြီး ယင်းဓာတ်အားလိုင်းကြိုးများနှင့် မလွတ်သောသစ်ပင်သစ်ကိုင်းများကို ယာဉ်နှစ်စီးနှင့် ဝန်ထမ်း ၁၀၀ ကျော်တို့ဖြင့် ခုတ်ထွင်ရှင်းလင်းခဲ့ကြကြောင်း သိရသည်။

**တင်ကြည် (သဃ်န်းကျွန်း)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၈-၈-၂၀၁၈

### ရွှေ

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၁၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၈၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၁၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၄၀/၉၈၀ ကျပ် | ၁၀၀၀/၁၀၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၅၀/၉၉၀ ကျပ် | ၁၀၁၀/၁၀၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၉၁၀/၉၅၀ ကျပ် | ၁၀၀၀/၁၀၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၆၀/၁၀၀၀ကျပ် | ၁၀၅၀/၁၀၈၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၀၅ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၅၉ ・ ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၀၄ ・ ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၄၀ ・ ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၅၃ ・ ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၀၆ ・ ၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၀ ・ ၈၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၄၄၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၅ ・ ၆၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၇ ・ ၄၈ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၆ ・ ၂၇၂ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး(တာဝန်) | - | ဝင်းကျော် |
| စာတည်းမှူး | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# Miss Supranational 2018 သို့ အလှမယ်ရွှေအိမ်စည် သွားရောက်မည်

Miss Golden Land Myanmar 2018 အမည်ဖြင့် ပြည်တွင်း၌ (၅) ကြိမ်မြောက် ပြုလုပ်ခဲ့သည့် အဆိုပါပြိုင်ပွဲတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးကိုယ်စားပြု အလှမယ် အယောက် ၂၀ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး Miss Supranational Myanmar 2018 ဆုကို ရခိုင်ပြည်နယ် ကိုယ်စားပြုအလှမယ် ရွှေအိမ်စည်၊ 1st Runner up ဆုကို ရှမ်းပြည်နယ်အရှေ့ပိုင်းကိုယ်စားပြုအလှမယ် အယ်လီနာဝင်း၊ 2nd Runner up ဆုကို ရန်ကုန်တောင်ပိုင်း ကိုယ်စားပြုအလှမယ် နန်းချယ်ရီတို့က ရရှိခဲ့ကြပါတယ်။ Miss Supranational Myanmar 2018 အဖြစ် ရွေးချယ်ခံရသူ အလှမယ်ရွှေအိမ်စည်ဟာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ပိုလန်နိုင်ငံမှာ ကျင်းပမယ့် Miss Supranational Myanmar 2018 ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်မယ်ဟု သိရပါတယ်။

"အဓိကကတော့ Golden Land မှာ ဆောင်ပုဒ်လေးရှိတယ်။ Body, Beauty, Brain ဒီသုံးခုအပေါ် အခြေခံပြီး ရွေးချယ်တာပါ၊ အဲ့ဒီတော့ Body အနေနဲ့ကတော့ အလှမယ်တစ်ယောက်ဖြစ်တဲ့အတွက်ကြောင့် ကျန်းမာကြံ့ခိုင်တဲ့ Body ရှိတယ်။ ကိုယ် က ဘယ်လောက်အထိ ကျန်းမာကြံ့ခိုင်လဲဆိုတာ စစ်ဆေးတာဖြစ်ပါတယ်။ Beauty အနေနဲ့က နှစ်ပိုင်းရှိတယ်။ Inner Beauty နဲ့ Outer Beauty ဆိုပြီးတော့ ရှိတယ်။ Inner Beauty က နိုင်ငံ့ကိုယ်စားပြု အလှမယ်ဖြစ်တဲ့အတွက် အများနဲ့ ပူးပေါင်း ဆောင်ရွက်လိုတဲ့ စိတ်၊ အများကို ကူညီချင်တဲ့ စိတ်၊ ပရဟိတစိတ်တို့ ဆိုတာတွေရှိရမှာ ဖြစ်ပါတယ်။ ဒါ စိတ်ပိုင်းဆိုင်ရာအလှ။ ရုပ်ပိုင်းဆိုင်ရာအလှက အလှမယ်လို့ ခေါင်းစဉ်တပ်ထားတဲ့အတွက် လှကို လှရမယ်။ နောက်တစ်ခုက Brain ပေါ့။ နိုင်ငံ့ကိုယ်စားပြု ဖြစ်တဲ့အတွက် ကိုယ့်နိုင်ငံရဲ့ လတ်တလော ရင်ဆိုင်နေရတဲ့ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး ဒါတွေကို သိရှိဖို့ လိုအပ်ပါတယ်။ နိုင်ငံတကာရဲ့ အကြောင်းတွေကိုလည်း သိရှိဖို့ လိုအပ်ပါတယ်။ အဲ့ဒီ အတွက်ကြောင့် အိမ်စည် အနေနဲ့ ဒါတွေကို သေချာလေ့လာထားပါတယ်" ဟု ဆိုသည်။




**ကိုလင်း**

# လူငယ်တွေကိုပညာပေးမည့် "၂၀၂၀ တိုင်စာ" ရုပ်ရှင်ဇာတ်ကားကြီး စတင်ရိုက်ကူး



R - Square ရုပ်ရှင်ထုတ်လုပ်ရေး မှ ထုတ်လုပ်ပြီး ဇာတ်လမ်း အောင်ခန့်ဇော် (စိန်ပေါလ်) ရေးသားကာ ဒါရိုက်တာ စတီးလ် (ဒွေးမေတ္တာ) ဖန်တီး ရိုက်ကူးပုံဖော်မည့် "၂၀၂၀ တိုင်စာ" ဟု အမည်ရသည့် ရုပ်ရှင်ဇာတ်ကားကြီးကို ယခုလ ၂၆ ရက်နေ့မှ စတင်ပြီး ရန်ကုန်မြို့တွင် ရိုက်ကူးမည်ဟု သိရှိရပြီး နေပြည်တော်တွင်လည်း သွားရောက်ရိုက်ကူးမည်ဟု သိရသည်။

အဆိုပါ ဇာတ်ကားတွင် အကယ်ဒမီ ထွန်းထွန်း၊ နေထက်လင်း၊ နေမျိုးအောင်၊ ဇင်ဝိုင်း၊ မင်းသူ၊ နေရဲ၊ ကျော်ထူး၊ အကယ်ဒမီ စိုးမြတ်သူဇာ၊ ခိုင်နှင်းဝေ၊ ရွှေသမီး၊ မေမြင့်မိုရ်၊ ကြယ်ဖြူရှင်းသန့်နှင့် ညော့်သည်သရုပ်ဆောင် ထွန်းကိုကို၊ ဒိန်းဒေါင်၊ ထူးခြားတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည် ။

ယင်းဇာတ်ကားသည် ဆိုရှယ်မီဒီယာကို အကြောင်းပြု ရိုက်ကူးထားသည့်ဇာတ်ကားတစ်ကား ဖြစ်ပြီး ဆိုရှယ်မီဒီယာ၏ သားကောင်ဖြစ်ခဲ့ရသူများ အကြောင်းကို ပညာပေးအဖြစ် ရိုက်ကူးမည့် ဇာတ်ကားဟု သိရသည် ။

"လူငယ်တွေအသုံးများတဲ့ ဆိုရှယ်မီဒီယာရဲ့ ကောင်းကျိုး၊ ဆိုးကျိုးတွေ အကြောင်းရယ်၊ နောက်ပြီး အွန်လိုင်းပေါ်မှာ Cyber Bullying တိုက်ခိုက်ခံရတဲ့ လူငယ်တွေဟာ မိမိမိသားစု၊ ပတ်ဝန်းကျင်မှာပါ ဘယ်လိုလူမှုရေး ထိခိုက်မှုတွေ ဖြစ်ပေါ်စေနိုင်သလဲ ဆိုတာကို ပညာပေးပုံစံလေး ရိုက်ကူးမှာပါ။ ကျွန်တော်တို့တွေ Fb သုံးကြတဲ့အခါ အဲဒီအထဲကနေ ကောင်းတဲ့အရာလေးတွေ ရှိသလို တချို့လွဲမှားနေတဲ့ အရာတွေလည်း ရှိတတ်တယ်။ အဲဒီအတွက် တစ်ခုခုကို လုပ်တော့မယ်ဆိုရင် ကိုယ်ချင်းစာစိတ်လေး ထားဖို့ကို အဓိက ရည်ရွယ်တာပေါ့နော်။ ကိုယ့်ရဲ့ လက်ထဲမှာ ဖုန်းရှိတာနဲ့ပဲ အဲဒီဖုန်းက ကင်မရာလေးနဲ့ ရိုက်လိုက်တဲ့ပုံကြောင့်ပဲ ဖြစ်ဖြစ်၊ ကိုယ်ရေးလိုက်တဲ့ စာတစ်ကြောင်းကြောင့်ဖြစ်ဖြစ် တစ်ဖက်သားမှာ ဘယ်လို အကျိုးဆက်တွေ ဖြစ်သွားမလဲဆိုတာကို နားလည်စေချင်တယ်။ မျှဝေစေချင်တယ်။ အခုခေတ် ကျွန်တော်တို့ ပတ်ဝန်းကျင်မှာရှိတဲ့ အမျိုးသမီးတွေဘဝက မလုံခြုံတော့ဘူးလို့ မြင်မိတယ်။ ဒါကြောင့် အွန်လိုင်းပေါ်မှာ ဖြစ်ပျက်နေတဲ့ အရာတွေကို မီးမောင်းထိုးပြချင်တဲ့အတွက် ဒီကားလေးကို ရိုက်တာပါ" ဟု ဒါရိုက်တာ စတီးလ်က ပြောသည်။

**ကိုလင်း**

# မြန်မာနိုင်ငံ သဘင်ပညာရှင်များ သက်ကြီးပူဇော်ပွဲအတွက် ရန်ပုံငွေဘောလုံးပွဲ စက်တင်ဘာ ၁၅ ရက်တွင် အောင်ဆန်းကွင်း၌ ကျင်းပမည်

မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး (ဗဟို) မှ ဦးစီးကျင်းပသည့် သဘင်သက်ကြီးပူဇော်ပွဲပြုလုပ်ရန်အတွက် သဘင်ပညာရှင်များက ရန်ပုံငွေ ဘောလုံးပွဲအဖြစ် စက်တင်ဘာ ၁၅ ရက်တွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အောင်ဆန်းကွင်း၌ ကျင်းပမည်ဟု သိရသည်။

"အခုလို ရန်ပုံငွေ ဘောလုံးပွဲပြုလုပ်ဖို့ အကြောင်းဖန်လာတာကတော့ ကျွန်တော်တို့လည်း တစ်နေ့နေ့၊ တစ်ချိန်ချိန်ဒီလိုပဲ အိုမင်းရင့်ရော်လာမှာပဲ။ ဘယ်သူမှ ဒီအတိုင်း နုပျိုလန်းဆန်းနေမှာမဟုတ်ဘူး။ တစ်ချိန်ကျရင် နောက်ကတက်လာမယ့် ကလေးတွေရဲ့ကန်တော့တာ၊ ဘာညာဒီလိုပဲသွားရမှာပဲ။ လုပ်ပေးနိုင်တဲ့အချိန်မှာ ကျွန်တော်တို့ထက် အသက်အား၊ ဝါအားကြီးတဲ့ ပုဂ္ဂိုလ်တွေကို ကျွန်တော်တို့လုပ်ပေးဖို့ တာဝန်ရှိတယ်လို့ပဲ ကျွန်တော်တို့မြင်ပါတယ်။

"ဒါကြောင့် သူတို့က အချိန်မရွေးခေါ်ရင် အချိန်မရွေးလုပ်ပေးရမှာပေါ့၊ ပြီးတော့ သဘင်သက်ကြီးပုဂ္ဂိုလ်တွေက အများကြီးပဲလေ။ အဲဒီအပေါ်မှာ ငွေရေးကြေးရေးအခက်အခဲတော့ ရှိပါတယ်။ ဒါကြောင့်ဒီအခက်အခဲအတွက် အဘက်ဘက်ကနေပြီးတော့ ရန်ပုံငွေရှာပါတယ်။ တချို့ကျတော့လည်း တစ်ယောက်တည်း နိုင်သလောက်ပေးတဲ့သူတွေလည်း ရှိပါတယ်" ဟု ဖိုက်စတားလူရွှင်တော်အဖွဲ့မှ ဦးကျင်ဝှက်က ပြောသည်။

အဆိုပါပွဲသည် ယခုအကြိမ်ပြုလုပ်လျှင် (၁၁) ကြိမ်မြောက်ရှိသွားပြီဟု သိရပြီး ယင်းပွဲတွင် YRG ဘောလုံးအသင်းနှင့် လူရွှင်တော် FC ဘောလုံးအသင်းတို့ ပူးပေါင်းပြီး လေ့ကျင့်ခန်းများအတူ ပြုလုပ်နေကြောင်း သိရသည်။

**ကိုလင်း**

# အိပ်မက်ဆုံရာ ရာသက်ပန်နှင့် သံစဉ်များနဲ့ကမ္ဘာ Winner နှစ်ဦး၏ ဂီတ အားပြိုင်မှု

ယခုလ ၂၉ ရက်မှာစတင်ပြီး အဆိုတော် ဖြိုးပြည့်စုံနှင့် အောင်ထက်တို့ ဂီတညီအစ်ကို နှစ်ဦး ပါဝင်သီဆိုထားသည့် "ကြယ်" ဟုအမည်ပေးထားသော တေးစီးရီးကို M United မှ ဖြန့်ချိမည်ဟု သိရသည်။

အဆိုပါ တေးစီးရီးခွေကို ဖန်တီးကြသည့် လူငယ်ဂီတသမား နှစ်ဦးအနက် ဖြိုးပြည့်စုံသည် ၂၀၁၀ ပြည့်နှစ်က "သံစဉ်များနဲ့ကမ္ဘာ" တေးသီချင်းဆိုပြိုင်ပွဲမှ ဂီတလောကကို ဝင်ရောက်ခဲ့သူဖြစ်သည်။ အဆိုတော် အောင်ထက် အနေဖြင့် ၂၀၁၀ တွင် ပြိုင်ပွဲတွေနှင့် ကြိုးစားနေသူတစ်ယောက်အဖြစ် ရှိခဲ့ပြီး ၂၀၁၅ ခုနှစ်က ပြုလုပ်သည့် "အိပ်မက်ဆုံရာ ရာသက်ပန်" သီချင်းဆိုပြိုင်ပွဲကနေ ဂီတလောကထဲကို ရောက်လာခဲ့သည်။ အဆိုတော် ဖြိုးပြည့်စုံသည် ထိုအချိန်က "မျှော်နိုင်သမျှ" တေးစီးရီးကို ထွက်ရှိခဲ့ချိန်ဖြစ်သည်။

**ဖြိုးပြည့်စုံ**

"အဆိုတော်တွေအပြင်မှာ ဘယ်လောက်ပဲ သီချင်းတွေ ဆိုပါစေ၊ အခွေထွက်ရင် ပရိသတ်အားပေးဖို့ဆိုတာ မလွယ်ကူတဲ့ အချိန်ပါ။ ဈေးကွက်အရရော၊ စီးပွားရေးအရရော တော်တော်ကို အဆင်မပြေကြတာပါ။ ဒါပေမယ့်လည်း ထုတ်လုပ်သူတွေအနေနဲ့ ကိုယ်တွေရဲ့ ဂီတကို တန်ဖိုးထားတဲ့အတွက် အရှုံးခံပြီး ထုတ်ပေးနေတာကိုလည်း သိပါတယ်။ သီချင်းလေးတွေ အားလုံးကိုလည်း သေချာမကြိုက်မချင်း ကျွန်တော်တို့ ရွေးချယ်ထားပြီး လုပ်တာမို့ ပရိသတ်အတွက် အကြိုက်တွေ့မယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ နှစ်ယောက်လာတဲ့နေရာမတူပေမယ့် ကြိုးစားမှုချင်းကတော့ အတူတူပါပဲ၊ ကျွန်တော်တို့ ကြိုးစားမှုလေးကို အသိအမှတ်ပြုပေးပါလို့ ပြောပါရစေ" ဟု ဖြိုးပြည့်စုံက ပြောသည်။

**အောင်ထက်**

"ကျွန်တော်တို့ နှစ်ဦးရဲ့ စိတ်ကူးလေးတွေက တစ်ယောက်နဲ့ တစ်ယောက် တူကြတယ်။ ကျွန်တော်ကလည်း ပြိုင်ပွဲက တက်လာတဲ့သူဖြစ်တယ်။ ဖြိုးပြည့်စုံကလည်း ဒီလိုပဲ၊ အဲ့ဒီတော့ နှစ်ယောက်သား တူညီတဲ့အတွေးတွေ ပေါင်းစပ်မိပြီး အခုလို သီချင်းလေးဖြစ်လာတာပါ။ ဒီသီချင်းလေးက ကျွန်တော်တို့ နှစ်ယောက်ထဲကို ပြောတာမဟုတ်ပါဘူး။ ဂီတလောကထဲမှာရှိတဲ့ မောင်နှမတွေအကုန်လုံးအတွက် ရည်ညွှန်းပြီး ကျွန်တော်တို့ ဖန်တီးထားတာပါ။ ကိုယ်တိုင်ရေးထားတဲ့ ကိုယ်ပိုင်သံစဉ် သီချင်းလေးပါ။ ပရိသတ်တွေကို ကျွန်တော်တို့ ပုံစံကွဲလေးတွေ တင်ဆက်ချင်တာကြောင့်လည်း အခုလို ဖန်တီးဖြစ်ခဲ့တာပါ" ဟု အောင်ထက်က ပြောသည်။

အဆိုပါ တေးစီးရီးတွင် တေးသီချင်း ၁၂ ပုဒ်ပါဝင်ပြီး တေးသီချင်းများကို တေးရေး စောခူဆဲလ်၊ အောင်ထက်၊ ဝေကြီး၊ စည်သူမင်း၊ ကီးရှိန်းတို့ ရေးသားထားကြောင်း သိရသည် ။

ယင်းတေးသီချင်းများထဲတွင် ကြယ်တေးသီချင်းကို အဆိုတော် အောင်ထက်က ရေးသားထားပြီး ပရဟိတဆန်သော တေးသီချင်းဟု သိရသည်။

**ကိုလင်း**



## နိုင်ငံတကာ အနုပညာသတင်း

# ကလေးအုပ်ထိန်းခွင့်အတွက် အမှုရင်ဆိုင်နေရပေမယ့် သားဖြစ်သူနဲ့အတူ အပြုံးမပျက် ဈေးဝယ်ထွက်ခဲ့တဲ့ အင်ဂျလီနာဂျိုလီ

အသက် ၄၃ နှစ် အရွယ်ရှိပြီဖြစ်တဲ့ အင်ဂျလီနာဂျိုလီဟာ ဘရက်ပစ်နဲ့ ကွာရှင်းတဲ့ကိစ္စနဲ့ စိတ်ရှုပ်စရာတွေအများကြီးရင်ဆိုင်နေရပေမယ့် အခု သီတင်းပတ်မှာတော့ သားဖြစ်သူ ပက်စ်နဲ့ ဈေးဝယ်ထွက်ခဲ့ပါတယ်။ အညိုဖျော့ဖျော့ ဂါဝန်လေးဝတ်ဆင်ထားတဲ့ဂျိုလီဟာ လှပနေတာကို တွေ့ရပါတယ်။

ဩဂုတ် ၂၆ ရက်က လော့အိန်ဂျလိစ်မြို့က သားဖြစ်သူ ပက်စ်နဲ့အတူ နေ့လယ်စာစားကာ ဈေးဝယ်ရင်းအချိန်ဖြုန်းနေခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် စက်တင်ဘာလက စလို့ ဘရက်ပစ်နဲ့ ဂျိုလီတို့ဟာ သားသမီးခြောက်ယောက်ကို အုပ်ထိန်းခွင့်ရရှိရေး တိုက်ပွဲတွေ ဆင်နွှဲခဲ့ကြပါတယ်။ အပြန်အလှန် စွပ်စွဲမှု၊ ချေပမှုတွေနဲ့ အမှုရင်ဆိုင်လာတာ အခုဆိုရင် နှစ်နှစ်တာရှိလာပါပြီ။ အခုအချိန်မှာ ဂျိုလီအတွက် စိတ်ရှုပ်ထွေးစရာတွေနဲ့ ကြုံတွေ့နေရပေမယ့် သူ့ကိုကြည့်ရတာတော့ လှပနေပြီး ဘာကိုမှဂရုမစိုက်တဲ့ပုံပါပဲ။

ဂျိုလီဟာ ပြီးခဲ့တဲ့နွေရာသီက Maleficent-2 ဇာတ်ကားရိုက်ရင်း ယူကေမှာပဲ အချိန်ကုန်ခဲ့တာပါ။ Maleficent -2 ဇာတ်ကားကို ၂၀၂၀ ပြည့်နှစ်မှာ ရုံတင်ပြသမယ် လို့လည်း သိရပါတယ်။

**ဟောလိဝုဒ်လိုက်ဖ်**



# ဘီယွန်းစေးလ်နဲ့ဂျေးဇီးတို့ ဖျော်ဖြေရေးစင်နောက်သို့ အတင်းဝင်ရောက်ရန်ကြိုးပမ်းသူ တရားစွဲဆိုခံရ

ဩဂုတ် ၂၅ ရက်က အတ္တလန္တာမှာ ပြုလုပ်တဲ့ရှိုးပွဲမှာ ဘီယွန်းစေးလ်နဲ့ ဂျေးဇီးတို့ စင်ပေါ်ဖျော်ဖြေမှုအပြီး စင်နောက်သို့ဝင်စဉ် ပရိသတ်ထဲမှလူတစ်ဦး စင်ပေါ်သို့ အတင်းတက်ပြီး စင်နောက်ကိုလိုက်ဝင်ဖို့ ကြိုးစားမှုတစ်ခု ဖြစ်ပွားခဲ့ပါတယ်။

စင်နောက်ကို အတင်းဝင်ဖို့ ကြိုးစားသူမှာ အခုတရားစွဲဆို ခံထားရပြီလို့လည်း သိရပါတယ်။ အသက် ၂၆ နှစ်အရွယ် အန်တိုနီချာလီသောမတ်စ် မက်စ်ဝဲလ်ဟာ ဂျေးဇီးနှင့် ဘီယွန်းစေးလ်တို့ နယ်လှည့်ဖျော်ဖြေပွဲဖြစ်တဲ့ On The Run 2 ရှိုး နောက်ဆုံးညအဖြစ် ကျင်းပစဉ်မှာ စင်နောက်အတင်းဝင်ရောက်ဖို့ ကြိုးပမ်းခဲ့တာ ဖြစ်ပါတယ်။ ဂျေးဇီးအနားကို အတင်းကပ်ဖို့ ကြိုးပမ်းခဲ့တာဖြစ်တယ်လို့ ဒေသခံရဲအရာရှိက ပြောပါတယ်။

မက်စ်ဝဲလ်ကို တားဆီးဖို့လုံခြုံရေးတွေ၊ အကသမားတွေက အတင်းတားဆီးခဲ့ရပါတယ်။ မက်စ်ဝဲလ်ဟာ အပေါ်ယံဒဏ်ရာလေးတွေရရှိသွားတဲ့အတွက် ကုသမှုပေးခဲ့ရတယ်။ သူကလွဲရင် တခြားဘယ်သူမှ ဒဏ်ရာရရှိတာ မရှိခဲ့ပါဘူး။ ဘီယွန်းစေးလ်နဲ့ ဂျေးဇီးတို့ဟာ ဂီတနယ်ပယ်ထဲမှာ နှစ်ယောက်စလုံးအောင်မြင်ကျော်ကြားသူဖြစ် ပြီး အခုနယ်လှည့်ဖျော်ဖြေပွဲကနေ ဒေါ်လာသန်း ၂၅၀ နီးပါး ရရှိနေပြီလို့လည်း Billboard မှာ ဖော်ပြထားပါတယ်။

ဇွန်လအတွင်းကလည်း သူတို့နှစ်ယောက်ပေါင်းပြီး အယ်လ်ဘမ်အသစ်လုပ်မယ်ဆိုလို့ ပရိသတ်တွေပျော်ရွှင်ခဲ့ရပါတယ်။ **ဘီဘီစီ**



## ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၃၆)

# စီရင်ထုံးနှင့် မိတ်ဆက်



**ဦးဟန်ညွန့် (ဥပဒေ)**

**စီရင်ထုံး**

ပြီးခဲ့သောအပတ်က ရာဇဝတ်ကျင့်ထုံးအကြောင်း မိတ်ဆက်ခဲ့ပါသည်။ ယခုအပတ်တွင် စီရင်ထုံးများအကြောင်း အကျဉ်းမျှ မိတ်ဆက်တင်ပြအပ်ပါသည်။

**စီရင်ထုံးဆိုတာဘာလဲ**

**စီရင်ထုံး** ဆိုသည်မှာ စီရင်ဆုံးဖြတ်ထားသော ဓလေ့ထုံးများဟု လွယ်လွယ်ကူကူပြောနိုင်ပါမည်။ ပြဋ္ဌာန်းဥပဒေ (Statutory Law) တော့ မဟုတ်ပါ။ ပြဋ္ဌာန်းဥပဒေပြီးလျှင် အရေးပါသော ဥပဒေ (Case Law) အမျိုးအစား ဖြစ်ပါသည်။ တရားသူကြီး အဆင့်ဆင့်က ဘယ်လိုစီရင်ဆုံးဖြတ်ခဲ့ပါသလဲ။ ထုံးဟောင်းစံပြ မည်သို့ချမှတ်ခဲ့ပါသလဲ။ အမြင့်ဆုံးတရားရုံးက စီရင်ခဲ့သမျှ၊ စံပြုခဲ့သမျှ လိုက်နာကြရသည် မဟုတ်ပါလား။ စီရင်ထုံး၏ အနှစ်သာရ ဘာလဲ။ စီရင်ထုံးတစ်ခုက အခြားစီရင်ထုံးတစ်ခုကို ဘယ်လိုလွှမ်းမိုးသလဲ။ ပယ်ဖျက်သလဲ။ ထောက်ခံသလား။ ကန့်ကွက်သလား။ ခြားနားမှုက ဘာလဲ။

**ဥပဒေကျောင်းသားဘဝ**

ဥပဒေကျောင်းသားဘဝက စာမေးပွဲအောင်ဖို့ အလွတ်ကျက်ခဲ့သည်။ စာမျက်နှာနံပါတ်ကအစ တိတိကျကျ ပြောနိုင်သည်။ သူငယ်ချင်းအချင်းချင်း အလောင်းအစား ပမာပြု၊ ယှဉ်ပြိုင်ကြသည်။ သူနိုင်ငါနိုင်။ အတန်းထဲမှာ ဥပဒေကထိကကြီးက စာမေးလျှင် စီရင်ထုံး အာဂုံဆောင်နိုင်သူက မျက်နှာရသည်။ ဥပဒေပါမောက္ခဖြစ်မည့်အကောင်ဟု နောက်ပြောင်ကြသေးသည်။ ဘာပဲဖြစ်ဖြစ် ဥပဒေကျောင်းသားမှန်လျှင် စီရင်ထုံး အလွတ်ရမှ လူတော်ဖြစ်သည်ဟု ခံယူခဲ့ကြသည်။ စာကျေသည်။ **စာကြမ်းပိုး** ဟု အခေါ်ခံနိုင်အောင် ဥပဒေကျောင်းသားဘဝမှာ ယှဉ်ပြိုင်လျက် အားတက်ခဲ့ရပုံတွေ မမေ့နိုင်။

**ဝန်ထမ်းဘဝ**

ဥပဒေဝန်ထမ်းဘဝ ရောက်သောအခါ (ဟိုစဉ်က) အလွတ်ကျက်ခဲ့သော စီရင်ထုံးများအကြောင်း။ သူငယ်ချင်းအချင်းချင်း ယှဉ်ပြိုင်ခဲ့စဉ်က သတိမထားခဲ့သော အခြေအနေ။ အလုပ်ထဲရောက်ပြီး ဥပဒေဝန်ထမ်းဖြစ်မှ၊ စီရင်ထုံး အလွတ်ကျက်ခဲ့သည့် ကျေးဇူးတရား ထင်ရှားလေပြီ။ တစ်ဖက်ရှေ့နေနှင့် ဥပဒေရေးရာ အနိုင်အရှုံး၊ လျှောက်လဲချက်ပေးသည့်အခါမျိုး။ တရားသူကြီးရှေ့မှာ တိတိကျကျ၊ မှတ်မှတ်သားသား၊ ထင်ထင်ရှားရှား တင်ပြရသည့်အချိန်။ တန်ဖိုးကြီးလှပါပေသည်။




**စံအဖြစ်**

ဗဟိုဥပဒေရုံး လက်ထက်၊ စံအဖြစ်ထားရမည့်ဥပဒေစာအုပ်များ၊ စီရင်ထုံးများအကြောင်း တတ်သမျှ မှတ်သမျှ ကျောင်းသားဘဝက မိတ်ဆက်ထားခဲ့သည့် အကျိုးကျေးဇူး။ လက်တွေ့ဥပဒေဝန်ထမ်းဘဝတွင် ကိုယ်တွေ့ကြုံပြီး ကိုးကားရည်ညွှန်းရပြီ။ ဥပဒေ ပြဿနာ တွေ့ပြီ။

**လေ့လာသင့်သည့်စီရင်ထုံးများ**

(၁) အိန္ဒိယစီရင်ထုံးများ
(၂) ရန်ကုန်စီရင်ထုံးများ
(၃) မြန်မာနိုင်ငံစီရင်ထုံးများ
(၄) ရွေးချယ်စီစဉ်ထားသည့် စီရင်ထုံးများ
(၅) ပုံနှိပ်ပြီး စီရင်ထုံးများ
(၆) အောက်မြန်မာပြည်စီရင်ထုံးများ
(၇) အထက်မြန်မာပြည်စီရင်ထုံးများ
(၈) ဒန်ကလေ (Dunkley) ပြုစုသည့် မြန်မာစီရင်ထုံးများ
(၉) ဦးဘိုးသာပြုစုသည့် မြန်မာစီရင်ထုံးများကို လေ့လာသင့်ပါသည်။

**စီရင်ထုံးသမိုင်းဇယား**

စီရင်ထုံးအကြောင်းရေးရင်း စစ်တွေမြို့မှ အငြိမ်းစားစက်ရှင်တရားသူကြီး ဦးမောင်သာဇံအား ဂါရဝပြု သတိရမိသည်။ ဦးသန်းမောင်(စစ်တွေ) ပြုစုသော "ဥပဒေသုတေသနမှတ်စုများ" စာအုပ်တွင် ၎င်း၏အဘိုးအကြောင်း ရေးသားထားသည်။ ဦးမောင်သာဇံပြုစုရေးဆွဲထားသော တရားရုံးနှင့် စီရင်ထုံးများ သမိုင်းဇယား (History of Courts & Rulings in Chronology) နှင့် Digest Charts များအကြောင်း ပြန်လည်ဖောက်သည်ချထားသည်။ ရှားပါး၍ လေ့လာသူများ၊ ရှာဖွေ၊ ဖတ်ရှုစေချင်ပါသည်။

**ကောင်းစွာသောသတိဖြင့်သာ**

ဥပဒေကို အဓိပ္ပာယ် ကောက်ယူရာတွင် လမ်းညွှန်မှုလိုမှသာ ဆီလျော်ရာ မြန်မာနိုင်ငံစီရင်ထုံးတို့ကို သုံးသပ်ကိုးကားရမည်။ တစ်မှုနှင့်တစ်မှု အကြောင်းခြင်းရာ၊ မှုခင်းဖြစ် အခြေအနေ ထပ်တူညီတူ ညီမျှဟု မဆိုနိုင်သဖြင့် စီရင်ထုံးတို့၏ လမ်းညွှန်မှုကို ကောင်းစွာသောသတိဖြင့်သာ ခံယူရသည်။

တရားသူကြီးများသည် အခြားနိုင်ငံများမှ စီရင်ထုံးများကို လေ့လာကောင်းပါ၏။ သို့ရာတွင် မိမိတို့ရှေ့သို့ ရောက်လာသော မှုခင်းများကို စစ်ဆေးစီရင်ရာတွင်ကား မှုခင်းဖြစ်ပျက်ကာလ၊ ဒေသအခြေအနေ၊ ပတ်ဝန်းကျင်၊ လူနေမှုဓလေ့ထုံးတမ်းစသည်တို့ကို စစ်ဆေးဆင်ခြင်ကာ၊ ဥပဒေဘောင်အတွင်းက မျှတမှန်ကန်၍ အများနားလည် သဘာဝကျသော တရားကို စီရင်အပ်ပေသည်။ အခြားနိုင်ငံများမှ စီရင်ထုံးများကိုရှေ့ထား ကိုးကားလျက် တရားစီရင်ရေးသည် မြန်မာပီသမည်မဟုတ်။ မြန်မာ့အခြေအနေနှင့် ကင်း၍ ပြည်သူနှင့်ဝေးဖွယ်ရာသာရှိသည်။

**ဦးအောင်ထွန်းသာနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ**

၁၉၆၉၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ-၅၈ တွင် ဖော်ညွှန်းမီးမောင်းထိုးပြခဲ့ပေသည်။

**ကိုးကားရန်ပင်မလို**

တရားရုံးများသည် စီရင်ထုံးများကို လေ့လာသုံးစွဲတတ်ဖို့လိုသည်။ တွေးခေါ်ယူဆတတ်ရန် လည်းကောင်း၊ လမ်းညွှန်မှုရနိုင်ရန် လည်းကောင်း၊ စီရင်ထုံးများကို ဖတ်ရှုလေ့လာ ကောင်းသည်။ သို့ရာတွင် မှုခင်းစစ်ဆေးရာတွင် အချက်အလက်တို့ကို အပြည့်အစုံ ဖော်ထုတ်၍ မှတ်တမ်းတင်ရမည်။ အချက်အလက်များထင်ရှားလာသောအခါ ဥပဒေနှင့် ဆက်စပ်၍ သုံးသပ်ရမည်။ ဥပဒေသည် ထင်ရှားရှင်းလင်းလျက်ရှိလျှင် စီရင်ထုံး ကိုးကားရန်ပင်မလိုပေ။

စီရင်ထုံးများများကို ကိုးကားနိုင်မှ စီရင်ချက် ပီသသည်မဟုတ်။ မှန်ဖို့၊ ရှင်းလင်းဖို့၊ စီရင်ချက်ကို ခံယူရသူတို့ နားလည်သဘောပေါက်ဖို့က အရေးကြီးသည်။

> "စီရင်ထုံးများများကို ကိုးကားနိုင်မှ စီရင်ချက်ပီသသည်မဟုတ်။ မှန်ဖို့၊ ရှင်းလင်းဖို့၊ စီရင်ချက်ကို ခံယူရသူတို့ နားလည်သဘောပေါက်ဖို့က အရေးကြီး"

လမ်းညွှန်မှုလိုလျှင် စီရင်ထုံးကို ကိုးကားနိုင်သည်။ အထူးရာဇဝတ်ရုံး အယူခံအဖွဲ့၏ စီရင်ထုံးများရှိလျှင် အခြားစီရင်ထုံးများ ကိုးကားရန်မလို။ နိုင်ငံခြားစီရင်ထုံးများ ကိုးကားခြင်းမပြုအပ်ချေ။ ဗဟုသုတအလို့ငှာ ဖတ်ရှုကောင်းသော်လည်း ၎င်းတို့ကို မှီငြမ်းပြုရန်ကား မလျော်ချေ။

နိုင်ငံတွင်း၌ ဖြစ်ပွားသောတစ်မှုနှင့် အခြားတစ်မှုပင် မတူနိုင်လျှင် နိုင်ငံတွင်း၌ ဖြစ်ပွားသောတစ်မှုနှင့် နိုင်ငံခြား၌ ဖြစ်ပွားသော တစ်မှုသည် တူညီနိုင်ဖို့ ပို၍ ပင်ခက်ခဲသေးသည်။ ထို့ပြင် တည်ရှိသော ဥပဒေများသည်လည်း ထပ်တူညီကြသည် မဟုတ်ချေ--- ဟု စီရင်ဆုံးဖြတ်ခဲ့သော သာဓကများ လေ့လာရပေသည်။

**မျှဝေခံစားခြင်း**

ဥပဒေဘယ်မှာရှိသလဲ။ ဥပဒေဆိုတာဘာလဲ။ တရားမျှတမှုဆိုတာဘာလဲ။ သိချင်တာတွေ၊ တတ်ချင်တာတွေ၊ လေ့လာချင်တာတွေ များလှပေသည်။ ကျွန်တော့်ဘဝအစ၊ မျှဝေခံစားခြင်းကို လက်ဆင့်ကမ်းခြင်းဟု နားလည်ပေးစေချင်သည်။

**စေတနာ**

ကျယ်ပြန့်သော တရားဥပဒေအကြောင်း တွေးခေါ်မိသော ကျွန်တော်၏ စေတနာ ဥပဒေအတွေးမျှသာ ပါ---။ ။

# သီပေါဈေးချိုတော်ဈေး သမဝါယမအသင်း အလုပ်ရုံ ဆွေးနွေး

**သီပေါ ဩဂုတ် ၂၈**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်ဈေးချိုတော်ဈေး သမဝါယမအသင်း အလုပ်ရုံ ဆွေးနွေးပွဲကို ဩဂုတ် ၂၅ ရက်က အသင်းရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဈေးချိုတော်ဈေးသမဝါယမအသင်း လီမိတက် ဥက္ကဋ္ဌ ဦးအေးကျော်က အသင်းဖွဲ့စည်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများ တင်ပြပြီး အသင်းဒုတိယဥက္ကဋ္ဌ ဒေါ်ခင်မြိုင်က အသင်းဖြစ်ပေါ်တိုးတက်မှုများကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။

အဆိုပါ ဈေးချိုတော်ဈေးသမဝါယမအသင်းသည် ခေါင်းရွက်ဗျပ်ထိုးပုံကျဈေးသည်များအပြင် တည်ခင်းဆိုင်ဖွင့်ဈေးသည် ၆၂၂ ဦးဖြင့် ဖွဲ့စည်းထားပြီး အတိုးနှုန်းချိုသာစွာဖြင့် ငွေကျပ်သိန်းပေါင်း တစ်သောင်းရှစ်ထောင်ကျော်ဖြင့် လည်ပတ်လျက်ရှိသည်။

ထို့အပြင် အသင်းသားများသာမက ဈေးသူဈေးသားများ အားလပ်ချိန်တွင် ဗဟုသုတတိုးပွားရေးအတွက် ဈေးအတွင်း စာကြည့်တိုက်ကို ထူထောင်ဖွင့်လှစ်ထားရာ ယခုရှာဖွေမရနိုင်သည့် ခေတ်အဆက်ဆက် ရှေးဟောင်းအဖိုးတန်စာအုပ်စာပေများကို ဖတ်ရှုနိုင်သည့်အပြင် ကျေးလက်နေပြည်သူများ ဗဟုသုတဖြစ်ဖွယ် သတင်းစာ၊ စာအုပ်စာစောင်များကို စာအုပ်ပုံးများဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဆက်သွယ်ကာ နယ်လှည့်စာကြည့်တိုက်အဖြစ် အပတ်စဉ်လဲလှယ်ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ၂၀၁၈- ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*(ယမန်နေ့မှ အဆက်)*

| | မြတ်စွန်းငွေ | ပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်း |
|---|---|---|
| ၁ | ညီမျှကျပ်သန်းပေါင်း(၁၀၀,၀၀၀)အထိ | ၄၀% |
| ၂ | ညီမျှကျပ်သန်းပေါင်း(၁၀၀,၀၀၀)အထက်မှ | ၄၅% |
| ၃ | ညီမျှကျပ်သန်းပေါင်း (၁၅၀,၀၀၀) အထက် | ၅၀% |

(ခ) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သော ကုမ္ပဏီမှ အပဖြစ်သည့် ပုဂ္ဂိုလ်စုများ သို့မဟုတ် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက မြတ်စွန်းသည့်ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ကျသင့်အခွန်ကို ရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။

၂၈။ နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် အခြေပစ္စည်း၏ တန်ဖိုး စုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက် မပိုလျှင် အခြေပစ္စည်းမှ မြတ်စွန်းငွေပေါ်ပေါက်စေကာမူ ဝင်ငွေခွန်စည်းကြပ်ခြင်းမပြုရ။

၂၉။ အသစ်ထူထောင်သော စက်မှုလက်မှုကို အခြေခံသည့် အသေးစား၊ အလတ်စားလုပ်ငန်းများအတွက် လုပ်ငန်းစတင်သော နှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်ကာလအတွင်း နှစ်တစ်နှစ် စုစုပေါင်းအသားတင်အမြတ်ဝင်ငွေကျပ်သိန်း ၁၀၀ အထိ ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါဝင်ငွေထက် ပိုမိုရရှိပါက ပိုမိုရရှိသည့် ဝင်ငွေအပေါ်တွင်သာ ဝင်ငွေခွန်စည်းကြပ်ရမည်။

၃၀။ အခြေပစ္စည်းမှမြတ်စွန်းငွေခေါင်းစဉ်မှအပ ကျန်ဝင်ငွေခေါင်းစဉ်များအတွက် နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေ နိုင်ငံခြားသားဖြစ်ပါက ကျပ်ငွေဖြင့်လည်းကောင်း၊ ပြည်ပနေနိုင်ငံခြားသား ဖြစ်ပါက ရရှိသည့်ငွေကြေးအမျိုးအစားဖြင့်လည်းကောင်း ဝင်ငွေခွန်ပေးဆောင်ရမည်။

၃၁။ (က) အောက်ဖော်ပြပါ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်အပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသည်-

(၁) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေအရ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့်စုစုပေါင်းဝင်ငွေ၊

(၂) တရားမဝင်ပစ္စည်းများ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်း ရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်း ဖြစ်စေရရှိသည့် စုစုပေါင်းဝင်ငွေ၏ ကျပ်သိန်း ၁၀၀အထိ၊

(၃) နိုင်ငံတော်မှချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးတံဆိပ်များနှင့်အတူ ရရှိသည့် ချီးမြှင့်ငွေများ၊

(၄) ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင် နိုင်ငံခြားငွေဖြင့်ရရှိသော လစာခေါင်းစဉ်မှ ဝင်ငွေ၊

(၅) အစိုးရအောင်ဘာလေသိန်းဆု ဆုမဲမှ ထုတ်ယူရရှိငွေ၊

(၆) နိုင်ငံ့ဝန်ထမ်း အငြိမ်းစားယူသည့်အခါ ရရှိသည့်ပင်စင်နှင့် ကရုဏာကြေး၊

(၇) ရှေးဟောင်းပစ္စည်း တွေ့ရှိမှုအပေါ် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ငွေ။

(ခ) အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များပြုနိုင်သည် -

(၁) ပြည်တွင်းပြည်ပ အဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ၊

(၂) စတော့ရှယ်ယာဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင် အများပိုင်ကုမ္ပဏီများနှင့် စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ။

၃၂။ ဤဥပဒေအခန်း (၇) တွင်ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဤဥပဒေ၏ ပုဒ်မ ၁၊ ပုဒ်မခွဲ (ဂ) ပါ စကားရပ်များမှအပ ဝင်ငွေခွန်ဥပဒေတွင် ဖော်ပြထားသည့် အတိုင်း ဖြစ်စေရမည်။

## အခန်း (၈)

## အခြားအခွန်အကောက်ဆိုင်ရာကောက်ခံရမည့်နှုန်းထားများ

၃၃။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါ အခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့်နှုန်းထားများ၊ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည်-

(က) ယစ်မျိုးခွန်၊

(ခ) သွင်းကုန်အတွက်လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊

(ဂ) မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊

(ဃ) မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊

(င) ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊

(စ) မုတ်ကောင်ဝတ်ဆံသွင်းအခွန်၊

(ဆ) ခရီးလှည့်လည်ရေးလိုင်စင် / ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင် / ခရီးသွားလာသူများ ပို့ဆောင်ရေးလိုင်စင် / ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊

(ဇ) အကောက်ခွန်၊

(ဈ) မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊

(ည) ရေခွန်၊

(ဋ) တာတမံခွန်၊

(ဌ) သစ်တောများမှပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊

(ဍ) ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်းတွင်းထွက်နှင့် အလှဆင် ကျောက်များမပါ)၊

(ဎ) ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊

(ဏ) ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊

(တ) ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊

(ထ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့်အခွန်အခ၊

(ဒ) ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊

(ဓ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံရရှိသည့် အခွန်။

၃၄။ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာ အရိုင်းထည်များ တူးဖော်ထုတ်လုပ်ခြင်း၊ ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာများ ထုတ်လုပ်ခြင်း၊ ဝယ်ယူရောင်းချခြင်းလုပ်ငန်းတို့သည် -

(က) ကျောက်မျက်ရတနာ သို့မဟုတ် လက်ဝတ်ရတနာများကို ကျပ်ဖြင့် ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့် ဖြစ်စေ ရောင်းချရရှိသည့် ရောင်းရငွေအပေါ်တွင်-

(၁) ဤဥပဒေ ပုဒ်မ ၁၁ ပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ထမ်းဆောင်ရမည်။

(၂) ဤဥပဒေပုဒ်မ ၁၄ ၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့အရ ပြည်ပမှ တင်သွင်းခြင်း၊ ထုတ်လုပ်ရောင်းချခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ခြင်းအတွက် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရမည်။

(၃) ပုဒ်မခွဲငယ်(၂)ပါ ပြဋ္ဌာန်းချက်သည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

(ခ) ဝင်ငွေနှစ်အတွင်းရရှိသည့် စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် တွင် ဤဥပဒေပါ ဝင်ငွေခွန်နှုန်းထားများအတိုင်း ဝင်ငွေခွန် ထမ်းဆောင်ရမည်။

## အခန်း (၉)

## အထွေထွေ

၃၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်ရမည်။

၃၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်းထုတ်လုပ်သည့်ကုန်စည်များနှင့် ပြည်ပမှတင်သွင်းသည့် ကုန်စည်များ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက်လည်းကောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိက မှီတည် ဆောင်ရွက်နေရသည့် ပြည်တွင်းစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ၊ နိုင်ငံတော်အတွင်း ဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ရေရှည်အကျိုးစီးပွားဖြစ်ထွန်း တိုးတက်လာစေရန်လည်းကောင်း၊ နိုင်ငံတော်မှ ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ အောက်ပါတို့ကို ဆောင်ရွက်ပေးရမည်-

(က) ကုန်စည်များ တင်သွင်းခွင့်ပြုသည့် ပမာဏ၊ အကောက်ခွန်နှုန်းထားများနှင့် စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့နှင့် အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များ မူဘောင်အတွင်းမှ အာဆီယံဒေသတွင်း နိုင်ငံများနည်းတူ အမြင့်ဆုံးရရှိနိုင်သည့်အခွင့်အရေး၊ သက်သာခွင့်များရရှိစေနိုင်ရန် ဆောင်ရွက်ပေးခြင်း။

(ခ) အကောက်ခွန်ဥပဒေပြဋ္ဌာန်းချက်များနှင့် အညီဖြစ်စေ၊ ပို့ကုန်သွင်းကုန်ခွင့်ပြုခြင်းနှင့် ခွဲတမ်းသတ်မှတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ လိုအပ်သည့် အစီအမံများကို ဆောင်ရွက်ပေးခြင်း။

၃၇။ (က) ပြည်တွင်းအခွန်များ ဦးစီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာ သက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာ တာဝန်ကျေပွန်သည့် အခွန်ဝန်ထမ်းများ၊ အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်းနှင့် ထိုက်သင့်သောချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ပေးရမည်။

(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အခွန်စနစ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ပုဒ်မခွဲ (က)ပါ လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေ၌ ပြည်တွင်းအခွန်များ ဦးစီးဌာန၏ သာမန်အသုံးစရိတ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုပေးနိုင်သည်။

(ဂ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပုဒ်မခွဲ (ခ)ပါ အသုံးစရိတ်များအား အခွန်ကောက်ခံမှုဆိုင်ရာလုပ်ငန်း တာဝန်ကျေပွန်သည့် နိုင်ငံ့ဝန်ထမ်းများကို ဆုကြေးငွေချီးမြှင့်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲနိုင်သည်။

၃၈။ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ရရှိပိုင်ဆိုင်ထားခြင်းအတွက် အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) အရ တပ်ရိုက်သည့် ဒဏ်ငွေအဖြစ် ကောက်ခံရရှိငွေ၏ ၂၀ ရာခိုင်နှုန်းကို သတင်းပေးတင်ပြသူအား လည်းကောင်း၊ ၃၀ ရာခိုင်နှုန်းကို ရှာဖွေဖမ်းဆီးသည့် အဖွဲ့အားလည်းကောင်း ဆုကြေးအဖြစ် ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်း မပြုရ။

၃၉။ တရားဝင်ရပ်တည်မှုရှိသည့်ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်စုတစ်ခုနှင့် သက်ဆိုင်သည့် အခွန်နှစ်သည် ဘဏ္ဍာရေးနှစ်နှင့်ထပ်တူ မကျလျှင် ယင်းအခွန်နှစ်အတွင်း ကုန်ဆုံးသည့်ဘဏ္ဍာရေးနှစ်အတွက် ဥပဒေသည် ယင်းအခွန်နှစ်အတွက် အကျိုးသက်ရောက်သည့် ဥပဒေဖြစ်သည်။

၄၀။ ဘဏ္ဍာရေးနှစ် ပြောင်းလဲခြင်းအတွက် သက်ဆိုင်ရာဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းထားစေကာမူ အကူးအပြောင်းကာလအတွင်း အခွန်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနက ထုတ်ပြန်သတ်မှတ်နိုင်သည်။

ဇယား(၁)

**ပြည်ထောင်စု၏ အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်**

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ခံဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်ကောက်ခံသည့် အခွန်အကောက်** | ၃,၈၆၂,၇၈၅.၉၄၄ |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၁,၀၈၄.၂၇၅ |
| | ၂ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန် | ၂,၁၂၂,၈၃၈.၅၄၇ |
| | ၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | သွင်းကုန်အတွက် လိုင်စင်ကြေး၊ ပါမစ်ကြေးများ | ၇,၀၀၀.၀၀၀ |
| | ၄ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု၊ | ၁၄၂,၇၈၁.၆၁၂ |
| | ၅ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ | ၁၂၁,၄၀၀.၀၀၀ |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ရုံးခွန်နှင့်တံဆိပ်ခေါင်းခွန်၊ | ၇၄,၆၃၆.၇၁၉ |

*စာမျက်နှာ ၂၁ သို့*

# နိုင်ငံတော်သြဝါဒါစရိယ၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့ မောင်းထောင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနာဂဝံသ ဘဝနတ်ထံပျံလွန်

**ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ မောင်းထောင်ပရိယတ္တိစာသင်တိုက်ဦးစီးပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယ (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော် ဘဒ္ဒန္တနာဂဝံသသည် သက်တော် ၈၈ နှစ်၊ သိက္ခာတော် ၆၉ ဝါအရ ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်၊ ၂၁-၈-၂၀၁၈ ရက်၊ အင်္ဂါနေ့ည ၈း၅၀ နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။**



### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်၊ မောင်းထောင်ကြီးရွာ၊ ခမည်းတော် ဦးပို-မယ်တော်ဒေါ်မယ်နီတို့မှ ၁၂၉၂- ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်၊ စနေနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၀၃ ခုနှစ်တွင် ဘုတလင်မြို့နယ်၊ မောင်းထောင်ရွာ၊ ကုန်းသာတိုက်အုတ်တိုက်ကျောင်းဆရာတော် ဘဒ္ဒန္တအာစာရကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၂ -ခုနှစ်တွင် ဘုတလင်မြို့နယ်၊ အုတ်ဖိုရွာ အရှေ့ကျောင်း ခဏ္ဍသိမ်၌ နတ်ရွာကျောင်းဆရာတော် ဘဒ္ဒန္တအာသဘကို ဥပဇ္ဈာယ်ပြုလျက် အုတ်ဖိုရွာ ဦးကံမြင့်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်သည် မောင်းထောင်ရွာ ကုန်းသာတိုက်အုတ်တိုက်ကျောင်းဆရာတော်၊ ရွှေခေါးကန်ကျောင်း ဆရာတော်၊ သုံးဆယ်မြို့ မောင်းထောင်တိုက်ဆရာတော်၊ မန္တလေးမြို့ ရေပန်းတိုက် ဆရာတော်များ၊ မစိုးရိမ်ကျောင်းတိုက် ဆရာတော်များ၊ ဝေယံဘုံသာကျောင်းတိုက် ဆရာတော်များနှင့် စစ်ကိုင်းတောင်ရိုး ပဋ္ဌာန်းသိပ္ပံဆရာတော်တို့ထံတွင် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို လေ့လာသင်ယူဆည်းပူး၍ ဓမ္မာစရိယဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

### သာသနာရေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် သံဃာ့အဖွဲ့အစည်း ပထမအကြိမ်၌ သာယာဝတီမြို့နယ် သံဃနာယကအဖွဲ့(ရွှေကျင်)တွင် အကျိုးတော်ဆောင်အဖြစ်လည်းကောင်း၊ သာယာဝတီမြို့နယ်၊ ရွှေကျင်နိကာယသံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ တိုင်းဝိနည်းဓိုရ်အဖြစ်လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲ သာယာဝတီမြို့နယ်၊ စာဖြေဌာနကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဖြစ်လည်းကောင်း၊ နိုင်ငံတော်သြဝါဒါစရိယအဖြစ် လည်းကောင်း သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် အများပြည်သူ၊ ရဟန်း၊ ရှင်လူတို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူခြင်း၊ လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ပရိယတ္တိဝိသာရဒ၊ ပဋိပတ္တိမာမကဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်း၊ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးနှင့် ပြည့်စုံတော်မူခြင်း စသည့်ဂုဏ်အင်္ဂါတို့နှင့် ကုံလုံပြည့်ဝတော်မူသည့် ဆရာတော်ဘဒ္ဒန္တနာဂဝံသသည် ၁၃၅၃ -ခုနှစ်(၁၉၉၁) ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသော **အဂ္ဂမဟာပဏ္ဍိတ** ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသာနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၈ နှစ်၊ သိက္ခာတော် (၆၉) ဝါအရ ၁၃၈၀- ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်၊ (၂၁-၈-၂၀၁၈) ရက် အင်္ဂါနေ့ည ၈း၅၀ နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ၁၀၅ မိုင်၌ ယဉ်ကျေးလိမ္မာဓမ္မစကူးလ် ငါးနှစ်ပြည့်နှစ်ပတ်လည် အခမ်းအနားကျင်းပ

**မူဆယ် ဩဂုတ် ၂၈**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင်ကျေးရွာတွင် ရာသက်ပန် တနင်္ဂနွေယဉ်ကျေးလိမ္မာ ဓမ္မစကူးလ် ငါးနှစ်ပြည့်အခမ်းအနားကို အောင်သီရိ မင်္ဂလာသုခကျောင်းတိုက် ပရဝဏ်အတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အခမ်းအနားကို မေတ္တာသုတ်လာ၊ မေတ္တာပွားနည်း ၁၁ နည်းဖြင့်မေတ္တာပို့သပြီး အခမ်းအနားဖွင့်လှစ်ခဲ့ပြီး နာယကဆရာတော်ဘဒ္ဒန္တကေသရ အရှင်သူမြတ်ထံမှ သြဝါဒခံယူခဲ့သည်။

ဆက်လက်၍ ယဉ်ကျေးလိမ္မာဆရာဖြစ်သင်တန်း သင်တန်းမှူးဆရာတော် ဦးခေမစာရနှင့် ယဉ်ကျေးလိမ္မာဓမ္မစကူးလ်နာယက ဦးဇော်မိုးတို့က အမှာစကားပြောကြားပြီး ယဉ်ကျေးလိမ္မာဓမ္မစကူးလ်တွင် ထူးချွန်ဆုရ ကလေးငယ်များအား တက်ရောက်လာကြသူများက တစ်ဦးချင်းသော်လည်းကောင်း၊ အတန်းလိုက်သော်လည်းကောင်း ဆုများပေးအပ်ခဲ့ကြသည်။

"ယဉ်ကျေးလိမ္မာ ဓမ္မစကူးလ်ကို သုံးတန်းကျောင်းသားဘဝကစပြီး တက်ခဲ့တာ အခုဆိုရင် ငါးနှစ်ရှိသွားပြီ။ ဘုရားစာတွေလည်း အများကြီးသိရတယ်။ သင်ပေးတဲ့ဆရာ ဆရာမတွေကလည်း အလွန်တော်ပါတယ်။ သားတို့အပေါ်မှာ တကယ်စေတနာထားပြီး သင်ပေးပါတယ်။ အရင်တုန်းက သားရဲ့အဖေနဲ့အမေသင်ပေးတဲ့ ဘုရားစာပဲရတယ်။ အခုတော့ သား ဓမ္မစကူးလ်တက်လိုက်တော့ ဘုရားစာတွေလည်း အများကြီးရသွားပြီ။ ဒါတွေက ယဉ်ကျေးလိမ္မာ ဓမ္မစကူးလ်သင်တန်းမှာ သင်ကြားပေးတဲ့ ဆရာ ဆရာမတွေရဲ့ ကျေးဇူးကြောင့်ပါ" ဟု ဓမ္မစကူးလ် ကျောင်းသားလေး မောင်ဝေယံဦးက ပြောသည်။

**သန့်ဇင်(မူဆယ်)**



# မှုခင်းအသိပညာပေးပြီး ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ပေးအပ်

**နေပြည်တော် ဩဂုတ် ၂၈**

နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားမှုဖြင့် နေပြည်တော် ယာဉ်မှုစစ်ဌာနစိတ်သည် ယာဉ်စည်းကမ်းဖောက်ဖျက်၍ ချလန်ဖြတ် အရေးယူခံထားရသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး၍ ဆိုင်ကယ် စီးဦးထုပ်များ အခမဲ့ပေးအပ်မှုကို ဩဂုတ် ၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ရွစ်မြို့နယ် ဇေယျာအတွင်းတွင် ယာဉ်စည်းကမ်းမလိုက်နာ၍ တရားရုံးတွင် ဒဏ်ငွေဆောင်ရမည့်သူများအား ပျဉ်းမနားမြို့ စုပေါင်းရုံးအတွင်းရှိ ယာဉ်မှုသေး စစ် ဌာနစိတ်ရုံးခန်းတွင် ဌာနစိတ်တာဝန်ခံ ဒုရဲအုပ် ဌေးလွင် (ခ) နေမျိုးသူရက ယာဉ်မောင်းများအား မှုခင်းအသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ယာဉ်မောင်းတွေ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နားလည်သဘောပေါက်စေဖို့၊ နောက်တစ်ကြိမ် ထပ်မံပြီး ယာဉ်စည်းကမ်း လမ်းစည်းကမ်း မချိုးဖောက်စေဖို့အတွက် ဩဂုတ် ၁ ရက်က စတင်ပြီး ရုံးခန်းအတွင်းမှာ ကဏ္ဍအလိုက် ရှင်းလင်းပြသ ပညာပေးနေပါတယ်။ ဆိုင်ကယ်စီးဦးထုပ် မဆောင်းတဲ့အတွက် ချလန်ဖြတ်ခံရသူတွေကို ဆိုင်ကယ်စီးဦးထုပ်တစ်လုံးစီ အခမဲ့ ပေးအပ်လျက်ရှိပါတယ်"ဟု ၎င်းက ဆက်လက်ရှင်းပြသည်။



**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

*စာမျက်နှာ ၂၀ မှ အဆက်*

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရအဖွဲ့ တာဝန်ခံဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ခန့်မှန်းခြေ |
|---|---|---|---|---|
| | ၇ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | မှတ်ကောင်ဝတ်ဆံသွင်းအခွန်၊ | ၇၂၀.၀၀၀ |
| | ၈ | ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | ခရီးလှည့်လည်ရေးလိုင်စင်/ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်/ခရီးသွားလာသူများ ပို့ဆောင်ရေး လိုင်စင်/ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊ | ၈၆၅.၄၇၅ |
| | ၉ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အထူးကုန်စည်ခွန်၊ | ၁,၃၉၁,၄၅၉.၃၁၆ |
| ၂ | | | **ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | ၂,၃၂၄,၈၁၆.၃၂၀ |
| | ၁ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဝင်ငွေခွန် | ၂,၃၂၄,၈၁၆.၃၂၀ |
| ၃ | | | **အကောက်ခွန်** | ၅၃၀,၀၀၀.၀၀၀ |
| | ၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အကောက်ခွန် | ၅၃၀,၀၀၀.၀၀၀ |
| ၄ | | | **နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | ၈၅၈,၃၃၁.၉၅၀ |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | မြေယာပေါ်တွင် ကောက်ခံသည့် အခွန်၊ | ၁၀.၃၉၂ |
| | ၂ | နေပြည်တော်ကောင်စီ | ရေခွန်၊ | ၇၆.၀၀၃ |
| | ၃ | ပြည်ထဲရေးဝန်ကြီးဌာန | တာတမံခွန်၊ | ၀.၀၂၅ |
| | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်သစ်တောခွန်၊ | ၅,၁၀၀.၀၀၀ |
| | ၅ | ပြည်ထဲရေးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်(စက်မှုကုန်ကြမ်း တွင်းထွက်နှင့် အလှဆင်ကျောက်များမပါ) | ၄၅.၀၄၈ |
| | ၆ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊ | ၂,၆၀၇.၀၀၀ |
| | ၇ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | ၄၁၀,၃၁၃.၂၁၂ |
| | ၈ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဓာတ်သတ္တုအခွန်နှင့် ရတနာအခွန် | ၃၀,၃၆၈.၀၀၀ |
| | ၉ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ | ၃၉၆,၉၆၃.၈၀၀ |
| | ၁၀ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ | ၁၂,၁၉၇.၉၂၀ |
| | ၁၁ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူများထံမှ ကောက်ခံရရှိသည့်အခွန် | ၆၅၀.၅၅၀ |
| | | | စုစုပေါင်း | ၇,၅၇၅,၉၃၄.၂၁၄ |

# ကျွမ်းကျင်လုပ်သားတွေ ပိုမိုထွက်ပေါ်လာရေးက အရေးကြီးဆုံးအချက်ပဲ၊ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာတာနဲ့အမျှ အလုပ်အကိုင်ပေါ်လာမယ် ကုန်ထုတ်စွမ်းအားမြင့်လာမယ်

အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်

## နိုင်ငံနှင့် ပြည်သူများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်သမားရေးရာဆိုင်ရာ စီးပွားရေးစကားဝိုင်း



ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
ဦးဇော်အေးမောင်



အမြဲတမ်းအတွင်းဝန်
ဦးမျိုးအောင်



ညွန်ကြားရေးမှူးချုပ်
ဦးဝင်းရှိန်



မြန်မာနိုင်ငံကုန်သည်နှင့် စက်မှုလက်မှု
လုပ်ငန်းရှင်များအသင်းချုပ်မှ ဦးထွန်းထွန်း



မြန်မာနိုင်ငံပြည်ပအလုပ်အကိုင် အေဂျင်စီများ
အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပီတာညွန့်မောင်

**နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီးသည်။ နိုင်ငံအတွင်း ကဏ္ဍစုံတွင် လုပ်ကိုင်နေကြသည့် လုပ်သားအရင်းအမြစ်များ အားကောင်းပြီး အရည်အသွေးပြည့်ဝသည့် လုပ်သားများပေါ်ထွက်မှသာ စီးပွားရေးဖွံ့ဖြိုးအောင် စွမ်းဆောင်နိုင်မည်ဖြစ်ရာ အလုပ်သမားရေးရာဆိုင်ရာ စီးပွားရေးစကားဝိုင်းကို ဩဂုတ် ၂၁ ရက်က နေပြည်တော်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ကျင်းပခဲ့သည်။**

စကားဝိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားရေးရာဆိုင်ရာ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်၊ မြန်မာနိုင်ငံကုန်သည်နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဦးထွန်းထွန်း၊ မြန်မာနိုင်ငံပြည်ပအလုပ်အကိုင် အေဂျင်စီများအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပီတာညွန့်မောင်တို့က ဆွေးနွေးခဲ့ကြခြင်း ဖြစ်သည်။

**(ယမန်နေ့မှအဆက်)**

**ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်**။ ။ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းတွေ မြင့်မားစေဖို့ မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်ကို ဝန်ကြီးဌာန ကြီးကြပ်မှုနဲ့ ဖွဲ့စည်းခွင့်ပြုထားပါတယ်။ ၁၉၉၀ ပြည့်နှစ်ကနေ အခုအချိန်အထိ ပြည်ပကို တရားဝင်စေလွှတ်တာ ရှစ်သိန်းကျော်ရှိပြီဖြစ်ပါတယ်။ ထိုင်းနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံနဲ့ MoU ရေးထိုးထားပြီး ပြည်ပရောက် မြန်မာအလုပ်သမားများကို သက်ဆိုင်ရာနိုင်ငံတွေရဲ့ ဥပဒေနဲ့အညီ အကျိုးခံစားခွင့်ရရှိအောင်ညှိနှိုင်းဆောင်ရွက်ပေးနေပါတယ်။ အလုပ်အကိုင် အခွင့်အလမ်းတွေနဲ့ အလုပ်သမားများကို ပိုမိုကာကွယ်စောင့်ရှောက်ပေးနိုင်ဖို့ ရည်ရွယ်ပြီး ထိုင်းနိုင်ငံမှာ အလုပ်သမားသံအရာရှိ ငါးဦး၊ မလေးရှားနိုင်ငံမှာ နှစ်ဦးနဲ့ ကိုရီးယားသမ္မတနိုင်ငံမှာ တစ်ဦး စုစုပေါင်း ရှစ်ဦးကို ခန့်အပ်ထားရှိပါတယ်။

### လျော်ကြေးရအောင် ဆောင်ရွက်ပေးနိုင်

ထိုင်းနိုင်ငံမှာရောက်ရှိနေတဲ့ အထောက်အထားမဲ့ အလုပ်သမားတွေ အများကြီးရှိပါတယ်။ ဒါကြောင့် ထိုင်းနိုင်ငံက အလုပ်သမားဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းပြီး ကျွန်တော်တို့ဆီက CI စခန်းကိုး၊ Mobile Teram သုံးခုကို ဖွင့်လှစ်ခဲ့ပြီး မြန်မာအလုပ်သမားတစ်သန်းကျော်ကို မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်နဲ့ပါတယ်။ ပြည်ပအလုပ်အကိုင် သက်သေခံကတ်ပြား Smart Card တွေထုတ်ပေးနိုင်ခဲ့ပါတယ်။ ဒါတွေဟာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်တဲ့ အောင်မြင်မှုတွေဖြစ်ပါတယ်။ လက်ရှိမှာ ထိုင်းနိုင်ငံမှာ မြန်မာအလုပ်သမားသုံးသန်းခန့်ရှိပြီး နှစ်သိန်းခန့်က မလေးရှားမှာ လုပ်ကိုင်နေပါတယ်။ ထူးခြားဖြစ်စဉ်အနေနဲ့ကတော့ ထိုင်းနိုင်ငံမှာ မတ်လနဲ့ ဧပြီလက ကားမတော်တဆမှုတွေဖြစ်ခဲ့လို့ သေဆုံး၊ ဒဏ်ရာရရှိသူတွေအတွက် ခံစားခွင့်ငွေကျပ်သိန်းပေါင်း ၅၀၀၀ ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး အခြားလျော်ကြေးကိစ္စများရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**အစီအစဉ်မှူး**။ ။ ဆက်လက်ပြီးတော့ ပြည်ပကိုသွားရောက် အလုပ်လုပ်ကိုင်မယ့် အလုပ်သမားတွေရဲ့ အခွင့်အလမ်းတွေ၊ အခွင့်အရေးတွေနဲ့ ပတ်သက်ပြီး ဘာတွေဆောင်ရွက်ပေးထားသလဲဆိုတာ ဆွေးနွေးပြောကြားပေးပါဦး။

**ဦးပီတာညွှန့်မောင်**။ ။ ကျွန်တော်တို့ရဲ့ အဖွဲ့ချုပ်ကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှာ ဝန်ကြီးဌာနရဲ့ လမ်းညွှန်မှုတွေနဲ့အညီ ဖွဲ့စည်းခဲ့ပါတယ်။ ပြည်ပကို တရားမဝင်ပို့ဆောင်တဲ့ကိစ္စတွေ၊ လူကုန်ကူးမှုကိစ္စတွေ၊ ပြည်ပကိုထွက်ခွာတဲ့ မြန်မာအလုပ်သမားတွေအနေနဲ့ ပြည်ပမှာ ကောင်းမွန်တဲ့ အလုပ်အကိုင်တွေရရှိဖို့ ကြိုးပမ်းဆောင်ရွက်ပေးနေပါတယ်။ ပြည်ပ အလုပ် အကိုင်အခွင့်အလမ်းအနေနဲ့ပြောရရင် အဓိကမြန်မာနိုင်ငံက အလုပ်သမားတွေ အများဆုံးသွားရောက်တဲ့ နိုင်ငံက ထိုင်းနိုင်ငံနဲ့ မလေးရှားနိုင်ငံဖြစ်ပါတယ်။ ထိုင်းနိုင်ငံ ဗန်ကောက်မှာ ကျွန်တော်တို့အဖွဲ့ချုပ်ရဲ့ Call Center ဖွင့်လှစ်ပေးထားပြီး အလုပ်သမားတွေရဲ့အရေးပြဿနာတွေကို မြန်မာသံအမတ်ကြီးရဲ့ ဦးဆောင်မှု၊ အလုပ်သမားသံအရာရှိတွေနဲ့ ပူးပေါင်းမှုတွေနဲ့ ပေါင်းစပ်ဖြေရှင်းပေးနေပါတယ်။ ဒါတင်မကသေးပါဘူး။ အဖွဲ့ချုပ်ဟာ ILO နဲ့ ပူးပေါင်းဆောင်ရွက်နေပြီး Code of Conduct ကို ကုမ္ပဏီ ၂၅၀ ကျော်ထဲကနေ ၁၉၁ ခုက လက်မှတ်ရေးထိုး လိုက်နာဆောင်ရွက်အောင် ကြိုးပမ်းခဲ့ပါတယ်။ ကျန်တဲ့ ကုမ္ပဏီတွေဟာလည်း လက်မှတ်ရေးထိုးဖို့အတွက် ပြင်ဆင်နေကြပြီဖြစ်ပါတယ်။

### အသက်အာမခံတွေပေးအပ်

ကျင့်ဝတ်လိုက်နာဖို့ ကြီးကြပ်စစ်ဆေးရေး ကော်မတီကိုလည်း ကော်မတီဝင်ရှစ်ဦးနဲ့ ဖွဲ့စည်းကြပ်မတ်ဆောင်ရွက်ပေးနေပါတယ်။ စေလွှတ်ထားတဲ့ အလုပ်သမားတွေထဲမှာလည်း အခုနောက်ပိုင်းမှာ နိုင်ငံရပ်ခြားကို အလုပ်သွားရောက်လုပ်ကိုင်မယ့် အလုပ်သမားတွေကို ပြီးခဲ့တဲ့ဇူလိုင်လကနေ စတင်ပြီး အသက်အာမခံတွေ ပေးအပ်ပါတယ်။ ဒါကိုလည်း မြန်မာ့အာမခံလုပ်ငန်းနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ခဲ့တာ အလုပ်သမား ၃၇၀၀ ကျော်ကို စတင်ပြီး အာမခံပေးအပ်ခဲ့ပါတယ်။ နိုင်ငံတော်အတွက်လည်း တရားဝင် ဝင်ငွေရရှိစေဖို့အတွက် ထွက်ခွာမယ့် အလုပ်သမားတွေကနေ မိသားစုလွှဲပို့ငွေကို တရားဝင်ဘဏ်ကနေ လွှဲပို့ပေးနိုင်အောင် ဘဏ်တွေနဲ့ ချိတ်ဆက်ပြီး မထွက်ခွာခင်ကတည်းက ဘဏ်စာရင်းဖွင့်ပြီး ဆောင်ရွက်တတ်အောင် စည်းရုံးလုပ်ဆောင်ပေးနေပါတယ်။

ဒ့ါအပြင် ဝန်ကြီးဌာနကနေ ကြီးမှူးပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအလိုက် Job Fair တွေကို ကျင်းပပေးနေပါတယ်။ အချို့အလုပ်သမားတွေက မသိနားမလည်ကြတဲ့အခါ ကျတော့ ကျေးလက်ဒေသတွေမှာ ပွဲစားတွေက ဝန်ဆောင်ခတွေ မတန်တဆကောက်ခံနေတာရှိပါတယ်။ Job Fair တွေကျတော့ အဲဒီလိုမျိုးတွေ မကုန်ကျတော့ဘဲ အေဂျင်စီတွေနဲ့ တိုက်ရိုက်ချိတ်ဆက်ပြီး လုပ်ကိုင်နိုင်လို့ ဝန်ကြီးဌာနက သတ်မှတ်ပေးထားတဲ့ ဈေးနှုန်းတွေအတိုင်းရရှိမှာဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ အဖွဲ့ချုပ်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှာ အသစ်ပြန်လည်ပြင်ဆင်ဖွဲ့စည်းထားခဲ့ပါတယ်။ အဲဒီမှာလက်ရှိ ဆောင်ရွက်မှုတွေဆိုရင် ဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး အလုပ်သမားတွေ အတော်များများ မသိနားမလည်ကြဘဲ ပွဲစားတွေ လိမ်လည်ခံထား ရတဲ့ အမှုတွေကို ဖြေရှင်းပေးနိုင်ခဲ့ပါတယ်။ ဒ့ါကြောင့် ရသင့်ရထိုက်တဲ့ ငွေကြေးတွေလည်း ပြန်လည်ရရှိသွားတာတွေ ရှိပါတယ်။

**အစီအစဉ်မှူး**။ ။ အလုပ်ရှင်တွေရဲ့ကဏ္ဍကရော အလုပ်သမားတွေနဲ့ ပြည်သူတွေကို တင်ပြဖို့ ရှိတာတွေကို ဆွေးနွေးပေးစေလိုပါတယ်။

**ဦးထွန်းထွန်း**။ ။ ကုန်ထုတ်စွမ်းအားဆိုတာ Productivity ပါ။ ပစ္စည်းတစ်ခု၊ ဝန်ဆောင်မှု တစ်ခုရဖို့အတွက် ဘာတွေသုံးလိုက်သလဲ၊ ရလာတဲ့ ရလဒ်နဲ့ ထည့်လိုက်တဲ့အရာကို တွက်ချက် ရပါတယ်။ ဒါဆိုရင် Productivity ရပါတယ်။ ပြောချင်တာက နည်းနည်းသုံးပြီး များများထုတ်ရင် Productivity ကောင်းတယ်လို့ ပြောလို့ရပါတယ်။ Labour Productivity ကျတော့ အဲဒီဝန်ဆောင်မှု သို့မဟုတ် ကုန်စည်ရဖို့ အလုပ်သမား ဘယ်လောက် သုံးလိုက်သလဲဆို တာ ဖြစ်ပါတယ်။ လုပ်ငန်းတိုင်းမှာ ကုန်ထုတ်စွမ်းအားကောင်းဖို့ ဝန်ထမ်းကောင်းတွေ လိုအပ်ပါတယ်။

### ကျွမ်းကျင်ရင် ကုန်ထုတ်စွမ်းအားတက်

စီးပွားရေးသဘောတရားအရ ကုန်စည် သို့မဟုတ် ကုန်ပစ္စည်းတစ်ခုကို အလုပ်သမား တစ်ယောက်ဟာ စဝင်လာခါစမှာ လုပ်ကိုင်မှုအဆင့်၊ ထုတ်လုပ်မှုအဆင့်ဟာ စိတ်ကျေနပ်ဖွယ်အဆင့်ကို မရောက်သေးပါဘူး။ အလုပ်ရှင် သို့မဟုတ် သူကိုယ်တိုင်လုပ်တာလည်း ဖြစ်ကောင်းဖြစ်မယ်။ ဒီလိုအခြေအနေတိုးတက်လာတာကို စောင့်ပေးရပါတယ်။ ရေရှည်လုပ်တဲ့အခါမှာ အလုပ်ကို ကျွမ်းကျင်လာပြီး အပိုင်းအခြားတစ်ခု၊ ကာလတစ်ခုမှာ ကျွမ်းကျင်တဲ့အဆင့်ဖြစ်လာရင် ကုန်ထုတ်စွမ်းအားကလည်း မြင့်တက်လာတယ်။ သီအိုရီအရ အမြင့်ဆုံးအဆင့်ကိုတက်ပြီးရင် ပြန်ငြိမ်သွားတယ်။

စီးပွားရေးအရ တွက်ခြေမကိုက်တဲ့အခါ ပြန်ငြိမ်သွားတယ်။ သို့သော် လူတစ်ဦးချင်းစီ သို့မဟုတ် စက်ရုံတစ်ရုံချင်းအလိုက် ဘယ်လောက်ထုတ်နိုင်သလဲဆိုတာကလည်း တစ်ဦးချင်းကိုလိုက်ပြီး စီမံခန့်ခွဲတွက်ချက်ရတာဖြစ်ပါတယ်။ အဲဒီလိုအထိဖြစ်အောင် လုပ်ကိုင်ကြရပါတယ်။ ဒါမှသာ Economy Skills လို့ခေါ်တဲ့ ကုန်စည်တစ်ခုကို တစ်နာရီမှာ ၁၀ ခု ထုတ်ရာကနေ ၁၅ ခု၊ အခု ၂၀ အထိ ထုတ်လာရင် Per Unit Cost လို့ ခေါ်တဲ့ ကုန်စည်တစ်ခုချင်းရဲ့ ကုန်ကျစရိတ်က ကျဆင်းသွားပါတယ်။

သို့မှသာ Profit Margin ကိုကြည့်ပြီး ယှဉ်ပြိုင်မှုစွမ်းအားက တစ်ဦးချင်း၊ Industry ချင်း၊ နိုင်ငံချင်း ယှဉ်တဲ့အခါ အလုပ်အကိုင်အခွင့်အလမ်းတွေ ဆက်လက်တည်မြဲမယ်။ ကျွန်တော်တို့ဟာ လက်ရှိမှာ တည်မြဲဖို့ကို အရင်ကြိုးစားနေကြရပါတယ်။ ပြီးမှ တိုးတက်မယ်။ တိုးတက်မှ လုပ်ငန်းတွေ ချဲ့ထွင်ပြီး အလုပ်အကိုင်တွေ ပိုရလာမယ်။ လုပ်သားအင်အားတွေ ပိုလိုအပ်လာမယ်။

လက်ရှိကျွန်တော်တို့ တိုင်းပြည်ရဲ့အခြေအနေဟာ အရင်းအနှီးရော၊ နည်းပညာရော ချို့တဲ့နေပါသေးတယ်။ ကြွယ်ဝနေတာက လူ့စွမ်းအားပဲဖြစ်ပါတယ်။ လူ့စွမ်းအား အရေအတွက်များပြီး အရည်အသွေးလိုအပ်နေသေးရင် အနည်းဆုံးအိမ်နီးချင်းနိုင်ငံတွေနဲ့တောင် ယှဉ်ဖို့မလွယ်ပါဘူး။ ဒါကြောင့် အရေအတွက်ရော၊ အရည်အချင်းရော တစ်ပြိုင်နက် တိုးတက်ဖို့ လိုအပ်ပါတယ်။ ဒါဟာ Job Opportunity နဲ့ Productivity ချိတ်ဆက်တာပေ့ါ။

မမျှော်လင့်ဘဲ အချို့စက်ရုံတွေဟာ ပိတ်သိမ်းသွားကြတယ်။ အခု အမြဲတမ်းအတွင်းဝန်နဲ့ ဝန်ကြီးတို့ ပြောခဲ့သလို သူတို့ရဲ့စီမံခန့်ခွဲမှု အားနည်းချက်ကြောင့်လည်း တောင့်မခံနိုင်တာမျိုး ဖြစ်နိုင်ပါတယ်။ သို့သော် ကျွန်တော်တို့ဟာ Root Cost ကိုကြည့်တဲ့အခါ မြေဈေးတွေ သိပ်ကြီးနေလို့ဆိုတာ ဖြစ်ကောင်းလည်းဖြစ်မယ်။ ဒါပေမယ့် နိုင်ငံခြားက ရင်းနှီးမြှုပ်နှံသူတွေဟာ စပြီးလာရောက်ဖို့ စီစဉ်ကတည်းက လေ့လာခဲ့ပြီးသားပါ။ အခုအတော အတွင်း ဖြစ်သွားတဲ့ဟာတွေမှာ တစ်ဦးချင်းအလိုက် အခက်အခဲတွေရှိပြီး ပိတ်တာလည်း ရှိနိုင်ပါတယ်။

“လက်ရှိကျွန်တော်တို့ တိုင်းပြည်ရဲ့အခြေအနေဟာ အရင်းအနှီးရော၊ နည်းပညာပါ ချို့တဲ့နေပါသေးတယ်။ ကြွယ်ဝနေတာက လူ့စွမ်းအားပဲဖြစ်ပါတယ်။ လူ့စွမ်းအား အရေအတွက်များပြီး အရည်အသွေးလိုအပ်နေသေးရင် အနည်းဆုံး အိမ်နီးချင်းနိုင်ငံတွေနဲ့တောင် ယှဉ်ဖို့မလွယ်ပါဘူး။ ဒါကြောင့် အရေအတွက်ရော၊ အရည်အချင်းပါ တစ်ပြိုင်နက်တိုးတက်ဖို့ လိုအပ်ပါတယ်”

*စာမျက်နှာ ၂၃ သို့*

# နှစ်စဉ်လုပ်သားအင်အားစစ်တမ်း ကွင်းဆင်းစာရင်းကောက်ယူရေးသင်တန်း နေပြည်တော်၌ဖွင့်

**နေပြည်တော် ဩဂုတ် ၂၈**

ရာသီချိန်ပြောင်းလဲမှုအကြား အလုပ်လက်ရှိ၊ အလုပ်လက်မဲ့ဦးရေ ကွာခြားမှုကို သိရှိနိုင်ရန် ရည်ရွယ်လျက် နှစ်စဉ်လုပ်သားအင်အားစစ်တမ်းကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနက တစ်နှစ်လျှင်နှစ်ကြိမ်ကောက်ယူလျက်ရှိရာ ယခု ၂၀၁၈ ခုနှစ်အတွင်း ဒုတိယအကြိမ် ကွင်းဆင်းစာရင်းကောက်ယူနိုင်ရန်အတွက် စစ်တမ်းမေးခွန်းလွှာ သင်တန်းကို ဩဂုတ် ၂၇ ရက်နှင့် ၂၈ ရက်က နေပြည်တော်ရုံးချုပ်၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲကို အလုပ်သမားညွှန်ကြားရေးဦးစီး ဌာနရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားချက်အရ Seasonal Workers စာရင်းကို သိရှိနိုင်ရန် စစ်တမ်းကောက်ခြင်းဖြစ်ကြောင်း၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနနှင့် ညှိနှိုင်းပြီး ကလေးအလုပ်သမားဆိုင်ရာမေးခွန်းများ ထပ်တိုးကောက်ယူမည်ဖြစ်ကြောင်း၊ စာရင်းကောက် အချက်အလက်များသည် ဝန်ကြီးဌာနအတွက်သာမက နိုင်ငံကို ကိုယ်စားပြုသည့် အချက်အလက်များဖြစ်၍ ပြည့်စုံမှန်ကန်သည့် စာရင်းဇယားရှိမှ နိုင်ငံတော်အတွက် စီမံကိန်းများ ချမှတ်ဆောင်ရွက်နိုင်မည်ဖြစ်၍ စစ်တမ်းကောက်ယူမှုသည် အရေးကြီးကြောင်း၊ စစ်တမ်းကောက်ချိန်တွင် အခြားဌာနဆိုင်ရာများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ အလုပ်အကိုင်ဆိုင်ရာ သွင်ပြင်လက္ခဏာများ (Employment Characteristics)ကို သိရှိနိုင်ရန်နှင့် Update စာရင်းများရရှိရန် တစ်နှစ်လျှင် နှစ်ကြိမ် စစ်တမ်းကောက်ယူနေခြင်းဖြစ်ပြီး နောင်နှစ်တွင် တစ်နှစ်လေးကြိမ်ကောက်ယူရန် ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

သင်တန်းတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO) (နေပြည်တော်)မှ တာဝန်ရှိသူများက စစ်တမ်းမေးခွန်းလွှာပါ အဓိပ္ပာယ် သတ်မှတ်ချက်များ၊ စာရင်းကောက်ကွက်မြေပုံနှင့် အိမ်ထောင်စုစာရင်းစဉ်ပြုစုခြင်း၊ မေးခွန်းလွှာဖြည့်သွင်းခြင်း၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းခွဲခြားရေး စံထားအညွှန်းနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်အကိုင်ခွဲခြားရေး စံထားအညွှန်း စသည်တို့ကိုပို့ချပြီး သင်တန်းသို့ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း ၆၀ ခန့် တက်ရောက်ခဲ့သည်။

ကွင်းဆင်းစာရင်းကောက်ယူမှုကို စက်တင်ဘာ ၃ ရက်တွင် စတင်ဆောင်ရွက်မည်ဖြစ်ပြီး ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိ စာရင်းကောက်ကွက်ပေါင်း ၇၈၀၊ အိမ်ထောင်စုပေါင်း ၁၄၀၄၀ ၌ ကြီးကြပ်ရေးမှူး ၁၅ ဦးနှင့် စာရင်းကောက်သူ ၈၁ ဦးတို့က စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ရတနာ**

*စာမျက်နှာ ၂၂ မှ*

### အနည်းဆုံးအခကြေးငွေကို နားလည်မှုလွဲ

ဒါပေမယ့် အဲဒီအထဲမှာ အချို့က မကြာခင်က ပြဋ္ဌာန်းပြီး ကျင့်သုံးနေတဲ့ အနည်းဆုံး အခကြေးငွေ ထုတ်ပြန်ချက်ကို အလုပ်ရှင်တွေဘက်ကရော၊ အလုပ်သမားတွေ ဘက်ကပါ၊ အလုပ်သမား အရေးဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတွေဘက် ကပါ နားလည်မှု လွဲတယ်လို့တော့ ကျွန်တော်ယူဆ ပါတယ်။ နားလည်မှုလွဲပြီး ညှိနှိုင်းမှု၊ အသုံးချမှု တွေမှာ အဆင်မပြေဖြစ်ပြီး အချို့ရင်းနှီးမြှုပ်နှံ သူတွေဟာ ဆက်မကြိုးစားကြတော့ဘူး။ အားလျှော့တာဖြစ်ဖြစ်၊ လုပ်ငန်းပြောင်းတာဖြစ်ဖြစ်၊ လုပ်သားလျှော့ချတာဖြစ်ဖြစ်၊ ပိတ်သိမ်းတာ ဖြစ်ဖြစ် လုပ်လာတယ်လို့ ထင်ပါတယ်။

### တရားဥပဒေဟာ လူတိုင်းနဲ့ဆိုင်တာ သိထားသင့်တယ်

ကျွန်တော်တို့ မြန်မာနိုင်ငံ ကုန်သည်ကြီးများ နှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ကတော့ တည်ဆဲဥပဒေတွေကို အလုပ်ရှင်၊ အလုပ် သမားတွေနဲ့ ပါဝင်ပတ်သက်နေတဲ့သူတွေအားလုံး သေသေချာချာ လွယ်ကူရှင်းလင်းစွာ သိအောင် လုပ်ဆောင်ပေး နေပါတယ်။ အရင်က ဥပဒေဆိုတာ တရားသူကြီးနဲ့ ရှေ့နေတွေပဲ သိရမယ့်ကိစ္စလို့ ထင်ခဲ့ကြတယ်။ အခုအချိန်မှာ တရားဥပဒေဟာ လူတိုင်းနဲ့ ဆိုင်တယ်။ သိထားသင့်တယ်။ ဥပဒေကို မသိလို့ပါဆိုပြီး ခွင့်မလွှတ်ဘူး။

ဒါ့ကြောင့်အားလုံး သိဖို့လိုအပ်တယ်ဆိုပြီး ကျွန်တော်တို့က ဥပဒေသစ်တွေ ပြဋ္ဌာန်းတော့မယ် ဆိုရင် အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရ အတတ် နိုင်ဆုံး ညှိနှိုင်းပြီးတော့ သုံးခုစလုံးရဲ့ညီမျှတဲ့အချက် တွေကို ဦးစားပေးဖော်ထုတ်တယ်။ မညီမျှတဲ့ သဘောမတူတဲ့ အချက်တွေကိုတော့ ခဏဖယ် ထားတယ်။ ဒီလိုလုပ်တဲ့အခါ ဟိုတုန်းက ဥပဒေ ရေးထုံးတွေမဟုတ်တော့ဘဲ လူအားလုံး နားလည် နိုင်တဲ့ စကားလုံးတွေနဲ့ ပြောင်းပြီး လုပ်တာတော့ စနေပါပြီ။

### အပြန်အလှန်ကူညီရန်လိုအပ်

ဒီအတွက် စိန်ခေါ်မှုဆိုတာမှာ ဥပဒေပြုအဖွဲ့ အစည်းတွေနဲ့ အလုပ်ရှင်များအဖွဲ့၊ အလုပ်သမား များအဖွဲ့၊ အလုပ်သမားများအရေးဆောင်ရွက်သူ များအဖွဲ့တွေဟာ တစ်စိတ်တစ်ဝမ်းတည်းရှိဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့အချင်းချင်းညီညွတ် မှ တိုးတက်မှုအဆင့်တစ်ခုကို ရောက်မှာပါ။ ကျွန်တော်တို့က အပြင်ကို မျှော်ပြီးတော့ပဲ အကူ အညီတွေသာ တောင်းနေမယ်ဆိုရင် ရေရှည်မှာ အဆင်မပြေပါဘူး။ အကူအညီဆိုတာကလည်း ကိုယ့်ကိုယ်ကိုယ်အချင်းချင်း အပြန်အလှန်ကူညီ ကြဖို့ ပိုပြီးလိုအပ်ပါတယ်။

**အစီအစဉ်မှူး** ။ ။ ဆက်လက်ပြီးတော့ စီးပွားရေး တိုးတက်ဖွံ့ဖြိုးဖို့အတွက် အလုပ်သမားရေးရာကဏ္ဍရဲ့ အရေးပါပုံကိုလည်း အမြဲတမ်းအတွင်းဝန်က ဆွေးနွေးပေးပါဦး။

**အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်** ။ ။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့မှာ အလုပ်အကိုင်တွေ၊ ကုန်ထုတ်စွမ်း အားတိုးတက်ဖို့တွေ အားလုံးက ချိတ်ဆက်နေ ပါတယ်။ ကျွန်တော်တို့ရဲ့ အခန်းကဏ္ဍကနေ ပြောနိုင်တာက ခိုင်မာတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ရောက်လာဖို့ လိုအပ်ပါတယ်။ တစ်ဖက်ကလည်း ပုဂ္ဂလိကကဏ္ဍကြီး ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်ပါ တယ်။ ဒီလိုဖြစ်လာဖို့ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က လည်း ဖြေလျှော့ပေးနေတာတွေ ရှိပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက်မှာလည်း ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်လာအောင် လုပ် ဆောင်ပေးနေပါတယ်။ အဲဒါအပြင် ကျွမ်းကျင် လုပ်သားတွေ ပိုမိုထွက်ပေါ်လာရေး အတွက်လည်း လိုအပ်ပါတယ်။ ဒါကလည်း အရေးကြီးဆုံးအချက် ပါပဲ။ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာတာနဲ့အမျှ အလုပ် အကိုင်အခွင့်အလမ်းတွေ ပေါ်လာမယ်။ ကုန်ထုတ် စွမ်းအားမြင့်လာမယ်။ တိုင်းပြည်စီးပွားရေးကောင်း လာမယ်။

### ကုန်ထုတ်စွမ်းအားတိုးတက်ဖို့ ကျွမ်းကျင်ကဏ္ဍအရေးကြီး

အလုပ်ရှင်တွေဘက်က ဆွေးနွေးသွားတာနဲ့ ပတ်သက်ပြီး အလုပ်ရှင်ဘက်ကတော့ သူ့ရဲ့ လုပ်ငန်းတွေ ကုန်ထုတ်စွမ်းအားတွေတိုးတက်မယ်။ စီးပွားရေးတိုးတက်မယ် အဲဒီလိုဖြစ်ဖို့အတွက် အလုပ်သမားတွေကို လေ့ကျင့်ပေးနေရတာထက် စာရင် လုပ်ငန်းသဘောတရား နားလည်သိတတ် ပြီးသား အလုပ်သမားတွေ ပိုပြီးလိုအပ်တယ်။ အဲဒါမှ လုပ်ခလစာဖြစ်ဖြစ်၊ အခြားကုန်ကျစရိတ် အတွက်ဖြစ်ဖြစ်၊ လုပ်ငန်းလည်ပတ်ဖို့ဖြစ်ဖြစ် ပိုပြီး အဆင်ပြေနိုင်မယ်။ ဒါကြောင့် ဒီကဏ္ဍမှာ ကုန်ထုတ်စွမ်းအားတွေ တိုးတက်ဖို့၊ စီးပွားရေး ပိုကောင်းဖို့ ကျွမ်းကျင်ကဏ္ဍဟာ အရေးကြီးတယ် လို့ ဆွေးနွေးခဲ့ကြတာပါ။

**အစီအစဉ်မှူး** ။ ။ ဆွေးနွေးခဲ့ကြပြီးတဲ့အပေါ်မှာ ရော ဘယ်လိုများ ဖြည့်စွက်ပြောချင် ပါသေးလဲ။

**ဝန်ကြီးဦးဇော်အေးမောင်** ။ ။ ကိုထွန်းထွန်း ပြော သွားတာနဲ့ပတ်သက် ပြီး ကျွန်တော်က ဖြည့်စွက်ဆွေးနွေးလိုတာလည်း ရှိပါတယ်။ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးမှာ ဒီလိုအလုပ်ရှင်၊ အလုပ်သမားပြဿနာတွေက ဒီနေ့မှ စတင်ခဲ့တာမဟုတ်ပါဘူး။ ခေတ်အဆက် ဆက်ဖြစ်လာခဲ့တာပါ။ ဒါကို ဖြေရှင်းဖို့ အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေကို ပြဋ္ဌာန်းထားပါတယ်။ အဲဒီဥပဒေနဲ့အညီ စက်ရုံတိုင်း မှာ သူ့ရဲ့ အလုပ်သမား ဘယ်နှဦးဆိုရင် ဖျန်ဖြေ ညှိနှိုင်းရေး အဖွဲ့တွေ ဘယ်လိုဖွဲ့ရမလဲ ပါပါတယ်။ အမှန်က ပြဿနာဖြစ်လာရင် စားပွဲဝိုင်းမှာတင် ဖြေရှင်းလို့ရပါတယ်။ ဒီလိုလမ်းပေါ်ထွက်ပြီး ဆန္ဒပြ ဖို့ မလိုအပ်သေးပါဘူး။ ဒါနဲ့အဆင်မပြေရင် မြို့နယ် ဖျန်ဖြေရေးအဖွဲ့တွေရှိတယ်။ အဲဒီမှာ မကျေနပ်ရင် ခုံသမာဓိကို တက်လို့ရတယ်။ ခုံသမာဓိကနေ ခုံသမာဓိကောင်စီရှိတယ်။ ခုံသမာဓိကောင်စီရဲ့ ဆုံးဖြတ်ချက်ကိုတော့ လိုက်နာရပါတယ်။

အလုပ်ရှင်ကရော၊ အလုပ်သမားကပါ လိုက်နာရပါတယ်။ တစ်ဖက်မှာလည်း နစ်နာသူက တရားစွဲလို့ရပါတယ်။ ဒါ့အပြင် ခုံသမာဓိကောင်စီက ဆုံးဖြတ်ချက်ကို မကျေနပ်ရင် စာချွန်လွှာအနေနဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးကို တင်လို့ ရပါတယ်။ တင်တဲ့အချိန်မှာ ခုံသမာဓိကောင်စီရဲ့ ဆုံးဖြတ်ချက်ကို လိုက်နာပြီးသားတော့ ဖြစ်ရမယ်။ အဲဒီလိုမျိုးဖြေရှင်းတဲ့ နည်းလမ်းတွေကို ဥပဒေ ပြဋ္ဌာန်းပြီးဆောင်ရွက်တာပါ။ ဒါကို အလုပ်ရှင်၊ အလုပ်သမားတွေအားလုံး လေ့လာကြရပါမယ်။

နောက်တစ်ခုက EC စာချုပ်ချုပ်ဆိုရပါမယ်။ အချို့စက်ရုံတွေက EC စာချုပ် မချုပ်ကြဘူး။ အလုပ်သမားကလည်း ကြောက်တာရှိတယ်။ အလုပ်ရှင်ကလည်း ကြောက်တာရှိတယ်။ ပြဿနာ လည်းတက်လာရော EC စာချုပ်မရှိတဲ့အခါ ဖြေရှင်းရခက်ပါ တယ်။ ဒါကြောင့် ပြောချင်တာက အလုပ်ရှင်၊ အလုပ်သမားတွေအားလုံး ထုတ်ပြန် ထားတဲ့ ဥပဒေတွေကို လေ့လာသင့်ပါတယ်။

အချို့အလုပ်ရှင်တွေက စက်ရုံမှာ အလုပ် သမားအဖွဲ့အစည်းတွေ ဖွဲ့စည်းတာ မကြိုက်ဘူး။ အမှန်က အလုပ်သမားအဖွဲ့အစည်းဆိုတာ အလုပ် သမားတွေရဲ့အခွင့်အရေးတွေကို တင်ပြဖို့ တောင်း ဆိုဖို့အတွက် ဖွဲ့တာဖြစ်ပြီး တရားဝင်ဖွဲ့စည်းခွင့် ပေးရပါမယ်။ အချို့အလုပ်ရှင်တွေက မကြိုက်ကြ တာမျိုး ကြုံဖူးပါတယ်။ Judge and Equality ဖြစ်ဖို့ လိုအပ်ပါတယ်။ အလုပ်ရှင်ကလည်း နားလည်ဖို့လိုပါတယ်။ နိုင်ငံခြားသားအချို့အလုပ် ရှင်တွေက အဖွဲ့အစည်းတွေ၊ သမဂ္ဂတွေဖွဲ့တာ မကြိုက်ကြဘူး။ ဖွဲ့ခွင့်ပေးရမယ်။ လုပ်ငန်းခွင် မပျက်စေဘဲ အထူးအခွင့်အရေး ပေးစရာမလိုတာ လည်း သိရပါမယ်။

လူမှုဖူလုံရေးနဲ့ ပတ်သက်ပြီးတော့လည်း ဥပဒေတွေပြဋ္ဌာန်းထားပါတယ်။ ဒါတွေကို အားလုံး သိထားဖို့ လိုပါတယ်။ အလုပ်သမားတွေကိုလည်း အသိပညာပေးလိုတာက ကိုယ်တော်နေရင် ကိုယ့်ရဲ့အရည်အသွေးကမြင့်နေရင် အလုပ်ရှင်က လခပိုပေးပြီးတောင် ကိုယ့်စက်ရုံမှာမြဲဖို့ အတွက် ကြိုးစားကြလိမ့်မှာမို့ မြှင့်တင်ကြပါ။ ဌာနကတော့ NSSA လက်မှတ်တွေထုတ်ဖို့ အစစ်ခံလို့ ရတယ်။

ကျွမ်းကျင်မှု သင်တန်းတွေ တက်လို့ရတယ်။ အလုပ်ရှင်တွေကလည်း အလုပ်သမားတွေကို ကျွန်တော်တို့ဆီ လွှတ်လို့ရတယ်။ သင်တန်းတက် လို့ရတယ်။ နောက်ပြီး CBT ဆိုတာ GIZ နဲ့ ပေါင်းပြီး သင်တန်းတွေ ပေးနေပါတယ်။ တောင်ဒဂုံ မှာရှိပါတယ်။ မကြာမီ ကျောက်ဖြူ SEZ လာ တော့မယ်။ အလုပ်သမားတွေ လိုအပ်လာမှာပါ။

ရန်ကုန်တိုင်းဒေသကြီးမှာလည်း စက်မှုဇုန် အသစ်တွေ ဖော်ထုတ်တော့မယ်။ ကျွန်တော် တို့ ဆီမှာက အလုပ်သမားသာများတာ။ ကျွမ်းကျင် အလုပ်သမားက နည်းတယ်။ ဒါကြောင့် သင်တန်း တွေ သင်ယူကြပါလို့ တိုက်တွန်းလိုပါတယ်။ ဒါမှ နိုင်ငံရော၊ အလုပ်ရှင်ရော၊ ကိုယ့်အတွက်ပါ အကျိုး ရှိမှာပါ။

နောက်တစ်ခုက MIC ဥပဒေကို ပြင်ဆင် လိုက်ပါပြီ။ ဒါကြောင့် ဒေါ်လာငါးသန်းအောက် ဆိုရင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေကို ခွင့်ပြုနိုင်ခွင့်တွေ ပေးထားပါတယ်။ ရန်ကုန်တိုင်း ဒေသကြီးဆိုရင် MIC ဥပဒေထွက်ပြီးနောက်ပိုင်း ကုမ္ပဏီ ၅၈ ခုကို ခွင့်ပြုပေးနိုင်ခဲ့တယ်။ အဲဒီမှာ အထည်ချုပ်လုပ်ငန်းတွေပါတယ်။ အလုပ်သမား တွေအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်း ကောင်းတာဟာ အထည်ချုပ်လုပ်ငန်းဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ အထည်ချုပ်လုပ်ငန်း ၃၇၇ ရုံတိုးလာပါတယ်။ အလုပ်ရုံပိတ်သိမ်းတာ ရှိပေမယ့် တိုးလာတာတွေ အများကြီးပါ။ ဒါကြောင့် ကျွမ်းကျင်အထည်ချုပ် လုပ်သားတွေ အများကြီး လိုတယ်။ ဒါမှစီးပွားလည်း အောင်မြင်မှာ ဖြစ်ပါ တယ်။

**အစီအစဉ်မှူး** ။ ။ အလုပ်အကိုင် အခွင့်အလမ်းနဲ့ ပတ်သက်ပြီး အနာဂတ်အစီ အမံတွေကိုလည်း ရှင်းပြပေးပါဦး။

**ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်** ။ ။ ကျွန်တော်တို့ နိုင်ငံမှာခေတ် စနစ်တွေ ပြောင်းနေပါပြီ။ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက် နေကြပါတယ်။ ဥပဒေပြင်တဲ့ အပိုင်းမှာလည်း ဝန်ကြီးဌာနကနေ ကြီးကြပ်ဆောင်ရွက်နေပါတယ်။ ဂျပန်၊ ကိုရီးယားကနေ ပြန်လာတဲ့ အလုပ်သမား တွေ ကိုယ့်တိုင်းပြည်ပြန်ရောက်ရင် လုပ်ငန်းခွင် တွေမှာ ကျွမ်းကျင်လုပ်သားများအဖြစ် လုပ်ကိုင် နိုင်မယ်ဆိုရင် အများကြီး အဆင်ပြေနိုင်ပါတယ်။ ပြည်ပအလုပ်အကိုင်နဲ့ ပတ်သက်ပြီး ILO၊ IOM စတဲ့ နိုင်ငံတကာ အလုပ်သမားအဖွဲ့အစည်းတွေရဲ့ အစီမံနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ရွှေ့ ပြောင်းအလုပ်သမားများထောက်ပံ့ရေးကူညီရေး ဗဟိုဌာနတွေဖွင့်တာ ၁၃ ခုအထိ ရှိလာပါပြီ။ ဌာန တွေကနေ ဆွေးနွေးအကြံပေးတယ်။ ပူးပေါင်း ဆောင်ရွက်ပေးပါတယ်။ နယ်စပ်ဂိတ်တွေမှာလည်း ပြည်ပထွက်ခွာသူတွေအတွက် မှန်ကန်တဲ့ သတင်း အချက်အလက်တွေရရှိဖို့ ပွဲစားရန်က ကင်းလွတ်ဖို့၊ တရားဝင်လမ်းကြောင်းကနေ ထွက်ခွာဖို့ ပညာပေး လုပ်ဆောင်နေပါတယ်။

### ရွှေ့ပြောင်းအလုပ်သမား လွှဲပို့ငွေ တရားဝင်ပို့ဆောင်နိုင်ရန်စီစဉ်နေ

အရေးကြီးတဲ့အချက်က ရွှေ့ပြောင်းအလုပ် သမားတွေရဲ့ ပုံမှန်လွှဲပို့ငွေတွေကို တရားဝင်လမ်း ကြောင်းကနေ ပို့ဆောင်ပေးနိုင်အောင် စီစဉ်နေ ပါတယ်။ ဒါမှ မိသားစု အဆင်ပြေမှာဖြစ်သလို နိုင်ငံအတွက် GDP တိုးတက်စေပါတယ်။ ဟွန်ဒီ စနစ်နဲ့ လွှဲပို့မယ့်အစား ဘဏ်ကနေ တရားဝင် လွှဲအပ်တာဟာ များစွာလုံခြုံအဆင်ပြေစေမှာ ဖြစ် ပါတယ်။

ဒါတင်မကသေးဘူး။ ၁၉၉၉ ခုနှစ် ပြည်ပ အလုပ်အကိုင်ဆိုင်ရာ ဥပဒေကိုလည်း ခေတ်နဲ့ အညီပြင်ဆင်ရေးဆွဲ ပြဋ္ဌာန်းနိုင်ဖို့ ဆောင်ရွက်နေ ပါတယ်။ မြန်မာနိုင်ငံ ရွှေ့ပြောင်းသွားလာမှု စီမံ ခန့်ခွဲမှုဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် များ ရေးဆွဲလျက်ရှိပါတယ်။ ဂျပန်နိုင်ငံကို သက်ကြီးရွယ်အိုစောင့်ရှောက်ရေး အလုပ်သမား များ စေလွှတ်နိုင်ဖို့၊ ထိုင်းနိုင်ငံမှာ တရားဝင် ရေလုပ်သားများ စေလွှတ်နိုင်ဖို့ ဆောင်ရွက်နေ ပါတယ်။

**ဝန်ကြီး ဦးဇော်အေးမောင်** ။ ။ အလုပ်သမားတွေ က ကျွန်တော့်ကို မေးကြတာရှိတယ်။ ၂၀၂၀ မှာ ဂျပန်အိုလံပစ် အတွက် အလုပ်သမားတွေကို ခေါ်ယူနေတယ်။ ဝန်ကြီးဌာနတွေ အချင်းချင်းလည်း ချိတ်ဆက် ဆောင်ရွက်နေတယ်လို့ ကြားပါတယ်။ လူငယ်တွေ ကလည်း စိတ်ဝင်စားတဲ့အတွက် ရှင်းပြစေလို ပါတယ်။

**အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်** ။ ။ ကျွန်တော် တို့အနေနဲ့ ဂျပန်နိုင်ငံနဲ့ လက်မှတ်ရေးထိုးထားတာတော့ ရှိပါ တယ်။ ဂျပန်နိုင်ငံမှာ လိုအပ်တဲ့ လုပ်သားတွေကို တရားဝင် ပို့ဆောင်ပေးနိုင်ဖို့ အတွက်ပါ။ ဒါပေမယ့် ဂျပန်နိုင်ငံကို သွားမယ်ဆိုရင် လုပ်သားက ကျွမ်း ကျင်မှု အဆင့်တွေနဲ့ ဂျပန်ဘာသာစကားကို တတ်ကျွမ်းဖို့ ဆိုတာတွေကိုတော့ ဖြည့်ဆည်းထား ဖို့ လိုအပ်ပါတယ်။ **ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး**

# ဆီဆိုင်မြို့နယ်တွင် ငမြှောင်တောင်ပိုးကျ၍ ပြောင်းခင်းများပျက်စီးနေ



**ဆီဆိုင် ဩဂုတ် ၂၈**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် နောင်ကျောကျေးရွာအုပ်စုရှိ ပြောင်းသီးနှံစိုက်ခင်းအချို့တွင် သီးနှံဖျက်ပိုးတစ်မျိုးဖြစ်သည့် ငမြှောင်တောင်ပိုးများ ကျရောက်ဖျက်ဆီးနေမှုကြောင့် ပြောင်းစိုက်ခင်းများ ပျက်စီးလျက်ရှိပြီး ပြောင်းစိုက်တောင်သူများအနေဖြင့်လည်း စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။

"လွန်ခဲ့တဲ့နှစ်ရက်ကမှ သိတယ်၊ လေးကေလောက်ရှိတဲ့ ပြောင်းစိုက်ခင်းကို သုံးရက်အတွင်း အရွက်တွေကို ကိုက်ဖြတ်ဖျက်ဆီးသွားတယ်၊ ဘယ်လိုလုပ်ရမလဲ မသိတော့ဘူး"ဟု နောင်ကျောကျေးရွာအုပ်စု ဟော်တောင်ကျေးရွာရှိ ပြောင်းစိုက် တောင်သူ ဦးခွန်လှမောင်က ၎င်း၏စိုက်ခင်းတွင် ပိုးကျရောက်မှုကြောင့် ပျက်စီးခဲ့ရသည့်အခြေအနေကို ပြောကြားသည်။

ဆီဆိုင်မြို့ မင်္ဂလာရပ်ကွက်နေ ပြောင်းစိုက်တောင်သူ ဦးစောမောင်ကလည်း "ဘေးခြံက လာပြောမှ သိတယ်၊ ခြံထဲကိုလည်း နည်းနည်းတော့ကူးလာပြီ၊ အခု ဆေးဖျန်းထားတယ်၊ ဘယ်လိုဖြစ်မလဲ မသိသေးဘူး၊ ဒီပိုးက အသီးနဲ့အစေ့ကိုတော့ မစားဘူး၊ အရွက်နဲ့ အမြိတ်ပဲစားတယ်" ဟု ပြောသည်။

ဆီဆိုင်မြို့နယ်သည် ပြောင်းကို အဓိကသီးနှံအဖြစ် စိုက်ပျိုးသောဒေသဖြစ်ပြီး ယခင်နှစ်က ပြောင်းဈေးကောင်းခြင်းကြောင့် တောင်သူများမှာ ယခုနှစ်တွင် ဧကတိုးချဲ့ စိုက်ပျိုးထားကြရာ ယခုလို ပိုးကျရောက် ဖျက်ဆီးမှုကြောင့် ပြောင်းစိုက်တောင်သူ များအနေဖြင့် စိုးရိမ်ပူပန်နေကြသည်။

**ခွန်ရဲထွေး**

## ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၁) (သီဟတပ်ခွဲ)၏ (၃၇)နှစ်မြောက် နှစ်ပတ်လည်နေ့ ဖိတ်ကြားလွှာ

OTS (61)မှ သူငယ်ချင်းများနှင့် မိသားစုဝင်များ၏ (၃၇)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့ အခမ်းအနားအား အောက်ပါအစီအစဉ်တိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မိသားစုနှင့်အတူ တတ်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

### (၃၇)နှစ်မြောက် ဂေါက်သီးရိုက်ပွဲ ကျင်းပခြင်း

**ရက်စွဲ၊ အချိန်။** ။ ၈-၉-၂၀၁၈ရက် (စနေနေ့) နံနက် (၀၆း၀၀)နာရီ
**နေရာ** ။ ငွေသော်တာကွင်း၊ မြို့တော်စည်ပင် ဂေါက်ကွင်း၊ ရန်ကုန်

### ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဆရာကန်တော့ပွဲ ကျင်းပခြင်း

**ရက်စွဲ၊ အချိန်။** ။ ၉-၉-၂၀၁၈ရက် (တနင်္ဂနွေနေ့)နံနက် (၀၉း၀၀)နာရီ
**နေရာ** ။ ရွှေဟင်္သာစံကျောင်း ကျောင်းတိုက်၊ အမှတ် (၁၉-က)၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်

### မိတ်ဆုံညစာစားပွဲ ကျင်းပခြင်း

**ရက်စွဲ၊ အချိန်။** ။ ၉-၉-၂၀၁၈ရက် (တနင်္ဂနွေနေ့) ညနေ (၆း၃၀)နာရီ
**နေရာ** ။ ရွှေလိပ်ပြာဟိုတယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်

**ဆက်သွယ်ရန်** -
ညီဖြူလှ (ဖုန်း-၀၉-၇၆၅၀၇၀၆၁၄)၊ ရွှေခိုင် (ဖုန်း-၀၉-၂၅၀၁၄၄၂၅)၊ တင်အေး (ဖုန်း-၀၉-၅၀၁၀၅၃၃)၊ လှမြင့် (ဖုန်း-၀၉-၅၅၀၁၁၀၀)၊ မျိုးခိုင် (ဖုန်း-၀၉-၂၅၄၁၄၀၃၃၆)၊ မြင့်သိန်း (ဖုန်း-၀၉-၇၉၅၇၀၂၄၇၄)

## INVITATION TO OPEN PREQUALIFICATION OF BIDDING

The Irrigation and Water Utilization Management Department (IWUMD), Ministry of Agriculture, Livestock and Irrigation, announces the PREQUALIFICATION of International Competitive Bidding for "Procurement of Construction Machineries and Cutter Suction Dredger for IWUMD" under the Agriculture Income Improvement Project in Shwebo Area, Sagaing Region based on the loan Agreement (Loan No.: MY-P25) signed on 29th March, 2018 between the Japan International Cooperation Agency (JICA) and the Ministry.

The procurement works shall consist of equipment supply, site assembling, test-run, training and commissioning for the construction machineries. Please note that Joint Ventures are acceptable.

| Sr. No. | Bidding No. | Description | Qty: | Remarks |
|---|---|---|---|---|
| 1 | AIIP-Package 4-1 | Procurement of Construction Machineries and Special Vehicles for IWUMD | 1 Package | |
| 2 | AIIP-Package 4-2 | Procurement of Cutter Suction Dredger for IWUMD | 1 Package | |

A complete set of prequalification documents is available in Myanmar Kyat (50,000/-) from 10:00 to 12:00 and 14:00 to 16:00 in the working days from 29th August 2018 to 6th September 2018 at Procurement Director Office of Irrigation and Water Utilization Management Department, Building No. (43), Nay Pyi Taw and closing date will be 19th September 2018 during 12:00 AM. Submission of the Documents later than closing date will not be considered. Note that said PREQUALIFICATION conducted from 16th July 2018 to 16th August 2018 shall be unnuled, and superceded by this announcement.

Contact: Director Office, Procurement Branch, IWUMD.
Telephone: +95-673-410316

### မိခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ အထက(၅) တက္ကသိုလ်ဝင်တန်းမှ မောင်ဖြိုးလပြည့် ၏မိခင် ဒေါ်မိုးမိုးစံ၏ မိခင်အမည်မှန်မှာ ဒေါ်စိုးစိုးစံ၅/ရဘန(နိုင်)၁၀၂၂၅၅ ဖြစ်ပါကြောင်း။
**ဒေါ်စိုးစိုးစံ**

### ဖခင်အမည်မှန်
ရွှေဘိုမြို့နယ်၊ အထက ညောင်ပင်သာ တက္ကသိုလ်ဝင်တန်းမှ မစိုးစန္ဒာထွန်း၏ ဖခင်အမည်မှန်မှာ ဦးစိုးသက်နိုင် ၅/ရဘန(နိုင်)၂၂၉၃၈၂ဖြစ်ပါကြောင်း။
**ဦးစိုးသက်နိုင်**

### ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ အထက (နတ်သံကွင်း) တက္ကသိုလ်ဝင်တန်း(ဂ)မှ မစူးမြတ်မိုးနှင့် အဋ္ဌမတန်း(က)မှ မထူးဟေမာန်မိုးတို့၏ ဖခင်အမည်မှန်မှာ ဦးထက်နိုင်ဇော် ၇/ကကန(နိုင်)၀၃၈၀၄၆ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ အထက(၅)၊ တက္ကသိုလ်ဝင်တန်းမှ မယွန်းသဉ္ဇာနှင့် သတ္တမတန်း(A)မှ မောင်ထွန်းထွန်း၏ဖခင် ဦးမြတ်လင်း၏ အမည်မှန်မှာ ဦးမြလင်း ၅/ဝလန(နိုင်)၀၉၇၆၁၁ ဖြစ်ပါကြောင်း။ **ဦးမြလင်း**

### ဖခင်အမည်မှန်
ရွှေဘိုမြို့နယ်၊ အထက ညောင်ပင်သာ တက္ကသိုလ်ဝင်တန်းမှ မကေဇင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုးထွန်း ၅/ရဘန(နိုင်)၁၃၇၅၀၇ဖြစ်ပါကြောင်း။
**ဦးအောင်မျိုးထွန်း**

### ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ အထက (နတ်သံကွင်း)၊ တက္ကသိုလ်ဝင်တန်း(က) မှ မဇင်မင်းဝေနှင့် အမက(မူလွန်)သဲကုန်းမှ မဖြူနှင်းဝေတို့၏ဖခင်အမည်မှန်မှာ ဦးဇော်မင်းထိုက် ၇/ကကန(နိုင်)၀၆၆၉၃၉ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
ရွှေဘိုမြို့နယ်၊ အထက ညောင်ပင်သာ တက္ကသိုလ်ဝင်တန်းမှ မောင်ဟိန်းဝေအောင်၏ ဖခင်အမည်မှန်မှာ ဦးလှတင့် ၅/ခဥန(နိုင်)၀၇၀၉၄၇ ဖြစ်ပါကြောင်း။ **ဦးလှတင့်**

### ဖခင်အမည်မှန်
ရွှေဘိုမြို့နယ်၊ အထက ညောင်ပင်သာ တက္ကသိုလ်ဝင်တန်းမှ မောင်သဲနော်ဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်မြင့်ဦး ၅/ရဘန(နိုင်)၁၅၇၄၀၃ ဖြစ်ပါကြောင်း။
**ဦးကျော်မြင့်ဦး**

### အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ နတ်သံကွင်းမြို့မှ ဦးဝင်းနောင် ၇/ကကန(နိုင်)၀၆၇၄၂၁၏သား အထက (နတ်သံကွင်း) မောင်အေးအေးနောင်၏ အမည်မှန်မှာ မောင်အေးနောင်ဖြစ်ပါကြောင်း။ **မောင်အေးနောင်**

### ဖခင်အမည်မှန်
ရွှေဘိုမြို့နယ်၊ အထက ညောင်ပင်သာ တက္ကသိုလ်ဝင်တန်းမှ မသဲနုဆည်းဆာ၏ ဖခင်အမည်မှန်မှာ ဦးညီညီခိုင် ၅/ရဘန(နိုင်)၁၆၅၈၉၈ ဖြစ်ပါကြောင်း။ **ဦးညီညီခိုင်**

### ဖခင်အမည်မှန်
ရွှေဘိုမြို့နယ်၊ အထက ညောင်ပင်သာ တက္ကသိုလ်ဝင်တန်းမှ မောင်အာကာစိုးနှင့် သတ္တမတန်းမှ မောင်မင်းသူထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးမျိုးဇော်ဦး ၅/ရဘန(နိုင်)၁၅၇၃၉၆ ဖြစ်ပါကြောင်း။
**ဦးကျော်မြင့်ဦး**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 5H/2298 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ဖခင်အမည်မှန်
တောင်ဒဂုံမြို့နယ်၊ အထက(၄) သတ္တမတန်း (B)မှ မစုမြတ်နိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်လတ် ၁၂/ဒဂတ(နိုင်)၁၁၆၆၈၀ ဖြစ်ပါကြောင်း။ **ဦးအောင်ဇော်လတ်**

### ဖခင်အမည်မှန်
ရွှေဘိုမြို့နယ်၊ အထက ညောင်ပင်သာ တက္ကသိုလ်ဝင်တန်းမှ မောင်လှိုင်ဘွားအောင်၏ ဖခင်အမည်မှန်မှာ ဦးသိန်းတန် ၅/ရဘန(နိုင်)၁၀၉၅၂၆ ဖြစ်ပါကြောင်း။
**ဦးသိန်းတန်**

### ဖခင်အမည်မှန်
တောင်ဒဂုံမြို့နယ်၊ အမက(၁၉) ပထမတန်း(C)မှမောင်ထက်မြတ်မင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်လတ် ၁၂/ဒဂတ(နိုင်)၁၁၆၆၈၀ ဖြစ်ပါကြောင်း။ **ဦးအောင်ဇော်လတ်**

### ဖခင်အမည်မှန်
ရွှေဘိုမြို့နယ်၊ အထက ညောင်ပင်သာ တက္ကသိုလ်ဝင်တန်းမှ မောင်နိုင်တီချင်း၏ ဖခင်အမည်မှန်မှာ ဦးဇော်နိုင်မိုး ၅/ရဘန(နိုင်)၁၃၈၅၃၂ဖြစ်ပါကြောင်း။
**ဦးဇော်နိုင်မိုး**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 9G/9978 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 2K/2381 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ်

(1969-75) BVS တက်ရောက်ခဲ့တဲ့ သူငယ်ချင်းတို့ရေ…

ကိုယ်တို့တစ်တွေ တက္ကသိုလ်စပြီးတက်ခဲ့တာ ၂-၉-၂၀၁၈ ရက်ဆိုရင် (၄၉)နှစ် တင်းတင်းပြည့်ခဲ့ပြီ။ လာမည့်နှစ် ၂-၉-၂၀၁၉ ရက်မှာ နှစ် (၅၀) ပြည့်တော့မယ်။

ကိုယ်တို့တက္ကသိုလ် တက်ရောက်တဲ့ ရွှေရတုအကြို အောက်ပါ အစီအစဉ်အတိုင်း တွေ့ဆုံပွဲ ပြုလုပ်ကြမယ်။ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပြီး ကျောက်စီပန်းချီကား အမှတ်တရပေးမယ်။ အားလုံးတက်ရောက်ကြဖို့ ရင်ထဲက ဖိတ်ခေါ်လိုက်ပါတယ်။

**နေ့ရက်** - ၂-၉-၂၀၁၈ရက် (တနင်္ဂနွေနေ့)
**နေရာ** - ကုန်းမြင့်သာစားသောက်ဆိုင် ၇မိုင်ခွဲ၊ ပြည်လမ်း
**အချိန်** - ၁၀း၀၀ နာရီမှ မွန်းလွဲ ၁နာရီအထိ

**ဖြစ်မြောက်ရေးအဖွဲ့**
(1969-75) **BVS သူငယ်ချင်းများ**

## ငွေချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### မိုးညှင်းခရိုင်တရားရုံးတော်
### ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၁၃

ဦးမျိုးမင်း(ခ)ဦးမြဝင်း **နှင့်** ၁။ ဒေါ်ခင်ဝင်းမေ
၂။ ဦးခင်မောင်ကြူ
၃။ ဒေါ်အေးအေးမြင့်
၄။ ဒေါ်ဆင့်ဆင့်
၅။ ဦးဖိုးထွင်း
၆။ မပိုးအိ

**တရားလို** **တရားပြိုင်များ**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ ဓမ္မဝိဟာရလမ်း၊ အမှတ်(၂၈)နေ တရားပြိုင်များဖြစ်သော (၄) ဒေါ်ဆင့်ဆင့်၊ (၅)ဦးဖိုးထွင်း၊ (၆) မပိုးအိ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ကျန်ရစ်သူမိသားစု

---

## ဦးမောင်မောင်သိန်း
### လက်ထောက်အမှုဆောင်အင်ဂျင်နီယာ(ငြိမ်း)
### မြန်မာ့လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၇)ရပ်ကွက်၊ ပညာလမ်း၊ အမှတ် ၉၁၈နေ (ဦးဘဆင်-ဒေါ်အေးညွှန့်)တို့၏သား၊ ဒေါ်သန်းထွေး၏ခင်ပွန်း၊ ဒေါ်မင်းမင်းဦး (ဦးစီးအရာရှိ၊ မြို့ပြ၊ လမ်းအထူးအဖွဲ့-၁၃)၊ ဒေါ်အေးအေးဆင်၊ ဒေါ်မိုးမိုးအေးတို့၏ဖခင်သည် ၂၇-၈-၂၀၁၈ရက်(တနင်္လာနေ့) ည ၇း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
## ဦးညီညီလွင်(ကိုညီ)
### အုပ်ချုပ်မှုဒါရိုက်တာ-အောင်နန်းစံကုမ္ပဏီ
### အသက်(၅၀)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ပိတောက်ပင်လမ်း၊ အမှတ်၇၄နေ (ဦးတင့်လွင်)-ဒေါ်တင်တင်လှတို့၏သား၊ ဒေါ်စန်းတင်(မင်္ဂလာဈေး)၊ ဦးအေးထူး-ဒေါ်ခင်မြင့်တို့၏တူ၊ ဦးအောင်ဆန်းလွင်၊ ဦးဝင်းလွင်-ဒေါ်ကြူကြူလွင်၊ ဦးရဲဝင်း-ဒေါ်စန္ဒာလွင်တို့၏မောင်၊ ဦးဝင်းဗိုလ်-ဒေါ်ဆင့်ဆင့်ထွေးလွင်တို့၏အစ်ကို၊ မောင်ဂျွန်အိချို၊ မောင်မိုးမြင့်ဗိုလ်၊ မမျိုးသန့်ခြယ်၊ မောင်ဆည်းလည်းဦးတို့၏ဦးလေးသည် ၂၆-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၈ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ကြွင်းကျန်သောအရိုးပြာအား ဂူသွင်းမြှုပ်နှံမည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၉-၂၀၁၈ရက် နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ သဃ်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၄ရပ်ကွက်၊ သုမန ၂လမ်း၊ အမှတ် ၁၀၈၀ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ဒါယကာကြီး
## ဦးညီညီလွင်(ကိုညီ)
### အုပ်ချုပ်မှုဒါရိုက်တာ-အောင်နန်းစံကုမ္ပဏီ
### အသက်(၅၀)

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၄ရပ်ကွက်၊ သုမန ၂လမ်း၊ အမှတ် ၁၀၈၀နေ ဦးတက်စိန်-ဒေါ်လေးတင်တို့၏သားသမက်၊ ဦးသောင်းဝင်း၊ ဒေါ်ခင်ခင်ဝင်း၊ ဦးမြဝင်းတို့၏ညီ/မောင်၊ ဒေါ်ရည်ဝေချို၊ မနွဲ့နွဲ့ဝင်း၊ ကိုမျိုးစိန်-မမေတင်ဇာကျော်တို့၏အစ်ကို၊ မအေးအေးအောင်(ခ)မဖူးပွင့်မိုး၏ ချစ်လှစွာသောခင်ပွန်း၊ မဆုနန်းထိုက်(ခ)ထိုက်ထိုက်(MISY,Year-2)၊ မောင်စံဝေယံလင်းတို့၏ချစ်လှစွာသောဖခင်သည် ၂၆-၈-၂၀၁၈ရက်(တနင်္ဂနွေနေ့)ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ကြွင်းကျန်သောအရိုးပြာအားဂူသွင်းမြှုပ်နှံမည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၉-၂၀၁၈ရက် နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါ သဃ်္ဃန်းကျွန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသန်းထွန်း
### အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်ရပ်ကွက်နေ [ဦးမြင့်ဦး-ဒေါ်မြသောင်း(ခ)ဒေါ်ရိုစီ]တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ကျောက်မြောင်း၊ ဓမ္မစိန္တာလမ်း၊ အမှတ် ၁၈ (ငါးလွှာ-A)နေ ဦးချစ်သိန်း-[ဒေါ်ရွှေလှ (ခ) ဒေါ်တင်တင်]တို့၏ သားသမက်၊ ဦးဝင်းရွှေ-ဒေါ်လှလှနုတို့၏မောင်၊ ဒေါ်အေးအေးမြင့်၏ ခင်ပွန်း၊ မခင်ရတနာသိန်း၏ဖခင်သည် ၂၇-၈-၂၀၁၈ရက်(တနင်္လာနေ့) မွန်းလွဲ ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၈-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၉-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ရဟန်းဒါယကာကြီး
## ဦးတင့်လွင်
### အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်အောင်ရပ်ကွက်နေ ဦးအေးလွင်-(ဒေါ်တင်နု)တို့၏သား၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ နန္ဒင်းကုန်းရပ်ကွက်၊ တိုက် ၁၊ အခန်း ၁၀၄နေ (ဦးကျော်လှိုင်)-ဒေါ်အုန်းမြင့်တို့၏သားသမက်၊ ကိုဖြိုးဝေသန့်(LIZSTAR SHIPPING CO., Ltd.)-မဖြိုးဖြိုး၊ မခြူးသဇင်တို့၏ဖခင်၊ ဒေါ်အေးအေးမော်၏ ချစ်လှစွာသောခင်ပွန်းသည် ၂၈-၈-၂၀၁၈ရက် (အင်္ဂါနေ့)နံနက် ၉း၁၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၉-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ သဃ်္ဃန်းကျွန်းမြို့နယ် အခန်း ၁၀၄ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးငွေသိန်း
### (မြန်မာ့ရပ်ရှင်လုပ်ငန်း၊ ငြိမ်း)
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ လုပ်သားလမ်း၊ အမှတ် ၅၆၃နေ (ဦးပါအို-ဒေါ်အေးသိန်း)တို့၏သား၊ (ဦးအေးမောင်-ဒေါ်အေးကြည်)တို့၏သားသမက်၊ဒေါ်စောရီ၏ခင်ပွန်း၊ ဒေါ်တင်တင်လှ (ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန)၊ ဦးမြတ်စောအောင် - ဒေါ်ညွှန့်ညွှန့်ရီ၊ ဦးမြင့်သိန်း(e-Trade Myanmar Co., Ltd)-ဒေါ်ယုဇ၊ ဦးမျိုးသိန်း-ဒေါ်အိအိဖြူ၊ ဦးဝင်းသိန်း(AGD Bank)-ဒေါ်အိဇဇ(နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန)၊ ဒေါ်ပြုံးပြုံးအေးတို့၏ဖခင်၊ မြေး ငါးယောက်တို့၏အဘိုးသည် ၂၈-၈-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၁၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးဉာဏ်လင်း (Cedric)
### B.Sc. (Chemistry)
### Ex:R/O CDC 12210
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ် B(၁၈)၊ အဏ္ဏဝါလမ်းသွယ်(၁)၊ ညောင်တန်းအိမ်ရာနေ (ဦးခင်-ဒေါ်လှကျင်)တို့၏သား၊ ဦးမောင်မောင်မြင့်၊ဒေါ်မြတ်မြတ်လင်း၊ ဦးထွန်းထွန်း-ဒေါ်နွယ်နွယ်လင်း၊ ဦးသန်းဦး-ဒေါ်ခင်ခင်လင်း၊ ဦးဇော်ဦး - ဒေါ်သီတာလင်း(ပုသိမ်)၊ ဦးအောင်မျိုးဦး - ဒေါက်တာမြစပါယ်၊ ဒေါ်သန်းသန်းငွေ၊ ဦးဝင်းအောင်-ဒေါ်ဝင်းသီတာ၊ ဒေါ်စန္ဒာနွယ်ဝင်း(ဆန်းသိန်ပုံနှိပ်တိုက်)၊ ဦးစိုင်းမျိုးအောင်-ဒေါ်နီလာနွယ်ဝင်း၊ မနှင်းယုလင်း၊ မတင်ထားဝေ၊ ဒေါက်တာအောင်ကိုကိုတို့၏ ဦးလေး၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၂၅-၈-၂၀၁၈ရက် (စနေနေ့) ည ၈း၁၅ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၉-၈-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ရဟန်း၊သိမ်၊ကျောင်း၊ဒါယိကာမကြီး
## ဒေါ်ခင်စန်း
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၁၆)ရပ်ကွက်၊ အောင်ရတနာ ၁၂လမ်း၊ အမှတ် ၁၃၈နေ (ဦးသိန်းမောင်-ဒေါ်သိန်းညွှန့်)တို့၏သမီးချွေးမ၊ (ဦးကျော်စိန် - ဒေါ်အေးကျင်)တို့၏သမီး၊ ဦးခင်ဝင်း၏ချစ်လှစွာသောဇနီး၊ တပ်ကြပ်ကြီး(ယာဉ်ပြင်)ဝင်းနိုင်-ဒေါ်သင်းသင်းဦး၊ ဗိုလ်ကြီးစိုးနိုင်(ငြိမ်း)-ဒေါ်ခင်မြင့်ဦး၊မစန်းသီတာလွင်၊မဝေဝေနှင်း၊ မအေးစန္ဒာထွန်းတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည်၂၈-၈-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၉-၂၀၁၈ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ပုလောမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်မာစိန်(ပုလော/ကျောက္ကာ)
### အသင်းဝင်အမှတ်-၆၄၂၉
### အသက်(၅၀)

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ကျောက္ကာရွာ၊ (၃)ရပ်ကွက်နေ ဦးသန်းထွန်း၏ဇနီးသည် ၂၄-၈-၂၀၁၈ရက် (သောကြာနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှကျောက္ကာကျေးရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

သင့်သွေးဖြင့် အသက်ကယ်ပါ

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တကေသရ (နတ်မြစ်ဆရာတော်)
### သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၅၈)ဝါ

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ကျိုက္ကစံဘုရား အနောက်ရပ်ကွက်၊ ဇေယျာသဘကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တကေသရ မထေရ်မြတ်သည် ၂၆-၈-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၁နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၃၀-၈-၂၀၁၈ရက်(ကြာသပတေးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိရှာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များနှင့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

တပည့်ဒါယကာ၊ ဒါယိကာမများ

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ဥက္ကံမြို့ ဇေယျာသုခမ္မောရုံကျောင်းဆရာတော်
## ဘဒ္ဒန္တထေရဝံသ
### သက်တော်(၆၈)နှစ်၊ သိက္ခာတော်(၄၇)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ ဇေယျာသုခမ္မောရုံကျောင်း ပဓာနနာယက၊ မြို့နယ်သံဃနာယကအဖွဲ့(ရွှေကျင်)အကျိုးတော်ဆောင်၊ မိုးကုတ် နယ်လှည့်ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တထေရဝံသ အရှင်သူမြတ်သည်(၁၃၈၀ပြည့်နှစ်၊ ဝါခေါင်လပြည့်) ၂၆-၈-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၈း၄၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၀ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၈ရက်) ၃-၉-၂၀၁၈ရက်(တနင်္လာနေ့)တွင် အန္တိမအဂ္ဂိရှာပနသာဓုကီဠနပူဇာ ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ရှာပနကျင်းပရေးကော်မတီ
ဇေယျာသုခမ္မောရုံကျောင်း

---

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်ခင်မမ(ခ)နော်အက်စ်တာခင်
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၃)ရပ်ကွက်၊ အမှတ် ၁၅နေ (ဦးစောမောင်ခင်-ဒေါ်နော်မေစု)တို့၏သမီး၊ ဦးအောင်ဒင်(ဗိုလ်မှူးကြီး-ငြိမ်း)၏ဇနီး၊ စောမိုးကျော်အောင်-နန့်အေးမြဝင်း၊ (ဦးနေဝင်း)-နော်မိုးသူဇာအောင်၊ ဦးအောင်သူရ-မဇာနည်ဦး၊ ဦးကျော်မိုးလှိုင်-နော်မိုးသဇင်အောင်တို့၏မိခင်၊ မောင်ဝေယံမင်း၊ မသံစဉ်မိုး၊ မောင်ကောင်းသန့်၊ မောင်ကောင်းမြတ်ကျော်တို့၏အဘွားသည် ၂၈-၈-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၃း၅၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃၀-၈-၂၀၁၈ရက် ညနေ ၃နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံ ခရစ်ယာန်ဥယျာဉ်တော်ခန်းမ၌ ရှာပနဝတ်ပြုပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

### ဝမ်းနည်းကြေကွဲခြင်း
### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်ခင်မမ(ခ)နော်အက်စ်တာခင်
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၃)ရပ်ကွက်၊ အမှတ် ၁၅နေ ဦးအောင်ဒင်(ဗိုလ်မှူးကြီး-ငြိမ်း)၏ဇနီးသည် ၂၈-၈-၂၀၁၈ရက်(အင်္ဂါနေ့)ညနေ ၃း၅၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံကရာတေးအဖွဲ့ချုပ်**
**ဥက္ကဋ္ဌနှင့်အမှုဆောင်များ**

---

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒု-အရာခံဗိုလ်ခင်မောင်ကြည်(ငြိမ်း)
### (တပ်မတော်-လေ)၊ လူမှုထူးချွန်(ပထမဆင့်)
### အသက်(၇၄)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ကြွက်ကျွန်ကျေးရွာနေ (ဦးမောင်ကံ-ဒေါ်စောမြ)တို့၏သား၊ (ဒေါ်လှရွှေ)၊ ဦးစိုးမြင့်တို့၏မောင်/ညီ၊ ဒေါ်ခင်သန်းမြင့်၏အစ်ကို၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မိုးရိပ် ၁၀လမ်း၊ အမှတ် ၇၈နေ(ဦးစိုးဟန်-ဒေါ်အဲစလစ်ဖိုးကျော်)တို့၏သားသမက်၊ (ဒေါ်ပယ်ရီဟန်)တို့၏ချစ်လှစွာသောခင်ပွန်း၊ (ကိုသန့်ဇင်ဦး)၊ မမွန်မွန်မြတ်တို့၏ဖခင်သည် ၂၈-၈-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၃း၃၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၀-၈-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဦးထွန်း (နတ်မြစ်အသင်း)
### ကုန်သွယ်ရေး(ငြိမ်း)၊ စစ်တွေမြို့
### အသက်(၇၁)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ လမ်းမတော်တောင်ရပ်ကွက်၊ ထန်းပင်ရင်းနေ ဦးအောင်သိန်း-ဒေါ်ဘုမတို့၏သား၊ ဦးကျော်သန်း-ဒေါ်ငွေငွေ၊ ဦးစောလှဖြူ-ဒေါ်ရီရီ၊ ဦးစံအေး-ဒေါ်လှသူဇာ၊ ဦးလှမြင့်-ဒေါ်တင်တင်မော်၊ ဦးအေးလှ-ဒေါ်တင်အေး၊ ဒေါ်လှရီ-ဦးစောနိုင်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုဘုရားလမ်း၊ အမှတ် ၁၈ (ငါးလွှာ)နေ ဒေါ်ဇင်မော်သက်၏ခင်ပွန်းသည် ၂၈-၈-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၀၀း၁၀နာရီတွင် ဗဟိုရ်ရဲစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၈ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃-၉-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါ စမ်းချောင်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ကျောင်း ဒါယိကာမကြီး
## ဒေါက်တာဒေါ်အေးသောင်း
### (ပါမောက္ခ၊ ဘူမိဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သီလ ၉လမ်း၊ အမှတ် (၂၈၅/က)နေ (ဦးလွန်းမောင်-ဒေါ်ထွေးစိန်)တို့၏သမီး၊ ကိုဝင်းမြင့်အောင်-ဒေါ်အေးသန္တာခိုင်တို့၏အစ်မသည် ၂၈-၈-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၀၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၁၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၉-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာနိုင်ငံ MSME စီးပွားရေးလုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုစစ်တမ်း (၂၀၁၇)အစီရင်ခံစာနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည့် အခမ်းအနားသို့ တက်ရောက်အမှာစကားပြော

**နေပြည်တော် ဩဂုတ် ၂၈**

မြန်မာနိုင်ငံ MSME စီးပွားရေးလုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုစစ်တမ်း (၂၀၁၇) အစီရင်ခံစာနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည့် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက ယနေ့အခမ်းအနားသည် မြန်မာနိုင်ငံ MSME စီးပွားရေးလုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုစစ်တမ်း (၂၀၁၇) အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြသည့် အခမ်းအနားဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ဒိန်းမတ်နိုင်ငံအစိုးရတို့အကြား ဒိန်းမတ်-မြန်မာနိုင်ငံဆိုင်ရာ အစီအစဉ်(၂၀၁၆-၂၀၂၀) အကောင်အထည်ဖော်မှုဆိုင်ရာ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်အရ အကောင်အထည်ဖော်မည့် အစီအစဉ်များအထဲမှ

*စာမျက်နှာ ၁၁ ကော်လံ ၁* ▲




ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာနိုင်ငံ MSME စီးပွားရေးလုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုစစ်တမ်း(၂၀၁၇) အစီရင်ခံစာနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည့် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များ ဆက်လက်ယှဉ်ပြိုင်




အမျိုးသား လေးယောက်တွဲ အသင်းလိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာအသင်းနှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

**နေပြည်တော် ဩဂုတ် ၂၈**

အင်ဒိုနီးရှားနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို ဂျကာတာမြို့နှင့် ပလန်ဘန်းမြို့ရှိ အားကစားကွင်း၊ အားကစားရုံတို့၌ ကျင်းပလျက်ရှိရာ အာဆီယံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမင်းလွင်၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ ကြည့်ရှုကာ အားပေးစကားများ ပြောကြားသည်။

ရှေးဦးစွာ ဂျကာတာမြို့ရှိ ဘော်လီဘော အားကစားရုံ၌ ကျင်းပသည့် အမျိုးသား ဘော်လီဘောအဆင့်သတ်မှတ်ချက်ပြိုင်ပွဲအဖြစ် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက ထိုင်းအသင်းကို ရမှတ် (၂၄-၂၆)၊ (၃၅-၃၇)၊ (၂၅-၂၂)၊ (၁၅-၂၅) သုံးပွဲ၊ တစ်ပွဲဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် ဩဂုတ် ၃၀ ရက်တွင် *စာမျက်နှာ ၁၃ ကော်လံ ၁* ◆

## Myawady FC ဘောလုံးအသင်းနှင့် Thitsar Arman FC ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားပုံ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၂၈**

KBZ Bank Women's League 2017-2018 နောက်ဆုံးပွဲစဉ်(Week 14)၊ ပွဲစဉ်အမှတ် (၅၆) အဖြစ် Myawady FC ဘောလုံးအသင်းနှင့် Thitsar Arman FC ဘောလုံးအသင်းတို့သည် ဩဂုတ် ၂၉ ရက် မွန်းလွဲ ၃ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်း၌ ယှဉ်ပြိုင်ကစားသွားကြမည် ဖြစ်သည်။

အဆိုပါပွဲစဉ်အား ယင်းနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်မှ စတင်၍ မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်(Live) ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်တောင်းမြစ်ရေ တောင်ငူမြို့တွင် စိုးရိမ်ရေမှတ်ရောက်နိုင်

**နေပြည်တော် ဩဂုတ် ၂၈**

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## စစ်တောင်းနှင့် သံလွင်မြစ် ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၂၈**

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက် ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် လေးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ **မိုး/ဇလ**

JAMES COOK UNIVERSITY SINGAPORE
James Cook University Singapore ၏ "အဆင့်မြင့်ပညာရေးဆွေးနွေးပွဲ"

- စီးပွားရေးနှင့် နည်းပညာ ဘာသာရပ်များအား Ph.D. ဘွဲ့အထိ တိုက်ရိုက် တက်ရောက်သင်ကြားနိုင်မည့်အကြောင်း
- အထက်တန်းနှင့် IGCSE အောင်မြင်ပြီးသူများသည် Pre Uni Foundation မှတစ်ဆင့် ၂နှစ်အတွင်း ဘွဲ့ဒီဂရီရယူနိုင်မည့်အကြောင်း
- HND အောင်မြင်ပြီးသူများ ဘာသာရပ်အလိုက် ရရှိနိုင်မည့် ကင်းလွတ်ခွင့်များ အကြောင်း
- MBA နှင့် ပူးတွဲ Master များ ရယူနိုင်မည့် ဘာသာရပ်များ အကြောင်း
- စင်ကာပူ မှ ဩစတြေးလျ သို့ ကူးပြောင်းတက်ရောက်နိုင်မည့် နိုင်ငံပေါင်းကူးသင်ကြားမှု အစီအစဉ်အကြောင်း
- နည်းပညာဖန်တီးမှုလုပ်ငန်းများတွင် မူပိုင်ခွင့်ဆိုင်ရာ ဥပဒေ၏ အရေးပါပုံအကြောင်း

Free Education Seminar
Date : 1.9.2018 ( Saturday )
Time : 2 pm - 4 pm
Venue : Pinya Room, 3rd Floor (Sule Shangri-La Hotel)
/eduGlobalVillage

AT&S International Education Services
JCU Singapore တွင် နိုင်ငံတကာစီးပွားရေးဘာသာရပ်များကိုသင်ကြားပို့ချပေးနေသည့် Dr. WesleyKendall မှ " The Role Of IP Laws In Promoting Innovation In the Tech Sector " ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပေးမည်။
ရုံးချုပ် - အဆောင် (၅)၊ အခန်း (၄)၊ အမ်အိုင်စီတီပက်ခ်၊ လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်။ 01 652320, 09 799595949, 09 5062161

မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်
၂၀၁၈ ခုနှစ်၊ ဩဂုတ် ၂၉ ရက်၊ ဗုဒ္ဓဟူးနေ့



# ရန်ကုန်မြစ်ချောင်းကမ္ဘာ အမွေခံမရ

ထင်ပေါ်ဝင်း

**ရန်ကုန်လူမှုဘဝ၊ ဖြစ်ရပ်အထွေထွေကိုဖော်ပြပေးနေသော ရန်ကုန်စာမျက်နှာထက်တွင်ယခုသီတင်းပတ်၌ ရန်ကုန်တိုင်းဒေသကြီးအတွင်း စီးဆင်းနေသော မြစ်ချောင်းများ၏ ကမ်းပြိုကမ်းစားမှုများအကြောင်းကိုလေ့လာတင်ပြလိုပါသည်။ လူနေထူထပ်သော မြို့တော်၊ ပြောင်းလဲလာသောရာသီဥတု၊ ရှည်လျားသော မြစ်ချောင်းမိုင်အရှည်၊ တိုက်စားနေသောရေစီးကြောင်း အရှိန်ကြောင့် တစ်စထက်တစ်စ မြင့်တက်လာနေသော ကမ်းပြိုကမ်းစားဖြစ်မှုအကြောင်းတို့ကား မျက်နှာလွှဲနေရမည့် အမေ့ခံခေတ်ကာလ မဟုတ်တော့ပေ။**

ထို့ကြောင့်ပင် ယခုသီတင်းပတ်၌ ရန်ကုန်တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်ကျော်မိုးအား ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖြစ်ပွားနေသော ကမ်းပြိုကမ်းစားမှုများအကြောင်း တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည်။

“ရန်ကုန်မှာရှိတဲ့ မြစ်ကြီးတွေ၊ ချောင်းအကြီးစားတွေဟာ ပမာဏအရဆိုရင် မိုင်ပေါင်း ၄၀၀ ကျော်ရှိမယ်။ ချောင်းအသေးတွေ မပါသေးဘူး။ ချောင်းအသေးတွေပါ ပေါင်းမယ်ဆိုရင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာကိုက မိုင်ပေါင်းထောင်ချီပြီးရှိသွားမှာပါ။ ကမ်းပြိုတဲ့ကိစ္စပေါ်ပေါက်လာပြီဆိုရင် ကျွန်တော်တို့မှာ ချောင်းရယ်၊ မြစ်ရယ် ခွဲခြားနေလို့ မရပါဘူး။ ပြည်သူတွေရဲ့လိုအပ်ချက်အရ၊ သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်တွေရဲ့ တင်ပြလာချက်အရ သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွေရဲ့ တင်ပြချက်တွေအရ ကျွန်တော်တို့ကိုယ်တိုင် ကွင်းဆင်းရင်းနဲ့ တွေ့ရှိချက်တွေအရ ဒါတွေအားလုံးကို ဆောင်ရွက်ပေးရတာ ဖြစ်ပါတယ်။

“ကမ်းပြိုတာက မြစ်တိုင်းချောင်းတိုင်းလိုလိုမှာလာပြီး ဖြစ်နေတာ။ တကယ်တမ်းဖြစ်နေခဲ့တာတော့ ကြာပါပြီ။ ထိရောက်တဲ့ထိန်းကျောင်းမှုတွေ ပြည့်ပြည့်ဝဝမဆောင်ရွက်ပေးနိုင်တဲ့အတွက်ကြောင့်ရယ်၊ သဘာဝရဲ့ဖြစ်စဉ်တွေပြောင်းလဲလာမှုအရကမ်းပြိုကမ်းစားဖြစ်ဖို့ တွန်းအားပေးတဲ့အချက်အလက်တွေ နောက်ပိုင်းမှာတဖြည်းဖြည်းနဲ့ စိပ်လာပါတယ်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရဲ့အတည်ပြုချက်အရ ၁၉၈၀ နောက်ပိုင်း ရာသီဥတုပြောင်းလဲမှုက မြန်မာနိုင်ငံမှာ သိသာလာပါတယ်။ ကမ္ဘာနဲ့အဝန်းလည်း ရာသီဥတုနဲ့ သက်ဆိုင်တဲ့ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်မှုမှာလည်း မြန်မာနိုင်ငံက တစ်ကနေ တစ်ဆယ်အတွင်းမှာ ရှိနေတယ်။ ပြောရမယ်ဆိုရင် ရေကြီးရေလျှံမှုတွေရော၊ ကမ်းပြိုကမ်းစားဖြစ်တဲ့ကိစ္စတွေရော ရေနဲ့ ဆက်စပ်တဲ့ဘေးဥပဒ်တွေဟာတဖြည်းဖြည်းနဲ့ များများလာတယ်။ အလားအလာအရလည်းထပ်ပြီးတော့ ဖြစ်နိုင်ခြေတွေ ရှိနေပါသေးတယ်။

“ကမ်းပြိုတဲ့ကိစ္စကမိုးရေချိန်တွေများလာတယ်။ မုတ်သုံမမှန်တဲ့အတွက်ကြောင့် မိုးတွင်းကာလကအချိန်တိုသွားတယ်။ ဒါပေမယ့် တစ်နှစ်လုံးရွာချလာတဲ့ မိုးရေချိန်ကို ပြန်ပေါင်းလိုက်တဲ့အခါကျတော့ အရင်ကထက် များနေတယ်။အချိန်တိုအတွင်းမှာရေများများပါသလို မြစ်ထဲကိုကျလာတဲ့ရေတွေကို တောက်လျှောက်ဆွဲချပေးရတာဖြစ်တဲ့အတွက် ရေကိုအချိန်တိုကာလတိုအတွင်းမှာ ပင်လယ်ဆီမချပေးနိုင်တာဖြစ်တဲ့အတွက် ရေအင့်ပြီးတော့ ရေကြီးရေလျှံတွေဖြစ်တယ်။ တစ်ဖက်ကလည်း သူ့ပုံမှန်လက်ခံစီးဆင်းပေးနိုင်တဲ့ အရှိန်ထက်များလာတဲ့အတွက်ကြောင့် ဘေးလည်းစားတယ်၊ ရေအောက်ကြမ်းပြင်လည်းစားတယ်။ ကမ်းပြိုကမ်းစားဖြစ်ပေါ်နေရတဲ့အကြောင်းရင်းက တဖြည်းဖြည်းနဲ့ ပိုပြီးစိပ်လာတယ်။ ဘာကြောင့်လဲဆိုရင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်က ကမ္ဘာနဲ့အဝန်းဖြစ်လာတဲ့အတွက်

> **ကမ်းပြိုတာက မြစ်တိုင်း ချောင်းတိုင်းလိုလိုမှာလာပြီး ဖြစ်နေတာ။ တကယ်တမ်းဖြစ်နေခဲ့တာတော့ ကြာပါပြီ။ ထိရောက်တဲ့ထိန်းကျောင်းမှုတွေ ပြည့်ပြည့်ဝဝမဆောင်ရွက်ပေးနိုင်တဲ့အတွက်ကြောင့်ရယ် သဘာဝရဲ့ဖြစ်စဉ်တွေပြောင်းလဲလာမှုအရ ကမ်းပြိုကမ်းစားဖြစ်ဖို့ တွန်းအားပေးတဲ့ အချက်အလက်တွေ နောက်ပိုင်းမှာတဖြည်းဖြည်းနဲ့ စိပ်လာပါတယ်**

မြစ်တွေချောင်းတွေကို ယဉ်ပါးအောင် သူ့သဘာဝအတိုင်း ထိန်းသိမ်းနိုင်တဲ့ အနေအထားအထိ မရောက်သေးလို့ ဒီဒဏ်ကတော့ရှိနေဦးမှာပါ။ ကျွန်တော်တို့ တတ်နိုင်တဲ့ လက်လှမ်းမီတဲ့အပိုင်းကနေ ဆက်လက်ပြီးဆောင်ရွက်သွားဖို့တော့ လိုပါတယ်။

“တွံ့တေးတူးမြောင်းကို ဦးစားပေးပြီး ပြုပြင်နေတယ်။ ကနဦးက ၂၅ ပေပဲရှိတယ်။ ၁၉၃၀ ပြည့်နှစ်လောက်ကျတော့ ပေ ၃၀၀ လောက်အထိဖောက်ဖို့ ရည်စူးလိုက်တာပေါ့။ ဒါပေမယ့် ခုမြင်တဲ့အတိုင်းပဲအချို့နေရာတွေဆို ပေထောင်ဂဏန်းလောက်အထိ ဖြစ်နေတယ်။ တချို့နေရာတွေဆိုရင် ပေ ၈၀၀- ၉၀၀ လောက်အထိ ဖြစ်နေတယ်။ ပြောရမယ်ဆိုရင် နှစ်ဆခွဲ သုံးဆလောက် ဖြစ်နေတာ။ သူ့သဘာဝအတိုင်းကိုကတိုက်စားပြီး ပေါ်ပေါက်လာတာ။ တိုက်စားမှုနှုန်း အလွန်မြင့်တယ်။ အဲဒါကြောင့် တွံ့တေးမြို့ဟာ ထိခိုက်မှုအများဆုံးမြို့ ဖြစ်ပါတယ်။ ပြီးတော့ တွံ့တေးတူးမြောင်းက ရန်ကုန်မြစ်နဲ့ တိုးမြစ်ကို ဆက်ပေးထားတာဖြစ်တဲ့အတွက် တိုးမြစ်ကပင်လယ်ဘက်ကို ရေဝင်တဲ့အခါမှာ နှစ်ပေါက်က နေဝင်တယ်။

အချပ်ပို (ဃ) သို့



# ရန်ကုန်မြို့လယ်စည်ပင်ဖွံ့ဖြိုးရေးမှသည် ပြည်သူများအပန်းဖြေရေးဆီသို့ . . .

**သော်တာနမ့်စန်**

ရန်ကုန်မိုးသည် နံနက်ပိုင်းကပင် စွေလိုက်ဖွဲလိုက်ဖြင့် မိုးရာသီ၏ သရုပ်ကိုပြသလျက်ရှိသည်။ ရန်ကုန်မြို့၏ကျက်သရေဆောင် မြို့တော်ခန်းမဝန်းကျင်၊ ဗန္ဓုလပန်းခြံတွင်းနှင့်တစ်ဝိုက်တွင် ပြည်သူများ စည်စည်ကားကား သွားလာကြလျက်ရှိသည်။ ဆူးလေစေတီတော်တစ်ဝိုက်နှင့် ဆူးလေခုံးကျော်တံတားကြီးပေါ်တွင် မြို့ပြနေပြည်သူတို့ လှုပ်လှုပ်ရှားရှားဖြင့် ရန်ကုန်မိုးဖွဲဖွဲအောက်တွင် ထီးကိုယ်စီဖြင့် သွားလာနေကြသည့်နည်းတူ ယာဉ်များမှာလည်း တရွေ့ရွေ့ဖြင့် ယနေ့ရန်ကုန်မြို့ပြပုံရိပ်ကို ပြသလျက်ရှိသည်။




ဆူးလေ လူကူးခုံးကျော်တံတားပေါ်တွင် လူငယ်အချို့ ထီးကိုယ်စီဖြင့် ဆူးလေစေတီနှင့်မိုးမျှော် ဟိုတည်ကြီးများကို နောက်ခံပြုလျက် စုပေါင်းမှတ်တမ်းဓာတ်ပုံများ ရိုက်နေကြသည့်နည်းတူတံတားအောက်ဘက်တွင် တရွေ့ရွေ့သွားလာနေသော ယာဉ်တန်းကြီးကို နောက်ခံပြုကာ ဥရောပနိုင်ငံတစ်ခုကိုရောက်ရှိနေသည့်ပမာ တစ်ဦးနှင့်တစ်ဦး ဓာတ်ပုံအလှ ရိုက်နေကြသည်မှာ ဘဝအပူကင်းလျက် တစ်ဦးနှင့်တစ်ဦး နောက်ပြောင်ကျီစယ်ပြုံးပျော်နေသော လူငယ်တို့ကိုလည်း တွေ့ရသည်။ အထူးသဖြင့် ရန်ကုန်မြို့ပြ၏အလှကို လူငယ်များချစ်မြတ်နိုးကာ အသိအမှတ်ပြုလာခြင်းပင်ဖြစ်သည်။ ထိုဆူးလေ လူကူးခုံးကျော်တံတားနေရာသည် အများပြည်သူ ဖြတ်သန်းသွားလာမှုများသောနေရာဖြစ်ပြီး နိုင်ငံခြားသားများလည်း အများဆုံးဖြတ်သန်းသွားလာရာ နေရာလည်း ဖြစ်သည်။ ယာဉ်သွားလာမှုများသော နေရာဖြစ်သောကြောင့် ရန်ကုန်မြို့အတွင်း အများပြည်သူ

**အချပ်ပို (ဃ) သို့**

# ရန်ကုန်မြို့ပြ ဖွံ့ဖြိုးမှု ထပ်ဆင့်ဖော်ကျူးဦးမည့် ကျိုက္ကဆံကွင်းစီမံကိန်း

**ရန်ကုန် မြို့ပြရဲ့ တိုးတက်ဖွံ့ဖြိုးမှုတွေကို မြို့ရေိယာအနှံ့မှာ ပုံစံဒီဇိုင်းမျိုးစုံနဲ့ တွေ့မြင်နေရသလို တည်ဆောက်ဆဲအဆောက်အအုံ စီမံကိန်းတွေလည်း အများအပြားရှိပါတယ်။ အချို့ကအပြီး သတ်အနေအထားရောက်ရှိနေပြီး အချို့စီမံကိန်းတွေ အကောင်အထည်ဖော်နေဆဲ အခြေအနေဖြစ်သလို အချို့အဆောက်အအုံတွေက ရုပ်လုံးပေါ်နေပြီ ဖြစ်ပါတယ်။ မကြာခင်မှာ ရန်ကုန်မြို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်သစ်အဖြစ် ကျိုက္ကဆံကွင်း ဧရိယာမှာ ထွက်ပေါ်လာဖို့ ရှိနေပြီဖြစ်ပါတယ်။**

### မြန်မာ- ဂျပန်ပူးပေါင်းပြီးစီမံကိန်းသုံးခုဆောင်ရွက်မည်

တစ်ချိန်က မြင်းစီးပြိုင်ပွဲတွေ ကျင်းပခဲ့သလို ပြည်ထောင်စုနေ့ပွဲတော်တွေလည်း ကျင်းပခဲ့တဲ့ ရန်ကုန်မြို့တာမွေမြို့နယ်မှာရှိတဲ့ ကျိုက္ကဆံအားကစားကွင်းကို မြန်မာ-ဂျပန်ပူးပေါင်းပြီး စီမံကိန်းသုံးခု အကောင်အထည်ဖော်သွားဖို့ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ အဲဒီစီမံကိန်းတွေက ဗိုလ်ချုပ်အောင်ဆန်းအမျိုးသား စိမ်းလန်းဥယျာဉ်စီမံကိန်း၊ အဆင့်မြင့် အားကစားကွင်းတည်ဆောက်ရေးစီမံကိန်းနဲ့ ကွန်ဒိုတိုက်ခန်း၊ တန်ဖိုးနည်းအိမ်ရာဆောက်လုပ်ရေးစီမံကိန်းတွေပဲ ဖြစ်ပါတယ်။

အဲဒီစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ဂျပန်နိုင်ငံကို သွားရောက်ခဲ့တဲ့ ခရီးစဉ်အတွင်းမှာ မြန်မာ-ဂျပန်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ဖို့အတွက် သဘောတူညီခဲ့တာ ဖြစ်ပါတယ်။ ကျိုက္ကဆံကွင်းနေရာဟာ ရန်ကုန်မြို့ရဲ့ အချက်အချာကျနေရာဖြစ်ပြီး သွားလာရေးအဆင်ပြေတဲ့နေရာလည်း ဖြစ်ပါတယ်။

ကျိုက္ကဆံကွင်း ဧရိယာအကျယ်အဝန်းစုစုပေါင်း ဧက ၁၅၀ ခန့်ရှိပြီး လောလောဆယ်မှာ အားကစားနဲ့ ကာယပညာသိပ္ပံက အားကစားသမားတွေရဲ့ လေ့ကျင့်ဆောင်တွေ၊ အားကစားသမားတွေ လေ့ကျင့်ရာ နေရာအဖြစ်၊ အများပြည်သူကျန်းမာရေးလေ့ကျင့်ခန်းလုပ်တဲ့နေရာအဖြစ်လည်း အသုံးပြုနေတာ ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်သူတွေအတွက် သွားလာရေးအဆင်ပြေတာမို့ ပြည်သူ့အကျိုးပြုလှုပ်ရှားမှုတွေ၊ တွေ့ဆုံမှုတွေလည်း ပြုလုပ်တဲ့နေရာ ဖြစ်ပါတယ်။

ဒါပေမယ့် ပိုမိုကောင်းမွန်ပြီး ဝန်ဆောင်မှုတွေ ပိုမိုပေးနိုင်တဲ့အပြင် နိုင်ငံတကာအဆင့်မီဖွံ့ဖြိုးမှု စီမံကိန်းကို ဂျပန်နိုင်ငံက အကျိုးအမြတ်ရယူခြင်းမရှိဘဲ ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံမှုနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ဖို့ ဆွေးနွေးနေကြတာဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်ကတည်းက ဖြစ်တယ်လို့လည်း ဆိုပါတယ်။

### တန်ဖိုးနည်းအိမ်ရာ၊ ပန်းခြံနဲ့ ရှော့ပင်းမောတွေပါဝင်

ကျိုက္ကဆံကွင်းနေရာမှာ အပိုင်းသုံးပိုင်းခွဲပြီး ဆောင်ရွက်ဖို့ ဆွေးနွေးတဲ့အခါ ယခင်အတိုင်း အားကစားလှုပ်ရှားမှုများ ပြုလုပ်လို့ရမယ့် ဧရိယာ၊ ပြည်သူတွေအတွက် Public area နဲ့ ဂျပန်က တည်ဆောက်မယ့်အဆောက်အအုံဧရိယာစတဲ့ အပိုင်းသုံးပိုင်းပါဝင်မှာ ဖြစ်ပါတယ်။ ဂျပန်က ဆောက်လုပ်မယ့် အဆောက်အုံအပိုင်းမှာတော့ တန်ဖိုးနည်းအိမ်ရာတွေ၊ ပန်းခြံနဲ့ ရှော့ပင်းမောတွေ ပါဝင်မှာဖြစ်တယ်လို့ ဆိုပါတယ်။

ဒီစီမံကိန်းနဲ့ ပတ်သက်ပြီး နိုင်ငံတော်စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ ( NECC) က တာဝန်ရှိသူတွေနဲ့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာန တာဝန်ရှိသူတွေဟာ ဩဂုတ် ၁၉ ရက်က ကျိုက္ကဆံအားကစားနှင့် ကာယပညာသိပ္ပံမှာ ရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့ပါသေးတယ်။ ကျိုက္ကဆံကွင်းထဲမှာ နေထိုင်သူတွေနဲ့ တွေ့ဆုံပြီး စီမံကိန်းနဲ့ ပတ်သက်လို့ ရွှေ့ပြောင်းရမယ့်အနေအထားကိုလည်း ရှင်းပြခဲ့တာဖြစ်ပါတယ်။

ဒီစီမံကိန်းကိုဆောင်ရွက်တဲ့အခါ စီးပွားရေးဆိုင်ရာ အဆောက်အအုံများနဲ့ပတ်သက်ပြီး မြေအသုံးချမှုအတွက် ငွေကြေးရရှိမှာ ဖြစ်သလို အဲဒီငွေများနဲ့ပတ်သက်လို့လည်း ညှိနှိုင်းမှုတွေပြုလုပ်ထားတယ်လို့ သိရပါတယ်။ ဒါ့အပြင် စီမံကိန်းပြီးရင်လည်း စီးပွားရေးဆိုင်ရာ အဆောက်အအုံတွေနဲ့ပတ်သက်လို့ ငှားရမ်းခကိုလည်း နိုင်ငံတော်က ရရှိမှာဖြစ်တယ်လို့ ဆိုပါတယ်။

ရန်ကုန်မြို့ပြရဲ့ဖွံ့ဖြိုးတိုးတက်ပုံရိပ်သစ်တွေဟာ ရန်ကုန်မြို့နေရာအနှံ့မှာ တွေ့မြင်နေရသလို စီမံကိန်းအသစ်တွေလည်း ထွက်ပေါ်ဖို့ရှိနေတဲ့အခြေအနေမှာ အခုလို ကျိုက္ကဆံကွင်းနေရာမှာ ဂျပန်ရဲ့ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံမှုနဲ့ထွက်ပေါ်လာမယ့် စီမံကိန်းဟာ အလုပ်အကိုင်အခွင့်အလမ်းတွေရော ဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ ဖြည့်ဆည်းပေးဦးမှာဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေကိုကြည့်ရင် အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်တွေထက် ပိုမိုများပြားနေတာတွေ့ရမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီအနေနဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ရဲ့ ဖေဖော်ဝါရီအထိ ခွင့်ပြုခဲ့တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဟာ ၃၆ ခုရှိခဲ့သလို မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းခြောက်ခုအပါအဝင် စုစုပေါင်း ၄၂ ခုကို ခွင့်ပြုပေးခဲ့တယ်လို့ ဆိုပါတယ်။

အဲဒီစီမံကိန်းရင်းနှီးမြှုပ်နှံမှုတွေရဲ့ငွေကြေးဟာ အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၈၄၄ သန်းနဲ့ ငွေကျပ်သန်း ၁၃၇၄၃ကျော်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ အလုပ်အကိုင်အခွင့်အလမ်းအဖြစ် ၁၈၅၇၅ ဦးတို့အတွက် အလုပ်အကိုင်တွေရရှိစေခဲ့တယ်လို့ ဩဂုတ် ၂၄ ရက်က ကျင်းပတဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဒုတိယတစ်နှစ်တာ ဆောင်ရွက်မှုသတင်းစာရှင်းလင်းပွဲမှာ တာဝန်ရှိသူတွေက ပြောကြားထားပါတယ်။

### စီမံကိန်းအသစ်တွေအကောင်အထည်ဖော်ဖို့ရှိ

ဒါ့အပြင် တစ်နိုင်ငံလုံးအနေနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဖေဖော်ဝါရီ)အထိ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံပမာဏအလိုက်ခွင့်ပြုပေးခဲ့တာကိုကြည့်ရင် တစ်နိုင်ငံလုံးလုပ်ငန်းအရေအတွက် ၁၃၃ ဒသမ ၃ ရှိတဲ့အနက် ရန်ကုန်မှာပဲ လုပ်ငန်းအရေအတွက် ၆၂ ဒသမ ၃ အထိရှိနေတာဖြစ်ပါတယ်။ ဒါကိုကြည့်ရင် ရန်ကုန်မြို့ဟာ စီးပွားရေးမြို့တော်တစ်ခုအဖြစ် ပိုမိုဖွံ့ဖြိုးလာဖို့ရှိနေသလို စီမံကိန်းအသစ်တွေလည်း အကောင်အထည်ဖော်ဖို့ရှိနေပါတယ်။

အဲဒီလို အနာဂတ်စီမံကိန်းတွေထဲမှာ ကျိုက္ကဆံကွင်းဧရိယာမှာ ဆောင်ရွက်မယ့် စီမံကိန်းကတော့ ရန်ကုန်မြို့ရဲ့ဖွံ့ဖြိုးမှုပုံရိပ်တွေထဲကမှ ဂျပန်က တာဝန်ယူဖော်ဆောင်မယ့် ပုံရိပ်သစ်တစ်ခုအဖြစ် ထွက်ပေါ်လာဦးမှာ ဖြစ်ပါတယ်။ ။ **ဝေယံဦး**



ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ ကျိုက္ကဆံအားကစားကွင်း၌ ဘောလုံးလေ့ကျင့်ကစားနေသော ကစားသမားများကို တွေ့ရစဉ်။

# ရန်ကုန်ဘူတာကြီးမှ မြန်မာ့အနုပညာလက်ရာများ ဆက်လက်ထိန်းသိမ်းစေချင်

တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-ဘော်ဂါသွေး

ရန်ကုန်မြို့၏ မြို့ပြအမွေအနှစ်စာရင်းဝင် ပထမရန်ကုန်ဘူတာကြီးကို ၁၈၇၇ ခုနှစ်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

သို့သော် ယနေ့တွေ့မြင်နေရသော မြန်မာမှုလက်ရာပြာသာဒ်များဖြင့် ပြန်လည်ပြုပြင်တည်ဆောက်ခြင်းကို မြန်မာမှုပညာရှင် ဆရာကြီး ဦးလှသွင်က ဒီဇိုင်းထုတ်ရေးဆွဲခဲ့ပြီး မြန်မာအင်ဂျင်နီယာ ဆရာကြီး ဦးတင်က ပြန်လည်တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ တည်ဆောက်ချိန်လေးနှစ်ကျော်ကြာမြင့်ခဲ့သည်ဟု ဆိုသည်။ ၁၉၅၄ ခုနှစ် ဇွန် ၅ ရက်တွင်ဖွင့်လှစ်ခဲ့သည်ဟု သိရသည်။ ယနေ့ဆိုပါက စတင်တည်ဆောက်ခဲ့သည့်ခုနှစ်မှ တွက်ချင့်သော်နှစ်ပေါင်း ၁၄၀ ကျော်ခဲ့ပြီဟု ဆိုရမည်ဖြစ်သည်။

**နိုင်ငံတကာအဆင့်မီဘူတာကြီးဖြစ်ရေး**

ရန်ကုန်ဘူတာကြီးဧရိယာအတွင်း ဘက်စုံစီမံကိန်းကြီးစတင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများက ယနေ့စီစဉ်နေပြီဖြစ်သည်။ ရန်ကုန်မြို့ကြီး ခေတ်မီဖွံ့ဖြိုးလုပစေရေးတွင် နိုင်ငံတကာအဆင့်မီ ဘူတာကြီးဖြစ်စေရေးမှာလည်း စီမံကိန်းတွင် ပါဝင်သည်။

အကျယ်အဝန်း ၆၃ ဒသမ ၅ ဧက မြေတွင် မြန်မာ၊ တရုတ်၊ စင်ကာပူ စသည့်နိုင်ငံကုမ္ပဏီများက လာရောက်ရင်းနှီးမြှုပ်နှံဆောက်လုပ်သွားကြမည်ဖြစ်သည်။ ဟိုတယ်များ၊ အထပ်မြင့်အိမ်ရာများ၊ ဈေးဝယ်စင်တာကြီးများအပြင် သစ်လွင်လှပခေတ်မီသော ဘူတာကြီးလည်း ပါဝင်မည်ဟုသိရသည်။

တည်ဆောက်ပြီးပါက မြန်မာမှုလက်ရာနှင့် ခေတ်မီဆန်းသစ်သောလက်ရာနှစ်ခုကို တူယှဉ်ကာအမြင်ဆန်းပြားစွာတွေ့မြင်ရမည်ဟု မျှော်မှန်းမိသည်။

အဓိကပြောလိုသည်မှာ နောက်ပေါ်ထွက်လာမည့် လှပမှု၊ ဆန်းသစ်မှု၊ ခေတ်မီမှုများသည် မည်မျှပင်သာလွန်နေပါစေ၊ မြန်မာမှုလက်ရာအမွေအနှစ်များဖြင့် တည်ရှိနေသော ဘူတာကြီးကို မည်သည့်အချိန်ကြည့်ကြည့် "ရိုးသွားသည်"၊ "အကြည့်မခံ" ဟု မဖြစ်ရလေအောင် တာဝန်ရှိသူများက ထိန်းသိမ်းစောင့်ရှောက်ရန် အထူးလိုအပ်လာတော့မည်ဖြစ်ပေသည်။

ပြီးခဲ့သော အပတ်က ဘူတာကြီးရှေ့အောင်ဆန်းကွင်းကားဂိတ်တွင် ပါဆယ်ပစ္စည်းမရောက်သေးသည့်အတွက် အချိန်အတော်ကြာကြာ ထိုင်စောင့်ခဲ့ရသည်။ မိမိမျက်စိရှေ့ဝယ် ရန်ကုန်ဘူတာကြီး၏ အဆောက်အအုံကြီးကို ခံ့ညားထည်ဝါစွာ တွေ့မြင်နေရသည်။

**မြန်မာတို့၏ ယဉ်ကျေးမှုလက်ရာ**

မြန်မာဒီဇိုင်းပညာရှင်နှင့် မြန်မာအင်ဂျင်နီယာနှစ်ဦးတို့ ပူးပေါင်းတည်ဆောက်ခဲ့သော ရန်ကုန်ဘူတာကြီးမှာ ယနေ့တိုင် တောင့်တင်းခိုင်မာစွာ၊ ခံ့ထည်စွာ၊ ကျက်သရေရှိစွာဖြင့် တည်ရှိနေတုန်းပင်ဖြစ်သည်။ အဆောင်မုခ်ဦးများကို အင်္ဂတေပန်း(ပန်းတော့ပညာ)ဖြင့် အနုစိတ်ပြုလုပ်ထားသည်မှာ မြန်မာတို့၏ယဉ်ကျေးမှုအနုလက်ရာအဆင့်အတန်းမြင့်မားမှုကို ထင်လင်းစေခဲ့သော ပြယုဂ်ဖြစ်သည်။

ဘုံခုနစ်ဆင့်ရှိပြီး ရွှေရေးဆေးဖြင့် ခြယ်မှုန်းထားမှုမှာ နေခြည်တွင် ရွှေရည်ဝင်းလျက် တစ်ခေတ်တစ်ခါက မြန်မာတို့၏ ထီးနန်းစုလစ်မွမ်းချွန်များကို ပြန်ပြောင်းမြင်ယောင်စေခဲ့သည်။

ဘူတာကြီးရှေ့မှ ဖြတ်သွားဖြတ်လာ နိုင်ငံခြားသားများကို ဖမ်းစားနိုင်ခဲ့ပြီး မြန်မာတို့၏ယဉ်ကျေးမှုအဆင့်ကို အသိအမှတ်ပြုစေခဲ့သည်မှာ အမှန်ပင်ဖြစ်ပေသည်။

မြန်မာတို့၏ ယဉ်ကျေးမှုအနုလက်ရာကို ဖော်ညွှန်းသော ရန်ကုန်ဘူတာကြီးတည်ဆောက်ပြီးနောက် ၁၉၈၉ ခုနှစ်တွင် ဘူတာကြီးရှေ့မျက်နှာစာ ပန်းခြံငယ်အတွင်း၌ လုလင်ပျိုတစ်ဦးက လုံမငယ်တစ်ဦးကို ဖလားဖြင့် ရေလောင်းနေဟန်လူတစ်ရပ်မက မြင့်သောကြေးရုပ်တုကို သွန်းလုပ်တည်ထားခဲ့သည်။ မြန်မာတို့၏ ၁၂ လရာသီပွဲတော်မှ တန်ခူးလသင်္ကြန်၏ ပုံရိပ်တစ်ခုဖြစ်သည်။



ရှေးခေတ်မြန်မာမှုလက်ရာများဖြင့် ခံ့ညားထည်ဝါစွာ တည်ရှိနေသည့် ရန်ကုန်ဘူတာကြီး

အနုပညာလက်ရာက အဆင့်မြင့်သည်နှင့်အမျှ ကြည့်နေသူအား ညို့ယူအားက ကောင်းခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ထိုင်နေရာမှထကာ တစ်ဖက်လမ်းကိုကျော်၍ ရုပ်တုရှိရာသို့ ရောက်ခဲ့ရသည်။

**သွန်းလုပ်သူ၏ ပညာဉာဏ်စိတ်ကူး**

တစ်ခါတစ်ရံ ကားပေါ်မှသာ ဖြတ်သွားဖြတ်လာသွားခဲ့ခြင်းဖြစ်၍ အနုစိတ်မမြင်မိသော်လည်း ယနေ့အနားရောက်သည့်အခါ မြင်တွေ့ရသော လက်ရာကား သွန်းလုပ်သူဆရာ၏ ပညာဉာဏ်၊ စိတ်ကူးစိတ်သန်းကို အသေးစိတ်မြင်တွေ့ခဲ့ရသည်။ ရုပ်တု၏ အချိုးအစားနှင့် ဟန်မှာ ကြည့်ရင်းကြည့်ရင်းကပင် အသက်ဝင်လာသယောင်၊ လှုပ်ရှားလာသယောင် စိတ်မှာထင်လာမိခဲ့သည်။

လုံမငယ်၏ ကိုယ်ဟန်နွဲ့နွဲ့ဖြင့် ရေလောင်းခံနေပုံမှာ မြင်တွေ့ရသူ ပုရိသတို့၏ နှလုံးသားကို ဆွဲကိုင်လှုပ်နိုင်သောအသွင်ကို အထင်းသား ပေါ်လွင်စေခဲ့သည်။ ရင်ကိုချီ၊ ခါးကိုနွဲ့၊ တင်ကိုပစ်၍ ရေစိုအဝတ်တို့က ကိုယ်တွင်ကပ်လျက် တစ်သားတည်းဖြစ်နေပုံကို သွန်းထုထားသည်မှာ လက်ရာကောင်းတစ်ခုဖြစ်ခဲ့သည်။

တစ်ဖန် ဖလားဖြင့်ရေလောင်းနေသော လုလင်ပျို၏ လက်ကိုမြှောက်၍ ခြေထောက်တစ်ဖက်ကို နောက်ကိုဆုတ်ကာ အားယူရေလောင်းနေဟန်မှာလည်း သွန်းထုသူပန်းပုဆရာ၏ အယူအဆနှင့် ပညာကို ဖော်ညွှန်းနေပေသည်။

ထို့ထက် လုလင်ငယ်၊ လုံမငယ်နှစ်ဦး၏ရေစိုနေသော အင်္ကျီ၊ လုံချည်၊ အတွန့်အလိပ်တို့က အနုစိတ်ဆန်လွန်းလှသည်။ ကြည့်ရင်းကြည့်ရင်းမှပင် ကြေးသွန်းပညာရှင်ကို သိချင်လာခဲ့သည်။

ရုပ်တုအောက်ခြေ ကျောက်ဆောင်တစ်နေရာတွင် မှတ်တမ်းတင်ကြေးပြားတစ်ချပ်ကို တွေ့ရသည်။ ဆေးများကပျက်သည့်နေရာပျက်နေသည်။ မပီဝိုးတဝါးစာလုံးများကို အားယူ၍ အကြိမ်ကြိမ်အခါခါဖတ်ရှုရသည်။ အချို့စာလုံးများကို ဆက်စပ်ဖတ်ယူရသည်။ "ကြေးသွန်းပညာရှင် ပန်းပုဆရာကြီး ဦးဟန်တင်၊ စတင်ထုလုပ်သည့်နေ့စွဲ ၁-၉-၈၉၊ ရုပ်တုပြီးသည့်နေ့ ၄-၃-၉၀ ဟု ရေးထိုးထားမှုကို အားစိုက်ကြည့်၍ မြင်တွေ့ခဲ့ရသော်လည်း ကြေးပိသာချိန်ဖော်ပြထားမှုမှာ လုံးဝဖတ်ရှု၍မရခဲ့ပေ။

ရုပ်တုအောက်ကျောက်ဆောင်အခြေတွင် ရေများတည်ရှိနေစေရန်အတွက် အုတ်ပေါင်အမြင့်ဖြင့် ကာရံထားပြီး အုတ်ပေါင်အပေါ်ပတ်လည်တွင် သံဆန်ခါများကို တပ်ဆင်ကာရံထားသည်။ ကန်အတွင်း ရေပန်းများအတွက် ပိုက်လုံးများကို ချိတ်ဆက်ထားသည်။

**တန်ဖိုးရှိပစ္စည်း တန်ဖိုးမသိစွန့်ပစ်ခံရ**

သို့သော် ကန်ပတ်ဝန်းကျင်ဥယျာဉ်အတွင်း ရှည်လျားသောမြက်များနှင့်အတူ ကန်ကိုကာရံထားသော သံဆန်ခါများ၏ ယိုယွင်းပျက်စီးလာမှု၊ ကန်အတွင်းဆက်သွယ်ထားသော ရေပိုက်များ သံချေးတက်လာမှုတို့က အလွန်တရာတန်ဖိုးရှိသော ပစ္စည်းတစ်ခုကို တန်ဖိုးမသိဘဲ အမှိုက်ပုံတွင် အလွယ်တကူစွန့်ပစ်ထားခံရသော အခြေအနေတစ်ရပ်အဖြစ် မြင်တွေ့ခဲ့ရသည်မှာ လွန်စွာနှမြောမိခဲ့သည်။

ဆိုကောင်းဆိုပါမည်...၊ မကြာမီစီမံကိန်းကြီးအကောင်အထည်ဖော်တော့မည်ဖြစ်သည့်အတွက် ယခုကဲ့သို့ထားရှိခြင်းသာဖြစ်ကြောင်း ဆိုလျှင်ဆိုပါဦးမည်။ သို့သော် ယခုကဲ့သို့အနုပညာတန်ဖိုးကြီးသော မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဖော်ညွှန်းသော လက်ရာအမွေအနှစ်တစ်ခုကိုဖြင့် ပြီးလွယ်၊ စီးလွယ်၊ လက်လွှတ်စပယ်မထားသင့်ပါဟု အကြံပြုပါရစေ။ သွန်းထုခဲ့သော ဆရာကြီး ဦးဟန်တင်မှာလည်း ကွယ်လွန်ခဲ့ပြီဖြစ်သည်။ နောင်ဒါမျိုးလက်ရာများ ထွက်ပေါ်လာနိုင်ရန်မှာလည်း လွန်စွာခဲယဉ်းသွားပြီ ဖြစ်ပါသည်။

သို့အတွက် မြန်မာတို့အတွက် ဂုဏ်ယူစရာမြန်မာ့ယဉ်ကျေးမှုကို ဖော်ညွှန်းသော ထိုကြေးသွန်းရုပ်တုကို တာဝန်ရှိသူတို့အနေဖြင့် တတ်စွမ်းသမျှ ထိန်းသိမ်းစောင့်ရှောက်သင့်ပါကြောင်း ယနေ့ရန်ကုန်မြို့မှ မြင်ကွင်းတစ်ရပ်အဖြစ် ဖော်ထုတ်တင်ပြလိုက်ရပါသည်။ ။

**❐ အကျယ်အဝန်း ၆၃ ဒသမ ၅ ဧက မြေတွင် မြန်မာ၊ တရုတ်၊ စင်ကာပူစသည့်နိုင်ငံကုမ္ပဏီများက လာရောက်ရင်းနှီးမြှုပ်နှံ ဆောက်လုပ်သွားကြမည် ဖြစ်သည်။ ဟိုတယ်များ၊ အထပ်မြင့် အိမ်ရာများ၊ ဈေးဝယ်စင်တာကြီးများအပြင် သစ်လွင်လှပ ခေတ်မီသော ဘူတာကြီးလည်း ပါဝင်မည်ဟုသိရ**

**❐ မြန်မာဒီဇိုင်းပညာရှင်နှင့် မြန်မာအင်ဂျင်နီယာနှစ်ဦးတို့ ပူးပေါင်းတည်ဆောက်ခဲ့သော ရန်ကုန်ဘူတာကြီးမှာ ယနေ့တိုင် တောင့်တင်းခိုင်မာစွာ၊ ခံ့ထည်စွာ၊ ကျက်သရေရှိစွာဖြင့် တည်ရှိနေတုန်းပင်ဖြစ်**

# ဈေးနှုန်းအသင့်အတင့်ကားများ အရောင်းအဝယ်အတန်ငယ်ဖြစ်လာသည့် ရန်ကုန်ကားဈေးကွက်

တစ်ပတ်အတွင်း ရန်ကုန် ကားဈေးကွက်

မင်းသော်




မော်တော်ကားဈေးကွက်အတွင်း ငွေကျပ် သိန်း ၁၂၀ မှ ၂၀၀ အကြား အင်ဂျင်ပါဝါနိမ့် ကားများ အရောင်းအဝယ် အနည်းငယ်တက်လာကြောင်း ကားလောကအတွင်းက သိရှိရသည်။ သို့သော် လက်ရှိတွင် ရန်ကုန်လိုင်စင်နှင့် စတိကားများ မရရှိနိုင်သေးသဖြင့် နယ်လိုင်စင်ကားများလည်း အရောင်းအဝယ် ယခင်ထက် အနည်းငယ်ပိုမိုများပြားလာသည်ကို မြင်တွေ့ရသည်။ စတိနံပါတ်ကားများ လိုချင်ကြသော်လည်း အရောင်းအဝယ်အေးနေပြီး ရန်ကုန်လိုင်စင်ချထားပေးမည့်အစီအစဉ်မှာလည်း လက်ရှိတွင် ငြိမ်သက်နေခြင်းကြောင့် မစောင့်ဆိုင်းနိုင်ကြသူများက အရောင်းအဝယ်ပြန်လည် လုပ်ကိုင်လာကြခြင်းဖြစ်သည်။

"ဒေါ်လာဈေးကလည်း မြင့်နေတော့ စတိနံပါတ်ကားတွေက ဈေးတွေ အလိုလိုတက်သွားကြတယ်။ ဒါကြောင့် ဝယ်သူနည်းပြီး ဂျပန်တစ်ပတ်ရစ်ကတော့ ဈေးက သိသိသာသာတက်သွားတာမျိုးမရှိဘူး။ ဒါကြောင့် အရောင်း အဝယ်နည်းနည်းရှိနေတယ်"ဟု ကားဝယ်ရောင်း ကိုကျော်ဇေယျာဝင်းက ပြောသည်။

လက်ရှိတွင် ဒေါ်လာဈေးမြင့်နေသဖြင့် ကားတင်သွင်းမှု လျော့ကျသွားပြီး ဒေါ်လာဈေးမြင့်တက်ခြင်းကြောင့် အခွန်နှုန်းထားများလည်း လိုက်လံမြင့်တက်သွားရာ စတိဝယ်ယူမည့်သူများ မရှိသလောက်ဖြစ်နေသည်။ ထို့ပြင် ပြည်တွင်းတွင် ထုတ်လုပ်သည့် CKD , SKD ကားများ လူစိတ်ဝင်စားမှု မြင့်တက်နေပြီး အရောင်းအဝယ် ယခင်ထက်စာပါက များစွာတိုးတက်လာကြောင်း ကားလောကအတွင်းမှ သိရသည်။

**ယခုသီတင်းပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် အနီးစပ်ဆုံးဈေးနှုန်းများ**

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| CRV | 2012 | စတိ | 2000cc | အပြင်ဈေး | ၆၂၀ |
| RVR | 2011 | ရန်ကုန် | 1800cc | အပြင်ဈေး | ၃၉၀ |
| Vitz | 2012 | နယ် | 1300cc | အပြင်ဈေး | ၁၅၉ |
| Crown | 2009 | ရန်ကုန် | 3000cc | အပြင်ဈေး | ၆၄၀ |
| Civic | 2007 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၇၀ |
| Insight | 2009 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၀၀ |
| Probox | 2008 | ရန်ကုန် | 1500cc | အပြင်ဈေး | ၁၅၅ |
| Fit | 2013 | ရန်ကုန် | 1300cc | အပြင်ဈေး | ၃၁၈ |
| AD Van | 2010 | ရန်ကုန် | 1500cc | အပြင်ဈေး | ၁၄၀ |
| Alphard | 2003 | ရန်ကုန် | 3000cc | အပြင်ဈေး | ၄၇၀ |

ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။

> **ဒေါ်လာဈေးကလည်း မြင့်နေတော့ စတိနံပါတ်ကားတွေက ဈေးတွေ အလိုလိုတက်သွားကြတယ်။ ဒါကြောင့် ဝယ်သူနည်းပြီး ဂျပန်တစ်ပတ်ရစ်ကတော့ ဈေးက သိသိသာသာတက်သွားတာမျိုး မရှိဘူး။ ဒါကြောင့် အရောင်းအဝယ် နည်းနည်းရှိနေတယ်**
>
> ကိုကျော်ဇေယျာဝင်း

စလစ်ဈေးများ အနည်းငယ်ကျဆင်းနေပြီး လက်ရှိတွင် သက်တမ်း နှစ် ၂၀ စလစ်မှာငွေကျပ် ၁၂၅သိန်းရှိပြီး တိုက်ကြေစလစ်မှာမူ ငွေကျပ် ၁၁၇သိန်းတွင် တန့်နေသည်။ "ဈေးကွက်က ပုံမှန်အရောင်းအဝယ်ကောင်းတာမျိုးတော့ မရှိပါဘူး။ ဒီရက်ပိုင်းမှာ နယ်အကြိုက်ကားလေးတွေ အရောင်းအဝယ်ပိုဖြစ်တယ်။ ကားဈေးတန့်နေတော့ နယ်ဝယ်လက် ပြန်ဆင်းလာတယ်။ ဒါကြောင့် နယ်လိုင်စင်ရော၊ ရန်ကုန်လိုင်စင် နံပါတ်အနိမ့်လေးတွေရော အရောင်းအဝယ် နည်းနည်းပြန်တက်လာပါတယ်"ဟု ကားဝယ်ရောင်းတစ်ဦးက ပြောသည်။

ယခုရက်ပိုင်းအတွင်း အရောင်းအဝယ်ဖြစ်နေသည့် ကားများမှာ မူလကတည်းက လူကြိုက်များ တန်ဖိုးနည်းကားများဖြစ်သော ဟွန်ဒါဖစ်၊ ဘယ်လ်တာ၊ ပရိုဘောက်စ်နှင့် ဗစ်ဇ်တို့ ဖြစ်ကြပြီး ပရိုဘောက်စ်ကားအများစုမှာ နီးစပ်ရာ နယ်ဝယ်လက်များ ပိုမိုသဘောကျဝယ်ယူကြပြီး ကျန်အမျိုးအစားများမှာ မြို့ပေါ်လူတန်းစားများ ရွေးချယ်ဝယ်ယူကြကြောင်း သိရသည်။

မိုးရာသီဖြစ်ခြင်းကြောင့် အရောင်းစင်တာများတွင်လည်း အရောင်းအဝယ်အားနည်းလျက်ရှိသည်။ သို့သော် မိုးရာသီပရိုမိုးရှင်းအစီအစဉ်များ ရေးဆွဲကာ အရောင်း အဝယ်မြင့်တက်ရန် ဆောင်ရွက်နေကြသည်ကိုလည်း မြင်တွေ့ရသည်။ "မိုးတွင်းကတော့ အရောင်းအဝယ်ပါးတတ်တယ်။ ဒါပေမယ့် အားလုံးသိပ်မသိကြသေးလို့ပါ။ မိုးတွင်းက ဝယ်လို့အကောင်းဆုံးကာလပဲ။ အရောင်းစင်တာတွေကလည်း အရောင်းထိုင်းတဲ့အချိန်မို့ တတ်နိုင်သလောက် လျှော့ပြီး ရောင်းပေးကြတယ်။ ဝယ်လက်ပါးတဲ့ အချိန်မို့ စိတ်ကြိုက်ရှာရတာ ပိုကောင်းတယ်"ဟု ဝေဇယန္တာလမ်းမပေါ်ရှိ ကားအရောင်းစင်တာတစ်ခုမှ တာဝန်ခံ ကိုကျော်စွာက ပြောသည်။ ။

အချုပ်ပို (ခ) မှ

ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ထိုနေရာတွင် စတုရန်းလေးထောင့်ပုံ လူကူးခုံးကျော်တံတားကြီးကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ထိုတံတားပေါ်မှ မြို့တော်ခန်းမ၊ ဆူးလေစေတီတော်၊ မဟာဗန္ဓုလပန်းခြံလွပ်လပ်ရေးကျောက်တိုင်၊ ဆူးလေစကွဲယားတာဝါ၊ ဆာကူရာ တာဝါနှင့် ရှန်ဂရီလာဟိုတယ်တို့ကို တွေ့မြင်နိုင်ရာ ရန်ကုန်မြို့၏ အလှနှင့်လိုက်ဖက်ညီစေလျက်မြို့ပြ၏ တိုးတက်ပြောင်းလဲလာ မှုကိုတစိမ့်စိမ့်ခံစားနိုင်သောနေရာလည်းဖြစ်သည်။ ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရန်ထိုလူကူးခုံးကျော်တံတားကြီးကို တည်ဆောက်ခဲ့ခြင်းဖြစ်သော်လည်း တံတားပေါ်ရှိ ပေါင်းမိုးအောက်လူသွားစင်္ကြံတွင် ဈေးသည်အချို့ဈေး ရောင်းချလျက်ရှိသည့်နည်းတူ ဆူးလေစကွဲယားနှင့်ကပ်လျက် တံတားအဆင်းတွင်လည်း တောင်းရမ်းသူတို့ကြောင့် တံတားပေါ်မှ ဖြတ်သန်းသွားလာသူတို့မှာ သွားလာရေးအနှောင့်အယှက် ဖြစ်လျက်ရှိသည်။

ဆူးလေမြောက်ဘက်မုခ်၊ မြို့တော်ခန်းမအနီးတွင်ရှိသော ကားမှတ်တိုင်တွင် မှန်လုံအဲယားကွန်းယာဉ်များ ဦးဒဟိုဝင်ထွက်သွားလာလျက်ရှိပြီး မြို့လယ်မှတ်တိုင်အင်္ဂါနှင့်အညီ တည်ဆောက်ထားရာ ခရီးသွားများအဆင့်မြင့်စွာဖြင့် နားခို၍ လိုရာခရီးကို စိတ်လက်ပေါ့ပါးစွာ သွားလာကြလျက်ရှိသည်။ ထိုနေရာတွင် ကော်ထိုင်ခုံဖြင့်ဈေးရောင်းခြင်း၊ ခရီးသွားများထိုင်ခုံတွင်ထိုင်၍ ဈေးရောင်းနေသောကြောင့် ရန်ကုန်မြို့လယ်နှင့်လိုက်ဖက်မှုမရှိသည်ကို တွေ့မြင်ရလျက်ရှိသည်။ ရန်ကုန်မြို့လယ်တွင် အများပြည်သူနှင့်နိုင်ငံခြားသားများ စိတ်အပန်းဖြေနိုင်ရန် ရုံးပိတ်ရက်တို့တွင် စင်တင်ဂီတပွဲများ၊ တစ်ကိုယ်တော်စန္ဒရား၊ တယော၊ မြန်မာ့ဆိုင်းဝိုင်းနှင့် တွဲစပ်ထားသော တီးဝိုင်းများဖြင့် ဖျော်ဖြေရေးအစီအစဉ်အဖြစ် ဖော်ဆောင်နိုင်ပါက ရန်ကုန်မြို့ရှိ ပြည်သူနှင့် နိုင်ငံခြားခရီးသွားတို့အတွက် စိတ်အပန်းဖြေရာနေရာ တစ်ခုအဖြစ်ပေါ်ထွန်းလာမည် ဖြစ်သည်။ ယင်းသို့ဖော်ဆောင်နိုင်ပါက ယခုလာမည့် ပွင့်လင်းရာသီတွင် နိုင်ငံခြားသားခရီးသွားလုပ်ငန်းကို ပို၍ဆွဲဆောင်နိုင်စေမည် ဖြစ်သည်။

ရန်ကုန်မြို့လယ်၏ မြို့ပြယဉ်ကျေးမှုနှင့်ရှေးဟောင်းအမွေအနှစ်များစုစည်းရာ မြို့တော်ခန်းမကြီးတစ်ဝိုက်သည် ရန်ကုန်မြို့၏ အဓိကနေရာတစ်ခုဖြစ်သောကြောင့် ပို၍သန့်ရှင်း သာယာလှပခေတ်မီရန်လိုအပ်လာပြီဖြစ်သည်။ အထူးသဖြင့် နိုင်ငံခြားသားခရီးသွားများ လည်ပတ်ရန်နေရာ တစ်ခုဖြစ်သည့်အတွက် သန့်ရှင်းသာယာလှပသောနေရာတစ်ခုအပြင် ခေတ္တနားခိုအပန်းဖြေရာနေရာတစ်ခုအဖြစ် မြို့ပြအင်္ဂါနှင့်အညီ ဖော်ဆောင်နိုင်ပါက ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ တိုးတက်ပြောင်းလဲမှု၏ အသီးအပွင့်ကို မြို့ပြနေပြည်သူတို့ ခံစားရရှိစေမည်ဖြစ်သည်။

လွန်ခဲ့သောနှစ် ၇၀ ကျော်က မြို့တော်ခန်းမနှင့် ဆူးလေစေတီတစ်ဝိုက်သည် အထင်ကရနေရာများဖြစ်ခဲ့ပြီး ကိုလိုနီလက်ထက်က စီးပွားရေးအရ၊ စစ်ရေးအရ အရေးပါသော ရုံးစိုက်ရာနေရာလည်း ဖြစ်ခဲ့သည်။ ဤနေရာသည် ရန်ကုန်မြို့ပြ၏ မြို့လယ်နေရာပင်ဖြစ်သည်။ စိမ်းလန်းစိုပြည်လျက်ရှိသော မဟာဗန္ဓုလပန်းခြံကြီးအတွင်း လွတ်လပ်ရေးကျောက်တိုင်ကြီးမှာ ဝင့်ကြွားစွာတည်ရှိနေပြီး မျက်နှာချင်းဆိုင်ရှိ မြို့ပြကျက်သရေဆောင်ဖြစ်သော မြို့တော်ခန်းမကြီးမှာလည်း ကိုလိုနီလက်ရာအမွေအနှစ်အဖြစ် ကျန်ရစ်လျက်ရှိရာ ရန်ကုန်မြို့တွင် ဤနေရာသည်သာ မြို့ပြအလှကိုထိမိစွာ ဖော်ဆောင်ပြသနိုင်သောနေရာ တစ်ခုဖြစ်သောကြောင့် မြို့ပြအင်္ဂါနှင့်အညီ ပြုပြင်ပြောင်းလဲမှုကို ဝိုင်းဝန်းဖော်ဆောင်ကြပါစို့ဟု ရေးသားလိုက်ရပါသည်။

ရန်ကုန်မြစ်ချောင်းကဏ္ဍ အမေ့ခံမရ မှ

တွံတေးတူးမြောင်းက ဆင်းပြီး ရန်ကုန်မြစ်ကတစ်ဆင့် ပင်လယ်ထဲရောက်တယ်။ တိုးမြစ်ကနေ တောက်လျှောက်စီးဆင်းပြီးတော့ပင်လယ်ထဲကိုသွားတာရှိတယ်။ တကယ်လို့သာ တူးမြောင်းကြီးက ဒီထက်ပိုပြီးအစားခံရရင် တိုးမြစ်တောင် တဖြည်းဖြည်းတိမ်ကောသွားပြီး ဖြတ်လမ်းဖြစ်တဲ့ တူးမြောင်းကနေသွားတဲ့ အနေအထားဖြစ်လာနိုင်ပါတယ်။ ရေရဲ့သဘောက တိုတဲ့ဘက်က ပိုစီးတယ်။ လျှောစောက်အနိမ့်အမြင့် ကွာဟချက်များတဲ့ဘက်က စီးတာဖြစ်တဲ့အတွက် ဒီဘက်က အဲဒီသဘာဝရှိနေတော့ ဒီဘက်ကိုပဲ ရေကစီးချင်တယ်။ အဲဒါကိုလည်း ထိန်းကျောင်းပေးဖို့ လိုတာဖြစ်တဲ့အတွက် တွံတေးတူးမြောင်းကို ပထမဦးစားပေးအနေနဲ့ ဆောင်ရွက်ပါတယ်။

"ဒုတိယအနေနဲ့က ငမိုးရိပ်ချောင်းပေါ့။ ငမိုးရိပ်ချောင်းကျတော့ မြို့လယ်ထဲဖြတ်ပြီး စီးဆင်းတဲ့ချောင်း၊ မြို့လယ်ဖြစ်တဲ့အတွက် နှစ်ဖက်လုံးမှာက မြို့ပြဧရိယာဖြစ်နေတယ်။ နည်းနည်းလေးတိုက်စားတာနဲ့ ဆုံးရှုံးမှုက ပိုပြီးကြီးတယ်။ ငါးမာန်အောင်ဖြတ်လမ်းဆိုရင် လမ်းတောင်ပါတော့မယ့် အနေအထားဖြစ်လာတယ်။ ငမိုးရိပ်ချောင်းမှာဆိုရင် အကွေ့က ၂၅ ကွေ့တောင်ကျော်တယ်။ ရေရဲ့သဘောကအကွေ့တွေမှာအစားခံရတယ်။ ဒါကြောင့် ဦးစားပေးအစီအစဉ်ဆောင်ရွက်တဲ့အခါမှာ ငမိုးရိပ်ချောင်းကို ဒုတိယဦးစားပေးမှာထည့်တယ်။ ဦးစားပေးထဲမှာတောင်မှ ဘယ်ကွေ့တွေကိုစတင်ဆောင်ရွက်မယ်ဆိုတဲ့ ငါးနှစ်နဲ့ စီမံချက်ဆွဲလိုက်ပြီး မနှစ်ကဆိုရင် ကွေ့ငါးကွေ့ဆောင်ရွက်ပြီးပြီ။ နောက်နှစ်တွေမှာလည်းတစ်နှစ်တစ်နှစ်ကိုငါးကွေ့စီ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

"အခြားမြစ်တွေလည်း ပြိုတာပဲ။ ပဲခူးမြစ်လည်း ပြိုတယ်။ ရန်ကုန်ရဲ့အထက် လှိုင်မြစ်လည်းပြိုတယ်။ လှိုင်မြစ်ကနေဆက်စပ်သွားတဲ့ အထက်ပိုင်းက ကုက္ကိုဝမြစ်လည်း ပြိုတယ်။ ပြိုတာကတော့ အားလုံးပြိုနေတာ။ ပြိုတဲ့အနေအထားတွေထဲမှာ ဘယ်ဟာက အခြေအနေပိုဆိုးသလဲ၊ ဦးစားပေးမှာထည့်သင့်သလဲဆိုတဲ့ ဦးစားပေးအဆင့်အလိုက်ခွဲပြီး ဘတ်ဂျက်တွေကို တင်ပြတောင်းခံပြီးလွှတ်တော်ကိုယ်စားလှယ်တွေရဲ့အတည်ပြုချက်၊ ဒေသတွေရဲ့လိုအပ်ချက်၊ နိုင်ငံတော်ဘက်ကနေခွဲဝေပေးနိုင်တဲ့ငွေပမာဏ၊ ဒီရန်ပုံငွေကိုချိန်ဆပြီးအဆင့်လိုက် ဆောင်ရွက်နေကြပါတယ်" ဟု ပြောကြားသည်။

သဘာဝအတိုင်းစီးဆင်းနေသော မြစ်ချောင်းများပင် ဖြစ်လင့်ကစား လူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို တိုက်ခိုက်ရန် အရှိန်ယူစပြုနေပြီ ဖြစ်သည်။ မြစ်ကမ်းချောင်းကမ်းပါးတို့၌ နေထိုင်သူတို့ကား ထိုအတိုက်အခိုက်ဒဏ်ကိုခံစားခဲ့ရသည်မှာ နှစ်အတန်ကြာပြီ ဖြစ်သည်။ မီးလောင်မှု၊ ရေကြီးရေလျှံမှုများကနောက်ဆုံးအနေဖြင့် မိမိပိုင်မြေ ပြန်ရနိုင်သော်လည်း မြစ်ကမ်းချောင်းကမ်းဘေးတွင် နေထိုင်မိ၍ ရေတိုက်စားပြီး မြေပြိုပါက လက်ဗလာဖြင့်သာ ဘဝကိုရုန်းကန်ကြရမည်။ မြစ်ကမ်းပါးတစ်လျှောက်နေထိုင်ကြသော ပြည်သူများအနေဖြင့် မြစ်ထဲ၌ ပေါ်လာသောမြေနုကျွန်း၊ သဲသောင်များကိုလည်း အလျင်စလိုကြံ့ရာကျပန်းမလုပ်ကိုင်သင့်ဘဲအချိန်မရွေးဖြစ်ပေါ်လာနိုင်သည့် ရေဘေးအန္တရာယ်ကို ကြည့်ရှုလုပ်ကိုင်ရန် လိုအပ်သည်။

ရန်ကုန်မြစ်ချောင်းများနံဘေးတွင် စနစ်တကျကာကွယ်မှုများ ပြုလုပ်ရန်လိုအပ်လျက်ရှိပြီး နေထိုင်သူတို့ကို ရေနှင့်ပတ်သက်၍ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များ နှိုးဆော်မှုများ ပြုလုပ်ပေးရန် လိုအပ်လှသည်။ထို့ပြင် မြစ်ကမ်းချောင်းဘေးတွင် ဒီရေတောများ၊ သစ်ပင်ကြီးငယ်များကို ပြန်လည်ပြုစုပျိုးထောင်စိုက်ပျိုးရန် လိုအပ်သည်။ သို့မှသာ ရန်ကုန်မြစ်ချောင်းများနံဘေးတွင် ပန်းခင်းများဖြင့် သာယာလှပလာပေလိမ့်မည်။